




# The VOICE Daily

Vol. 5 / No. 290 | Established in 2004 | ၁၃၇၉ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၊ (Friday, March 16, 2018)







# သင်္ကြန်သံချပ်များ ရန်ကုန်တိုင်းအစိုးရထံ

# မတ်လ ၂၈ ရက် နောက်ဆုံးထား စိစစ်ခံရမည်

**ရန်ကုန်၊ မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ်သင်္ကြန်အတွက် ဖျော်ဖြေမည့် သံချပ်အဖွဲ့များအနေနှင့် သီချင်း၊ သံချပ်များကို ကြိုတင်စိစစ်နိုင်ရန် ရန်ကုန်တိုင်းအစိုးရအဖွဲ့ မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ကြပ်မတ်ရေးလုပ်ငန်းကော်မတီသို့ မတ်လ ၂၈ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း အဆိုပါကော်မတီထံမှ သိရှိရသည်။

မဟာသင်္ကြန်ပွဲတော်ဖျော်ဖြေတင်ဆက်မည့် သံချပ်အဖွဲ့များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိခိုက်မှုမရှိစေရန်နှင့် ဘာသာရေး၊ လူမျိုးရေး ထိခိုက်စေ စာ 2

**ပထမဆုံး ရန်ကုန်လမ်းလျှောက်သင်္ကြန် နေရာသုံးခုတွင် ကျင်းပမည်** စာ 3



ဓာတ်ပုံ – ဝင်းထွန်းနိုင်

# “ လက်ရှိအချိန်မှာတော့ မင်းသားရဲ့မျက်နှာကို ရောင်းရတဲ့ ဈေးကွက်ဖြစ်ပါတယ်”

## ဝါရင့်သရုပ်ဆောင် ဆွေဇင်ထိုက်နှင့် တွေ့ဆုံခြင်း စာ 18

# ကျောက်စိမ်းလိုဏ်ဂူ သင်္ကြန်အကြိုနေ့ စဖွင့်ရန်စီစဉ်

**မန္တလေး၊ မတ် ၁၅**



ဓာတ်ပုံ – မြတ်မင်း

စာ 11

ကျောက်စိမ်းလိုဏ်ဂူသည် အမရပူရရှိ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကြီး ပရိဝုဏ်အတွင်း၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်

**လပွတ္တာတွင် လှေတစ်စင်းနစ်မြုပ်၊ လေးဦးသေဆုံး** စာ 2


**ရန်ကုန်-မန္တလေး အမြန်လမ်း ADB ချေးငွေဖြင့် အဆင့်မြှင့်မည်** စာ 26

**ဦးပိန်တံတား တိုင်လုံးများ၏ခံနိုင်ရည်ကို ဂျာမနီနည်းပညာရှင်များ စစ်ဆေးမည်** စာ 10

**ငွေအတုများရောထည့်ချေးသည့် ငွေချေးလုပ်ငန်း ဝန်ထမ်းနှစ်ဦးကို ဖမ်းမိ** စာ 12

**အလျား ၁၁ ပေခန့်ရှိ စည်တော်ကြီး ထွင်းထု** စာ 26


# လေပွေလှိုင်းများကြောင့် ဒေသအချို့ အချိန်အခါမဟုတ် မိုးရွာမည်

**ရန်ကုန်၊ မတ် ၁၅**

အနောက်ဘက်မှ ရွေ့လျားလာသည့် လေပွေလှိုင်းများ၏အရှိန်ကြောင့် နောက်သုံးရက်အတွင်း နေပြည်တော်အပါအဝင် မန္တလေးတိုင်းဒေသကြီးနှင့် ဒေသအချို့တွင် အချိန်အခါမဟုတ် မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါလေပွေလှိုင်းများအရှိန်ကြောင့် မတ်လ ၁၆ ရက်နေ့မှစ၍ ၁၈ ရက်နေ့အထိ နေပြည်တော်အပါအဝင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စာ 6




# စည်ပင်ဥပဒေကြမ်း အတည်ပြုရေး အမြန်ဆုံးဆောင်ရွက်ရန် ရန်ကုန်ဝန်ကြီးချုပ် တိုက်တွန်း

**ရန်ကုန်၊ မတ် ၁၅**

ကန့်ကွက်မှုများ ရှိနေသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကြမ်း အတည်ပြုနိုင်ရေး အမြန်ဆုံးဆောင်ရွက်ကြရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် တိုက်တွန်းခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မတ်လ ၁၄ ရက်က တိုင်းဒေသကြီးလွှတ်တော်တွင် တွေ့ဆုံခဲ့ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို ရှင်းလင်းခဲ့ပြီးနောက် အဆိုပါ ရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ် သည်။

မြို့တော်စည်ပင်ကို စီးပွားရေးအဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည့် ပြဋ္ဌာန်းချက်များ ပါဝင်လာသည့် ၂၀၁၈ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥပဒေကြမ်းကို ဖေဖော်ဝါရီလ ၂ ရက်က ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းလွှတ်တော်အစည်းအဝေးတွင် တိုင်းအစိုးရအဖွဲ့က လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးရခြင်း မရှိသေးသော်လည်း ကိုယ်စားလှယ်အများစုက ယင်းသို့ စီးပွားရေးအဖွဲ့အဖြစ် ပြောင်းလဲမည့် သဘောထားကို သဘောကျကြခြင်း မရှိပေ။

ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်များ၏ တွေ့ဆုံပွဲတွင် အစိုးရအဖွဲ့က တင်ထားသည့် ဥပဒေကြမ်းကို ပြင်ဆင်စရာရှိသည်များကို မြန်မြန်ဆန်ဆန် ပြင်ဆင်ရန်နှင့် အစိုးရက လုပ်ဆောင်သွားမည့် စည်ပင်အဖွဲ့တည်ဆောက်ပုံများကို အစိုးရအဖွဲ့က ရှင်းလင်းပြောကြားခဲ့ကြောင်း အဆိုပါ တွေ့ဆုံပွဲတွင် ပါဝင်သည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာက အကျိုးအမြတ်ရရှိသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ပြီး ထိုမှရရှိလာသည့် အကျိုးအမြတ်များဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းကို ရှင်းလင်းသွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

"သူက စည်ပင်သာယာဥပဒေကို အမြန်ဆုံးလေး အကောင်အထည်ပေါ်စေချင်တယ်။ ပြီးတော့သူတို့ လုပ်ချင်တဲ့ဟာတွေကိုလည်း လာရှင်းပြတာ၊ ကျွန်တော်တို့ကတော့ ဥပဒေရဲ့အားနည်းချက်တွေကို လွှတ်တော်ထဲရောက်မှ ဆွေးနွေးတော့မယ်" ဟု ၎င်းက ဆိုသည်။

ဆဋ္ဌမပုံမှန်လွှတ်တော်အစည်းအဝေးသည် ယခုလ (မတ်လ) အတွင်း ပြီးစီးဖွယ်ရှိသောကြောင့် အဆိုပါ စည်ပင်သာယာရေးဥပဒေကြမ်းသည် အမြန်ဆုံး အတည်ပြုနိုင်ရန် မရှိကြောင်း ဒဂုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောကြားသည်။

"ပထမတော့ အတည်ပြုနိုင်မယ်ထင်တာ။ ကျွန်တော်တို့က လေ့လာရင်းလေ့လာရင်းနဲ့ ဒီဥပဒေက တစ်ခုလုံးနီးပါးကို ပြင်ရမယ့် ဥပဒေကြီးဖြစ်နေတယ်လို့ ကျွန်တော်တို့က စဉ်းစားတာ။ ဒါပြီးမှပဲ ရွေးကောက်ပွဲ (စည်ပင်သာယာ) လုပ်မှာကို။ ရွေးကောက်ပွဲ လုပ်ဖို့ရက်လည်း သိပ်မရှိတော့ဘူး။ အတည်ပြုပြီးရင်လည်း နည်းဥပဒေက သုံးလလောက် ကြာဦးမှာ" ဟု ၎င်းက ဆိုသည်။



ဓာတ်ပုံ - အောင်နိုင်

ရန်ကုန်တိုင်းဒေသကြီး အစိုးရက တင်သွင်းခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကြမ်း၏ အခန်း(၆) တွင် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန် အာဏာပိုင်အဖွဲ့များ၊ ဌာနများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို ဖွဲ့စည်းခြင်းများ ပြုလုပ်ရမည်ဟု ဖော်ပြထားသည်။

စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများတွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အပန်းဖြေလုပ်ငန်းများနှင့်အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု ဖော်ပြထားသည်။

ရန်ကုန်တိုင်းဒေသကြီး ဥပဒေကြမ်းကော်မတီကလည်း အဆိုပါ အခန်း(၆) တွင် ပါဝင်သည့် အာဏာပိုင် အဖွဲ့အစည်းများ၊ ဌာနများနှင့် စီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းခြင်းခေါင်းစဉ်အောက်တွင် အဆိုပါ အဖွဲ့အစည်းများအတွက် ရှင်းလင်းသော ဖွဲ့စည်းပုံကို ရေးဆွဲထားခြင်း မရှိကြောင်း သုံးသပ်ထားသည်။ ■ J-08

# လပွတ္တာတွင် လှေတစ်စင်းနစ်မြုပ်၊ လေးဦးသေဆုံး

**ပုသိမ်၊ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရေတွင်းဆိပ်ကျေးရွာအနီး သောင်ဒူမြစ်တွင်း၌ မတ်လ ၁၅ ရက်နေ့ နံနက် သုညနာရီ ၃၀ မိနစ်ခန့် (ညသန်းခေါင်) က လေပြင်းတိုက်ခတ်ခဲ့၍ လှေတစ်စင်း တိမ်းမှောက်နစ်မြုပ်ပြီး လှေပေါ်ပါလာသူ လေးဦးသေဆုံးခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ရေတွင်းဆိပ်ရွာ၏ သောင်ဒူမြစ်တစ်ဖက်ကမ်းတွင် အလုပ်လုပ်ရန် ဂေါက်ချွန်းလှေ စက်လှေအမျိုးအစားဖြင့် အိမ်ထောင်ပရိဘောဂများကိုတင်ဆောင်၍ မိသားစုဝင်ခြောက်ဦးက မြစ်အားဖြတ်ကူးစဉ် လေပြင်းတိုက်ခတ်၍ လှိုင်းကြီးလာပြီး တိမ်းမှောက်နစ်မြုပ်သွားခြင်း ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုရဲမှူးကြီး ခင်မောင်လတ်က ပြောကြားသည်။

အဆိုပါကျေးရွာတွင် နေထိုင်ကြသော ဒွေးဝင်း ၄၄ နှစ်နှင့် ဇနီးဖြစ်သူ မအနော်င်း ၃၆ နှစ်၊ သားသမီးများဖြစ်ကြသော မောင်ဖိုးသကြ်န် ၁၄ နှစ်၊ မပြည့်ဖြိုးခိုင် ၆ နှစ်၊ မခက်ခက်ခိုင် ၃ နှစ်၊ မချစ်ချစ်ထွေး ၆ လ တို့လိုက်ပါလာရာ ဇနီးဖြစ်သူနှင့် သမီးများဖြစ်သော မပြည့်ဖြိုးခိုင်၊ မခက်ခက်ခိုင်၊ မချစ်ချစ်ထွေးတို့ သေဆုံးခဲ့ကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပြင်စလူနယ်မြေရဲစခန်းက သေမှုသေခင်းရေးဖွင့်ကာ စစ်ဆေးလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■ R-12

မျက်နှာဖုံး - သင်္ကြန်သံချပ်များ ရန်ကုန်တိုင်းအစိုးရထံမှ အဆက်

သည့် အသုံးအနှုန်းများ မပါဝင်စေရေးနှင့် နိုင်ငံတော်၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် သဘောမျိုးမပါရှိစေရေး၊ ရိုင်းပျသည့် အသုံးအနှုန်း၊ ဟန်ပန်အမူအရာများ မပါရှိစေရေးစသည့် အချက်တို့ကို ခွင့်ပြုမည်မဟုတ်ကြောင်း ရန်ကုန်မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ကြပ်မတ်ရေးလုပ်ငန်းကော်မတီက ကြေညာထားသည်။

"သင်္ကြန်မှာ ဖျော်ဖြေမယ့် သံချပ်အဖွဲ့တွေအနေနဲ့ ခွင့်ပြုချက်ပြင်ပကျော်လွန်တဲ့ သံချပ်စာသားတွေကို တိုက်ခွင့်မရှိပါဘူး။ သံချပ်တွေကိုကော်မတီကစိစစ်ပြီး ခွင့်ပြုသွားပါမယ်"ဟု မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ် ကြပ်မတ်ရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

သင်္ကြန်အတွက် ဖျော်ဖြေကြမည့် သံချပ်အဖွဲ့များအနေဖြင့် သံချပ်စာသားများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံသို့ သတ်မှတ်ရက်အတွင်း လာရောက်တင်ပြရမည်ဖြစ်ကြောင်း မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ကြပ်မတ်ရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

"ကျွန်တော်တို့အဖွဲ့က ရန်ကုန်အခြေစိုက်က ကျောင်းတွေရယ်၊ နယ်ကျောင်းတွေက ပါဝင်ချင်တဲ့ ကျောင်းသားတွေစုပေါင်းပြီးတော့ လူအင်အား၅၀နဲ့ ဖျော်ဖြေပါမယ်။ ကျွန်တော်တို့ ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့က ၂၀၁၃ခုနှစ်ထဲက စထွက်လာတာပါ။ ဒီအချိန်ထိကို ဘယ်အစိုးရဆီကိုမှ ကျွန်တော်တို့သံချပ်တွေကိုဆင်ဆာတင်ခဲ့ခြင်း မရှိပါဘူး။ ကျွန်တော်တို့က သံချပ် တွေကို စိစစ်ရေးကို တင်စရာမလိုဘူးလို့ ခံယူထားပါတယ်"ဟု တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ကိုပိုင်ရဲသူက ဆိုသည်။

သို့သော် ပြည်သူ့မော်ကွန်းသံချပ်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးစိန်ဝင်းကမူ "သံချပ်စိစစ်တယ်ဆိုတာ ကောင်းပါတယ်။ ထိခိုက်တာမပါဘဲနဲ့ အနုပညာဆန်တဲ့ သွယ်ဝိုက်တဲ့နည်းတွေနဲ့ ဖျော်ဖြေတာကောင်းပါတယ်။ ဒီနှစ်မှာ အင်အား အဖွဲ့အယောက် ၅၀နဲ့ သံချပ်ကို ဖျော်ဖြေသွားမယ်။ အမျိုးသားပြုပြင် ပြောင်းလဲရေး၊ လူငယ်ထုရဲ့ အတွေးအခေါ် မြှင့်တင်ရေးတွေကို ချပြဖျော်ဖြေသွားမယ်"ဟု ဆိုသည်။

၂၀၁၅ ခုနှစ်သင်္ကြန်တွင် သံချပ်အဖွဲ့ ၁၈ဖွဲ့၊ ၂၀၁၆ ခုနှစ်သင်္ကြန်တွင် သံချပ်အဖွဲ့ ၂၀ ကျော်၊ ၂၀၁၇ ခုနှစ်သင်္ကြန်တွင်လည်း သံချပ်အဖွဲ့ ၂၈ ဖွဲ့နှင့် ယခုနှစ်သင်္ကြန်တွင်လည်း သံချပ်အဖွဲ့ ၂၀ ကျော် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သံချပ် ဖျော်ဖြေရေးအဖွဲ့များထံမှ သိရှိရသည်။ ■ J-10

MIHARA
Travels & Tours
3 to 45 CAR RENTAL SERVICES
Ph: 09-5025400, 09-5009552, 09-49218700

# ပထမဆုံး ရန်ကုန်လမ်းလျှောက်သင်္ကြန် နေရာသုံးခုတွင် ကျင်းပမည်

**ရန်ကုန်၊ မတ် ၁၅**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပထမဆုံးအကြိမ် စတုဒိသာနှင့်လမ်းလျှောက်သင်္ကြန်ကို ရန်ကုန်မြို့ရှိ နေရာသုံးခုတွင် ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အကြီးတန်းအရာရှိရာစ်ဦးက ပြောကြားသည်။

အဆိုပါ စတုဒိသာ၊ လမ်းလျှောက်သင်္ကြန်ကျင်းပမည့်နေရာသုံးနေရာမှာ မဟာဗန္ဓုလပန်းခြံ၊ ကန်တော်ကြီး မြေပဒေသာကျွန်း၊ ကန်တော်မင်ပန်းခြံတို့တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် သခင်မြပန်းခြံတွင် စတုဒိသာ ကျွေးမွေးမည်ဖြစ်ကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

"ဒီနှစ် ရန်ကုန်မှာ ပထမဆုံးအနေနဲ့ လမ်းလျှောက်သင်္ကြန်ကို ကျင်းပတာပါ။ သုံးနေရာမှာတော့ လမ်းလျှောက်သင်္ကြန်ပေါ့။ သခင်မြပန်းခြံမှာတော့ စတုဒိသာကျွေးမယ်။ လမ်းလျှောက်သင်္ကြန် သုံးနေရာမှာလည်း စတုဒိသာ ကျွေးမွေးပါမယ်။ အချိန်ကတော့ မသိရသေးပါဘူး" ဟု ၎င်းက ဆိုသည်။

ယခုနှစ်မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ပထမဆုံးအကြိမ်ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်ကို သင်္ကြန်အကြိုနေ့မှစတင်ကာ သင်္ကြန်အတက်နေ့အထိ လေးရက်တိုင်တိုင် ပြုလုပ်မည်ဖြစ်ကြောင်းနှင့် အင်းလျားလမ်းတွင် လမ်းလျှောက်သင်္ကြန် ကျင်းပမည်ဆိုခြင်းမှာ မဟုတ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ဦးသိန်းစိန်အစိုးရလက်ထက်က ကန်တော်ကြီးပတ်လမ်း၊ အင်းလျားလမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဝေဇယန္တာလမ်းမကြီးတို့တွင် စီးပွားဖြစ်မဏ္ဍပ်များကို ခွင့်ပြုခဲ့သော်လည်း ယခုအစိုးရလက်ထက်တွင် မိသားစုမဏ္ဍပ်များကိုသာ ခွင့်ပြုပေးခဲ့ပြီး ကန်တော်ကြီးပတ်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့တွင် စီးပွားဖြစ် မဏ္ဍပ်များကို ဆောက်ခွင့်မပေးကြောင်းနှင့် ယခုနှစ်တွင် ပြည်လမ်းတွင် စီးပွားဖြစ်မဏ္ဍပ်များကို ခွင့်ပြုရန်စီစဉ်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

■ J-10




# သင်္ကြန်ကာလမြစ်ဆုံအပါအဝင်လူအများလည်ပတ်မည့် နေရာများတွင် လုံခြုံရေးကြပ်မတ်မည်

**မြစ်ကြီးနား၊ မတ် ၁၅**

ဧရာဝတီမြစ်ဆုံ အပါအဝင် လူအများစုလာရောက် လည်ပတ်နိုင်သည့် နေရာများ၌ သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုမရှိစေရန် လုံခြုံရေးကို ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

သင်္ကြန်ကာလအတွင်း အထူးသဖြင့် ပြည်သူများ အများဆုံးလည်ပတ်နိုင်သည့် မြစ်ဆုံ၊ အောင်မြင်သာ အပန်းဖြေရေကစားအိုင်နှင့် ကရိန်နော် အပန်းဖြေရိပ်သာများတွင် အထူးကြပ်မတ်စောင့်ကြည့်ဆောင်ရွက်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးပထမတန်းအရာရှိ ဒုတိယရဲမှူးကြီး မျိုးသူရနောင်က ပြောကြားသည်။

ထို့ပြင် မြစ်ကြီးနားမြို့နယ်အတွင်းရှိ အများပြည်သူလူထုထပ်သော နေရာများ၊ အပန်းဖြေနေရာများနှင့် သင်္ကြန်မဏ္ဍပ်များ အနီးဝန်းကျင်တစ်လျှောက် မှုခင်းများမဖြစ်ပွားအောင်နှင့် ဖြစ်ပွားပါက အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် စီစဉ်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"လုံခြုံရေးဆောင်ရွက်တဲ့ အပိုင်းမှာတော့ အမျိုးမျိုးရှိတယ်ပေါ့။ မဏ္ဍပ်တွေမှာရှိတယ်။ လမ်းကြောင်းတွေ စသဖြင့် လုပ်သွားမယ်။ ပြီးတော့ ရေကစားတဲ့နေရာမှာရော အရေးပေါ်ဖြစ်လို့ရှိရင် ကယ်ဆယ်နိုင်အောင် ပြင်ဆင်ဆောင်ရွက်သွားမယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါ ကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့်ကိစ္စနှင့် ပတ်သက်၍ အစီအမံများကို ရေးဆွဲနေဆဲဖြစ်ပြီး လုံခြုံရေးအသုံးပြုမည့် အင်အားကိုလည်း ရဲတပ်ဖွဲ့၏ သုံးပုံနှစ်ပုံခန့်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များတွင်လည်း လုံခြုံရေးနှင့် ပတ်သက်၍ စောင့်ကြည့်နိုင်ရန်အတွက် စောင့်ကြည့်ကင်မရာ စီစီတီဗီများကို တပ်ဆင်ကြရန် အကြံပြုတိုက်တွန်းထားကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်သင်္ကြန်ကာလအတွင်း မြစ်ကြီးနားမြို့နယ်တွင် သက်ငယ်မုဒိမ်းမှု တစ်မှု၊ ယာဉ်တိုက်မှု သုံးမှုဖြစ်ပွားခဲ့ကာ နှစ်ဦးသေဆုံးခဲ့ပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလတွင် ရွှေကူမြို့မှ လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ပြီး မြစ်ဆုံ၌ အမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း ယင်းရုံးထံမှ သိရသည်။

■ R-06

# ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ဝင်းအတွင်း မီးလောင်ဗုံးပစ်သူကို ရုံးထုတ်

**ရန်ကုန်၊ မတ် ၁၅**

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ဝင်းအတွင်းသို့ မီးလောင်ဗုံးပစ်သူ အသက် ၄၈ နှစ်အရွယ် ဦးဝင်းနိုင်ကို မတ်လ ၁၄ ရက်နေ့ နံနက် ၁၁ နာရီခွဲခန့်က ယင်းမြို့နယ်တရားရုံးတွင် ရုံးထုတ်စစ်ဆေးခဲ့သည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၁)ရပ်ကွက်၊ အောင်သစ္စာလမ်းတွင် နေထိုင်သူ ဦးဝင်းနိုင်သည် ဖေဖော်ဝါရီလ ၁ ရက်နံနက် ၆ နာရီခန့်က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်ဆောင်ဆန်းစုကြည်၏ နေအိမ်အပြင်ဘက် လမ်းမပေါ်မှ အုတ်တံတိုင်းကိုကျော်၍ ခါတ်ဆီနှင့် လောင်စာများထည့်ထားသော ပုလင်းကို မီးညှိ၍ ပစ်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းကြောင့် ခြံအတွင်းစားဖိုဆောင်အပြင်ဘက်ရှိ ရေပိုက်တစ်ချောင်းနှင့်စားဖိုဆောင်နံရံတို့ မီးစွဲလောင်ကျွမ်းခဲ့သည်။

"တရားလို ရဲအရာရှိနဲ့ တရားလိုပြသက်သေနှစ်ဦး စစ်ဆေးခဲ့တယ်။ မနက် ၁၁ နာရီခွဲလောက်ကနေ ၁၂ နာရီ လောက်အထိစစ်ဆေးခဲ့တယ်။ ဆက်လက်စစ်ဆေးနိုင်ဖို့ မတ်လ ၂၈ ရက်နေ့ကို ပြန်ချိန်းထားပါတယ်" ဟု ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ဦးဝင်းနိုင်ကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဖေဖော်ဝါရီလ ၂ ရက် နံနက် ၃ နာရီခန့်တွင် ၎င်း အလုပ် လုပ်ကိုင်နေသည့် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ မြကျွန်းသာရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဖမ်းဆီးနိုင်ခဲ့ပြီး ဗဟန်းမြို့မရဲစခန်းက (ပ)၆၄/၁၈၊ ရာဇသတ်ကြီးပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့်ဆောင်ရွက်ကာ တရားစွဲဆို စစ်ဆေးနေခြင်းဖြစ်သည်။

၎င်းမှာ စိတ်ကျန်းမာရေးမကောင်းသဖြင့် ၃၁ ရက် ၇ လ ၂၀၁၃ ခုနှစ်က တစ်ကြိမ်၊ ၂၁ ရက် ၄ လ ၂၀၁၆ ခုနှစ်က တစ်ကြိမ်၊ ၂၉ရက် ၁၂ လ ၂၀၁၆ ခုနှစ်က တစ်ကြိမ် ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ရသူတစ်ဦးဖြစ်ကြောင်း၊ အခင်းဖြစ်နေအိမ်တွင် နေထိုင်သူများက ၎င်းကို မော်ပညာဖြင့် ပြုစားခံထားရပြီး အနံ့ဆိုးများ ပေးနေ၍ အိပ်မရသဖြင့် မခံမရပ်နိုင်ဖြစ်ပြီး မီးရှို့ဖျက်ဆီးရန် ကြံစည်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထွက်ဆိုထားသည်ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ J 16

**ကျော်ငြာကိစ္စ** ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ - ၇၈၅၅၅၅၇၇၂

**စေတနာ မေတ္တာဖြင့်သတိပေးခြင်း**

[illegible]

ဦးဘိုကျော် နှင့် သားနိုင်ငြိမ်း

မြန်မာပြည်မှာ ထမင်းချိုင့်

[illegible]

E D I T O R I A L

# စီမံခန့်ခွဲသူများ သတိပြုစရာ နှစ်ချက်

မြန်မာလူ့အဖွဲ့အစည်းတွင် ပြောဆိုသုံးနှုန်းလေ့ရှိသည့် 'အကြံတူလျှင် နောက်လူသာစမြဲ' ဆိုသော စကားပုံကို လူအများစု ကြားဖူးကြပေမည်။

စီးပွားရေး သို့မဟုတ် နည်းပညာဆိုင်ရာ နယ်ပယ်တို့တွင် လုပ်ငန်းအမျိုးအစား သစ်တစ်ခု၊ နည်းပညာဆိုင်ရာ ပစ္စည်း အသစ်တစ်ခုကို ဈေးကွက်တင်၊ တီထွင် ဖန်တီးသည့်အခါ ယင်းတို့နှင့် အမျိုးအစားတူ၊ လုပ်ငန်း၊ ပစ္စည်းတစ်ခု နောက်မှ ထူထောင် ထွက်ရှိလာလျှင် ရှေ့က ရှိနှင့်ပြီးသား လုပ်ငန်း၊ ပစ္စည်း၏ အားနည်း၊ အားသာချက်များကို လေ့လာထားပြီးဖြစ်သောကြောင့် ပိုကောင်းစေရန် ကြိုးစား လေ့ရှိတတ်သည့်သဘောကို ဆိုလိုခြင်းဖြစ်သည်။

ထို့အတူ ဖွံ့ဖြိုးမှု နောက်ကျနေသောနိုင်ငံများ၏ အားသာချက်မှာ ရှေ့က ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ မှားခဲ့သော အမှားများကို ရှောင်နိုင်ခြင်းနှင့် အောင်မြင်မှုများကို အတုယူနိုင်ခြင်းဖြင့် အားနည်းချက်နည်းကာ ပိုကောင်းသော ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်ပေသည်။

ယနေ့ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဖွံ့ဖြိုးမှုညွှန်းကိန်းများကိုကြည့်လျှင် နိုင်ငံတကာ အသိုင်းအဝိုင်းတွင်သာမက ဒေသတွင်း၌ပင် အနိမ့်ဆုံးနိုင်ငံများ အဆင့်တွင် ဝင်နေသောကြောင့် နောက်ကလိုက်ရမည့် အခြေအနေဖြစ်သည်။

ထို့ကြောင့် ယနေ့ မြန်မာနိုင်ငံတွင် ချမှတ်ဆောင်ရွက်နေသော နိုင်ငံတော် ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒများ၊ စီမံကိန်း၊ စီမံချက်များ၊ အကောင်အထည်ဖော်ရမည့် နည်းနာများ၊ လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်မှုများကို အမှား နည်းနည်းဖြင့် မြန်မြန်ဆန်ဆန် ရှေ့ရောက်နိုင်သော အားသာချက်များ ရှိနေသည်ဟု ဆိုနိုင်သည်။

သို့သော် ယင်းကို စီမံခန့်ခွဲ ဆောင်ရွက်မည့် နယ်ပယ်အလိုက် ခေါင်းဆောင် များနှင့် လူ့စွမ်းအားအရင်းအမြစ်တို့၏ အရည်အချင်းနှင့် စွမ်းဆောင်ရည် နိမ့်ပါးနေပါက နောက်ကလိုက်သော်လည်း ရှေ့ကသွားသူများ မှားခဲ့သော အမှား များအတိုင်း ထပ်မှားကာ အမှားသံသရာ လည်သွားနိုင်ပေသည်။

ထိုအတွက် ပထမ အရေးအကြီးဆုံးအချက်မှာ နယ်ပယ်အသီးသီးအလိုက် ဦးဆောင် စီမံခန့်ခွဲမည့်သူများ သို့မဟုတ် နယ်ပယ်ခေါင်းဆောင်များ၊ ယင်းခေါင်းဆောင်များ၏ အစီအမံကို လက်တွေ့အကောင်အထည် ဖော်ပေးရမည့် စွမ်းရည်မြင့် ကော်လာဖြူ၊ ကော်လာပြာ လုပ်သားများ လူမှန်၊ နေရာမှန် ခန့်ထား တာဝန်ပေးအပ်နိုင်ရေး ဖြစ်သည်။

ဒုတိယ အရေးအကြီးဆုံး အနေနှင့်သက်ဆိုင်ရာ နယ်ပယ်အသီးသီး အလိုက်၊ အကောင်အထည်ဖော်မည့် စီမံကိန်း၊ စီမံချက်၊ လုပ်ငန်းအလိုက် စနစ်တကျ စစ်တမ်းကောက်၊ သုတေသနပြုထားသော တိကျခိုင်မာ၊ သေချာသည့် သတင်း အချက်အလက်များ၊ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် အားနည်းချက်၊ အားသာချက် များ၊ ဆိုးကျိုး၊ ကောင်းကျိုး သက်ရောက်မှုများ၊ နယ်ပယ်အသီးသီး အလိုက်ရှိ နေသော ပညာရှင်များ၊ အဓိက တာဝန်ရှိသက်ဆိုင်ပတ်သက်သူများ၊ လူထု ပရိသတ်များ၏ ဝေဖန်၊ တုံ့ပြန်၊ အကြံပြုချက်များ လိုအပ်သည်။

ဖော်ပြပါ အရေးကြီးအချက်တစ်နှစ်ချက် မရှိဘဲ သို့မဟုတ် ပြင်ဆင် မထား ဘဲ စိတ်ကူးတည့်ရာ အကောင်အထည်ဖော်သော စီမံချက်၊ စီမံကိန်းများသည် ပြည်သူ့အကျိုးအတွက် စေတနာမည်မျှ ထားစေကာမူ အောင်မြင်မှုမရနိုင် သည့်အပြင် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများ တွေ့ကြုံရတတ်သည်။

ရန်ကုန်မြို့တော်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းတွင် လက်ရှိအစိုးရ အပါအဝင် အစိုးရအဆက်ဆက် ဆောင်ရွက်အကောင်အထည်ဖော်ရန် စိတ်ကူးဆဲ၊ ပြင်ဆင်ဆဲ၊ ဆောင်ရွက်ဆဲ၊ တည်ဆောက် အကောင်အထည်ဖော်ခဲ့ပြီးသည့် စီမံကိန်း၊ စီမံချက်၊ လုပ်ငန်းများကို အထက်ဆိုခဲ့ပါ အရေးကြီးနှစ်ချက်ဖြင့် တိုင်းတာကြည့်လျှင် အဘယ်ကြောင့် အောင်မြင်၊ ကျရှုံးရသနည်းဆိုခြင်းကို လွယ်ကူစွာ သိစေနိုင်ကြောင်း ပြောလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၁၅ - ၃ - ၂၀၁၈ )**

**(လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် ကိုက်ညီနေသောကြောင့် ၈-၁၂-၂၀၁၆ နေ့ထုတ် The Voice Daily သတင်းစာတွင် ဖော်ပြခဲ့ပြီးသော အယ်ဒီတာ့အာဘော်ကို ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။)**

# သံတွဲခရိုင်တွင် ငါးဖမ်းဆီးရမိမှု ၉၁ ရာခိုင်နှုန်း လျော့

**ရန်ကုန်၊ မတ် ၁၅**

လွန်ခဲ့သော ၁၀ နှစ်နှင့်နှိုင်းယှဉ်ပါက သံတွဲခရိုင်၌ ငါးဖမ်းဆီးရမိမှု ၉၁ ရာခိုင်နှုန်း လျော့နည်းလာပြီး ငါးမျိုးစိတ် ၃၅ ရာခိုင်နှုန်း ပျောက်ကွယ်လာကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ WCS Myanmar ၏ မတ်လ ၁၅ ရက်တွင် ထုတ်ပြန်သည့် သုတေသနစစ်တမ်းအရ သိရသည်။

အဆိုပါစစ်တမ်းကို ငါးလုပ်ငန်းဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)WCS Myanmar ၊ ရခိုင်ကမ်းရိုးတန်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (RCA) နှင့် Pyoe Pin(ပျိုးပင်) တို့ ပူးပေါင်း၍ ၂၀၁၆ခုနှစ်က စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"ဒီစစ်တမ်းလေ့လာတွေ့ရှိချက်အရတော့ အရင်ကထက် ကမ်းရိုးတန်းတွေ အများကြီး ပျက်စီးလာတာပေါ့နော်။ ဒါတွေကလည်း တကယ်တော့ ဒေသခံတွေပဲ ပိုထိခိုက်လေ" ဟု WCS Myanmar ၏ သုတေသနတာဝန်ခံ ကိုတင်ထွဋ်က ဆိုသည်။

အဆိုပါစစ်တမ်းကို သံတွဲခရိုင် ကျိန္တလီဒေသ ညောင်ပင်သာ၊ ပုန်းညက်၊ ချင်းကွင်း၊ ကျိန္တလီ (၁) ရပ်ကွက်၊ ကျိန္တလီ (၂)ရပ်ကွက်၊ ရမာကျွန်း၊ ပလင်းမော်၊ ကံပေါက်၊ ကူးတို့နှင့် ကြွေချိုင် စသည့် ကျေးရွာနှင့် ရပ်ကွက်စုစုပေါင်း ၁၀ ခုမှ ရေလုပ်သား ၄၀၀ ခန့်ကို သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရေိယာမှာ မြောက်ဘက် ညောင်ပင်သာကျေးရွာ၊ ချောင်းဝချောင်းမှ တောင်ဘက်ရှိ ကြွေချိုင်ကျေးရွာ၊ တိုင်ကြီးချောင်းဝအထိ ၂၄ မိုင် ရှည်လျားပြီး ကမ်းနီးပင်လယ်မှာ ၁၀ မိုင် ဖြစ်သည်။

ကျိန္တလီဒေသတွင် စတုရန်းကီလိုမီတာ ၂၈၀ ရှိသော ပင်လယ်ကမ်းနီးငါးလုပ်ငန်းစီမံခန့်ခွဲမှုကို ဒေသအစုအဖွဲ့ဖြင့် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်နိုင်ရန်၊ သဘာဝမျိုးစိတ်များကို မှတ်တမ်းတင်ရန်နှင့် ရေသယံဇာတ စနစ်တကျ ထိန်းသိမ်းရန် ရည်ရွယ်၍ ၎င်းဒေသတွင် ၂၀၁၉ ခုနှစ်ထိ ပညာပေးခြင်း၊ သုတေသန လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည် ဖြစ်သည်။

အလားတူလုပ်ငန်းများကို ရခိုင်ကမ်းရိုးတန်းရှိ ဂွမြို့နယ်၊ မြန်အောင်ကျွန်းနှင့်ဧရာဝတီတိုင်းရှိ ငရုတ်ကောင်းဒေသတွင် ဆက်လက်လုပ်ကိုင်ရန် ရည်မှန်းထားကြောင်း WCS Myanmar ထံမှ သိရသည်။

■ **ဝေလင်း**

The VOICE Daily CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe. **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing, **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# စစ်တွေမြို့သစ် စီမံကိန်းအတွက် ၂၀ ရာခိုင်နှုန်း မြေဖို့ရန် ကျန်

**ရန်ကုန်၊ မတ် ၁၅**

ရခိုင်ပြည်နယ် စစ်တွေမြို့အရှေ့ဘက် ကုလားတန်မြစ်ကမ်းတွင် ဖော်ဆောင်နေသော မြို့သစ်စီမံကိန်းအတွက် မြေဖို့ရန် ၂၀ ရာခိုင်နှုန်းကျန်ရှိနေသဖြင့် ယခုနှစ်အတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြောကြားသည်။

စစ်တွေမြို့သစ်စီမံကိန်းအတွက် ရာနှုန်းပြည့် မြေယာဖော်ဆောင်ပြီးမှသာ မြေကွက် ပြန်ရောင်းမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အစိုးရအဖွဲ့က ရာနှုန်းပြည့် လုပ်ပြီးမှ အကွက်ဖော်ရောင်းခိုင်းတာပါ။ လောလောဆယ် ရှစ်ဆယ်ရာခိုင်နှုန်းလောက်ပဲ ပြီးစီးသေးတော့ ကျန်တဲ့အပိုင်းကို အမြန်ဆုံးဆောင်ရွက်နေတယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါစီမံကိန်း ၅၀ရာခိုင်နှုန်းခန့်သာ မြေဖို့ ပြီးစီးချိန်တွင် ကိုရီးယား BXT ကုမ္ပဏီက ကျပ်သန်း၂၀ ကျော်တန်ဖိုးရှိ မြေကွက် ၂၄၀ ကျော်ကို ဇန်နဝါရီက ကြိုတင်ရောင်းချလိုက်ခြင်းကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံကိန်းဖော်ထုတ်မှု မပြီးစီးဘဲ ရောင်းချမှုသည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ဟုဆိုကာ လုံးဝရပ်ဆိုင်းထားရန် ဖေဖော်ဝါရီ ၁၄ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

လက်ရှိစီမံကိန်းကို ရခိုင်ပြည်နယ်အစိုးရက ၃၀ ရာခိုင်နှုန်း ထည့်သွင်း၍ ရင်းနှီးမြှုပ်နှံထားပြီး ကိုရီးယားနိုင်ငံ BXT ကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။

၂၀၁၆ ခုနှစ် မတ်လက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ဖြင့် စစ်တွေ မြစ်ကမ်းရှိ မြေဧက ၉၀ ခန့်ကို မြေဖို့မြေယာစနစ်ဖြင့် ဖော်ဆောင်ခဲ့ရာတွင် ပထမအဆင့်ဖော်ထုတ်ထားသည့် မြေကွက်များကို ရောင်းချသည့်အတွက် တားမြစ်ခံရခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

"စီမံကိန်းပထမအဆင့် ပြီးရုံနဲ့ ကြိုမရောင်းသင့်ဘူးလေ။ ဈေးကွက်သဘောအရ မြပ်နေတဲ့ ငွေကြေးအကျိုးအမြတ်ရသလောက် ပြန်ဖော်ထားသလိုဖြစ်နေတယ်။ တချို့များများစားစား ဝယ်သူတွေက စိုးရိမ်နေမှာပေါ့" ဟု ၎င်းက ဆိုသည်။

အဆိုပါစီမံကိန်းတွင် စုပေါင်းအိမ်ရာ၊ လက်လီလက်ကားဈေးကွက်၊ အလယ်အလတ်အဆင့် ကွန်ဒိုမီနီယံနှင့် ကုန်သွယ်ရေး စီးပွားရေးဇုန်အပါအဝင် ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လုပ်ကိုင်နိုင်သော ငါးစက်ရုံကိုထည့်သွင်းတည်ဆောက်ရန် လျာထားပြီး BXT International ကုမ္ပဏီက ကျပ်ဘီလီယံ ၆၀ ကျော် ရင်းနှီးမြှုပ်နှံထားကြောင်း အိမ်ခြံမြေ ရောင်းဝယ်ငှားကုမ္ပဏီ iMyanmar House.com ထံမှ စုံစမ်းသိရသည်။

■ J-17

The VOICE Daily

CARTOON



## Bread Talk က ပေါင်မုန့်၊ ကိတ်မုန့်နှင့် အစာသွတ်မုန့်မျိုးစုံ မိတ်ဆက်

**ရန်ကုန်၊ မတ် ၁၅**

မြန်မာနှစ်သစ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရေအတွက် အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ရောင်းချသွားမည့် ပေါင်မုန့်နှင့် ကိတ်မျိုးစုံကို Bread Talk Myanmar က မတ်လ ၁၅ ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့သည်။

'စားသုံးနိုင်တဲ့ နွေပန်းဥယျာဉ်' အမည်ဖြင့် အရေအတွက် ကန့်သတ်ထားသည့်မုန့်မျိုးစုံကို Bread Talk Myanmar ၏ ရန်ကုန်ဆိုင်ခွဲများဖြစ်သော Junction City နှင့် Junction Square ဘေးရှိ Crystal Tower ဆိုင်ခွဲများတွင် မတ်လ ၁၅ ရက်နေ့မှ မေလ ၉ ရက်နေ့အထိ ရောင်းချပေးမည်ဖြစ်သည်။

အဆိုပါအစီအစဉ်သည် မြန်မာတို့၏ နှစ်သစ်ကို ကျန်းမာရွှင်လန်းစွာစတင်နိုင်ရန်ရည်ရွယ်ပြီး စားသုံးသူများအတွက် အကန့်အသတ်ဖြင့်သာ ထုတ်လုပ်သွားမည့် မုန့် ၁၄ မျိုးပါဝင်သော အထူးထုတ်ကုန်သစ်ဖြစ်ကြောင်း Bread Talk Myanmar က ညွှန်းဆိုထားသည်။

ယင်းပေါင်မုန့်နှင့် အစာသွတ်မုန့်များကို ကျပ် ၁၂၀၀ မှ ၁၄၀၀ ကျပ်အထိ ဈေးနှုန်းဖြင့်ဝယ်ယူနိုင်ပြီး ကိတ်မုန့်လိပ်၊ ပေါင်မုန့်လုံးနှင့် ကိတ်မုန့်များကို ကျပ် ၃၂၀၀ မှ ၂၉၀၀၀ ကျပ်အတွင်း ရောင်းချမည်ဖြစ်ကြောင်း Bread Talk Myanmar ထံမှ သိရသည်။ ■



# လေပွေလှိုင်းများကြောင့် ဒေသအချို့အချိန်အခါမဟုတ် မိုးရွာမည်

**ရန်ကုန်၊ မတ် ၁၅**

အနောက်ဘက်မှ ရွေ့လျားလာသည့် လေပွေလှိုင်းများ၏အရှိန်ကြောင့် နောက်သုံးရက်အတွင်း နေပြည်တော်အပါအဝင် မန္တလေးတိုင်းဒေသကြီးနှင့် ဒေသအချို့တွင် အချိန်အခါမဟုတ် မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါလေပွေလှိုင်းများအရှိန်ကြောင့် မတ်လ ၁၆ ရက်နေ့မှစ၍ ၁၈ ရက်နေ့အထိ နေပြည်တော်အပါအဝင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း အဆိုပါဌာနက ခန့်မှန်းထားသည်။

"နေ့အပူချိန်မြင့်လာရင် လေဖိအားအပြောင်းအလဲများပြီး လေထုမတည်ငြိမ်မှုကြောင့် မွန်းလွဲ ညနေပိုင်းမှာ မိုးတိမ်တောင်တွေ ဖြစ်တတ်တယ်။ လာမယ့်နှစ်ရက် သုံးရက် မြန်မာနိုင်ငံအထက်ပိုင်းမှာ မိုးထစ်ချုန်းရွာနိုင်တယ်၊ မိုးသီးကြွေတတ်တာ၊ မိုးကြိုးပစ်တာ သတိပြုသင့်ပါတယ်။ မိုးခြိမ်းသံကြားရရင် သတိထားရပါမယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောဆိုသည်။

မြန်မာနိုင်ငံတစ်ဝန်း နေ့အပူချိန်များ မြင့်တက်ပြီး မိုးတိမ်တောင်များရွေ့လျားရာလမ်းတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေကျခြင်းတို့ဖြစ်ပေါ်နိုင်ပြီး လေပြင်းတိုက်ခတ်ရာတွင် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း အဆိုပါဌာနက သတိပေးချက်ထုတ်ပြန်သည်။

ယင်းသို့ဒေသအလိုက် နေ့အပူချိန်များ မြင့်တက်နေရာတွင် ထူးခြားသည့်နေ့အပူချိန်မှာ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၌ ၃၉ ဒီဂရီစင်တီဂရိတ်ရှိကြောင်း မတ်လ ၁၅ ရက်နေ့တိုင်းထွာချက်များအရ သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်နှင့် ကျေးရွာအချို့တွင် မိုးသက်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေကျခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး လေပြင်းကြောင့် နေအိမ်နှင့် အဆောက်အအုံအချို့ပျက်စီးခဲ့သည်။ ■ E-03




လက်ရှိမီနီဘတ်စ်ယာဉ်များဖြင့်ပြေးဆွဲနေသော YBS ၅၉ ယာဉ်လိုင်းမှ ယာဉ်တစ်စီး

# YBS ၅၉ ယာဉ်လိုင်းတွင် စီးတီးဘတ်စ်ယာဉ်များ အစားထိုးမည်

**ရန်ကုန်၊ မတ် ၁၅**

မီနီဘတ်စ်ယာဉ်များဖြင့် ပြေးဆွဲနေသည့် YBS ၅၉ ယာဉ်လိုင်းတွင် မတ်လ ၂၁ ရက်မှစ၍ တရုတ်နိုင်ငံထုတ် စီးတီးဘတ်စ်ယာဉ်များဖြင့် အစားထိုးပြေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး YUPT ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"၅၉ တစ်လိုင်းလုံးက မီနီဘတ်စ်တွေနဲ့ ပြေးနေတာပါ။ နောက်ထပ်လည်း တခြားလိုင်းတွေမှာ ယာဉ်အသစ်တွေ ထည့်သွင်းဖို့ရှိတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါယာဉ်လိုင်းမှာ မီနီဘတ်စ်ယာဉ် ၃၈ စီးအနက် တစ်ရက်လျှင် ၃၃ စီးဖြင့် ပြေးဆွဲခဲ့ရာမှ ယခုတွင် တရုတ်နိုင်ငံထုတ် Ankai ယာဉ်အမျိုးအစားစီးရေ ၃၀ ကို အစားထိုးပြေးဆွဲမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မီနီဘတ်စ်ယာဉ်များဖြင့် ပြေးဆွဲနေခြင်းကြောင့် နေ့စဉ်စီးနင်းသည့် ခရီးသည်များ အခက်အခဲမျိုးစုံရှိခဲ့ပြီး ယာဉ်စီးခပိုတောင်းခြင်း၊ လမ်းပြောင်းပြန်မောင်းခြင်း၊ ဂိတ်စ ဂိတ်ဆုံး မမောင်းခြင်း၊ သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းခြင်း စသည့်စည်းကမ်းဖောက်မှုများရှိကြောင်း YBS ၅၉ စီးနင်းသည့်ခရီးသည်များထံမှ သိရသည်။

YBS ၅၉ ယာဉ်လိုင်းသည် တောင်ဒဂုံ၊ စံပြဈေး၊ သံသုမာ၊ ကြက်ဘဲဈေး၊ တာမွေအဝိုင်းထိပ်၊ သမိန်ဗရန်းလမ်း၊ ရွှေဂုံတိုင်လမ်း၊ မြေနီကုန်း၊ ဟုမ်းလမ်း၊ ဆင်မင်းဈေး၊ ဓမ္မစေတီလမ်း၊ ဗားကရာလမ်း၊ အောက်ကြည့်မြင်တိုင်၊ သခင်မြပန်းခြံ၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သဃ်န်းကျွန်းစံပြဈေး၊ နှင်းဆီကုန်းလမ်း ခရီးများကို နေ့စဉ်ပြေးဆွဲလျက်ရှိသည်။ **J-06**

## News In Brief

# အိန္ဒိယ-မြန်မာအသင်းနှင့် ကုန်သည်စက်မှုအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန်၊ မတ် ၁၅**

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် India-Myanmar Chamber of Commerce တို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

အဆိုပါသဘောတူညီချက်တွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအပါအဝင် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်နိုင်ရေး အပြန်အလှန်နားလည်မှုတည်ဆောက်၍ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အဆက်မပြတ်ဆွေးနွေးသွားရေးနှင့် ပြန်လည်သုံးသပ်သွားရေးတို့ပါဝင်ကြောင်း အဆိုပါအသင်းချုပ်ထံမှ သိရသည်။ ■ S-04

# လယ်ယာသုံးစက်ကိရိယာပြပွဲ ကျင်းပမည်

**ရန်ကုန်၊ မတ် ၁၅**

တောင်သူလယ်သမားများကို ဂုဏ်ပြုသည့်အနေနှင့် ပြည်တွင်း ပြည်ပကုမ္ပဏီများပါဝင်ပြသမည့် မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၁၈ 'Myanmar International Agriculture Machinery Expo 2018' ကို မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင်ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းထံမှ သိရသည်။

အဆိုပါပြပွဲတွင် ဂျပန်၊ အီတလီ၊ ဆွစ်ဇာလန်၊ အိန္ဒိယ၊ တရုတ်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့က ကမ္ဘာ့အဆင့်မီ နည်းပညာများနှင့် မျိုးစေ့၊ ထွန်ထယ်ကိရိယာ၊ မြေဩဇာ စသည့်သွင်းအားစုများကို ပြသသွားမည်ဖြစ်ပြီး ဟောပြောပွဲများ၊ စီးပွားရေးတွေ့ဆုံပွဲများနှင့် ပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ကာ ပြခန်းများဖြင့်ပါဝင်ပြသလိုသည့် ကုမ္ပဏီများအနေနှင့် မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း ဖုန်း ၀၁- ၂၃၁၄၈၄၁၊ ၀၁- ၂၃၁၄၈၄၂၊ ၀၁- ၂၃၁၄၈၄၃ နှင့် အီးမေးလ် swhlaing 06@gmail.com တို့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■ J-11

# သန်လျင်အိုင်စီတီစီးတီး စီမံကိန်းအကောင်အထည်ဖော်ရန် တိုင်းအစိုးရခွင့်ပြုချက် စောင့်ဆိုင်း

**ရန်ကုန်၊ မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်တွင် အကောင်အထည်ဖော်တည်ဆောက်မည့် သန်လျင်အိုင်စီတီစီးတီး စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောကြားသည်။

အဆိုပါစီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဘက်က သဘောတူညီမှုရရှိထားပြီး တိုင်းအစိုးရထံသို့ ခွင့်ပြုချက်ရရှိရန် တင်ပြထားသော်လည်း တစ်စုံတစ်ရာ ပြန်လည်အကြောင်းကြားခြင်းမျိုး မရှိသေးကြောင်း ၎င်းက ပြောဆိုသည်။

"ဒီလို အိုင်စီတီစီမံကိန်းတွေက တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် အရေးပါတဲ့အရာပါ။ သူတို့လည်း တခြားကိစ္စတွေရှိနေတဲ့အတွက် ဖြစ်မှာပါ။ အမြန်ဆုံးခွင့်ပြုပေးမယ် ထင်ပါတယ်" ဟု ၎င်းကဆိုသည်။

အိုင်စီတီစီးတီး စီမံကိန်းတွင် ပြည်တွင်းနည်းပညာကုမ္ပဏီများအတွက် ဇုန်၊ လူနေအိမ်ရာဇုန်၊ ပြည်ပရင်းနှီးမြှုပ်နှံသူများကို နေရာငှားပေးမည့်ဇုန်နှင့် ဈေးဝယ်စင်တာပါဝင်မည့် ကွန်ဗင်းရှင်းဇုန်များ ပါဝင်မည်ဖြစ်ပြီး အကောင်အထည်ဖော်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ပူးပေါင်းလုပ်ဆောင်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ထံမှ သိရသည်။

အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရတနာပုံဆိုက်ဘာစီးတီးကို ပြင်ဦးလွင်မြို့နယ်တွင် ၂၀၁၀ ပြည့်နှစ်က စတင်တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့တွင်လည်း နည်းပညာလုပ်ငန်းအများစု လုပ်ကိုင်နေသည့် MICT Park ကို ၂၀၀၄ ခုနှစ်က တည်ထောင်ခဲ့သည်။ ■ J-01



Photo by UMFCCI FB Page

# အခြေခံအဆောက်အဦနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရန် ဂျပန်-မြန်မာ သဘောတူ

**ရန်ကုန်၊ မတ် ၁၅**

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် အခြေခံအဆောက်အဦ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန် ဂျပန်-မြန်မာ နှစ်နိုင်ငံ သဘောတူညီခဲ့ကြကြောင်း ကုန်သည်စက်မှုအသင်းချုပ်က ထုတ်ပြန်သည်။

မြန်မာနှင့် ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့်စီမံကိန်းများ၊ မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်စွမ်းအင်ကဏ္ဍအတွက် လာရောက်ရင်းနှီးမြှုပ်နှံရန်၊ လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် လုပ်သားများအတွက် နည်းပညာ၊ အတတ်ပညာ၊ အသိပညာများ ကျွမ်းကျင်မှုရှိစေရန်အတွက် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် သင်တန်းများ ပို့ချပေးနိုင်ရန် နှစ်နိုင်ငံဆွေးနွေးခဲ့ကြကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

ထို့ပြင် Japan-Myanmar Economic Committee နှင့် ကုန်သည်စက်မှုအသင်းချုပ်တို့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး ဂျပန်နိုင်ငံမှ လာရောက်သည့် လုပ်ငန်းရှင်များတွင် လေကြောင်းလိုင်းများ၊ လျှပ်စစ်နှင့် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ အကြီးစားစက်မှုအင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ ပလတ်စတစ်၊ ဘဏ္ဍာရေးဆိုင်ရာနှင့် အာမခံလုပ်ငန်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းလုပ်ငန်းများမှ လုပ်ငန်းရှင်များ ပါဝင်ကာ အဆိုပါကဏ္ဍများတွင် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

■ J-11

## မတ်လ ၁၅ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 11500 | 11500 | 11500 | - | 3916 | 45,034,000 |
| MTSH | 2900 | 2900 | 2900 | - | 2488 | 7,215,200 |
| MCB | 7900 | 7900 | 8000 | +100 | 5951 | 47,608,000 |
| FPB | 27000 | 26500 | 27000 | - | 177 | 4,704,000 |
| TMH | 2900 | 2850 | 2850 | -50 | 1166 | 3,323,100 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — **Source: KBZ Bank**

| 15.3.2018 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၂၀ | ၁၆၂၀ | ၁၀၀၆ |
| ရောင်းဈေး(ကျပ်) | ၁၃၂၅ | ၁၆၂၅ | ၁၀၀၈ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 15.3.2018 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၉၄၁,၀၀၀ (ဖွင့်) | ၉၄၀,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၂၅ (ဖွင့်) | ၁၃၂၇ (ပိတ်) |

# အခွန်ကျပ်ဘီလီယံ ၄၀၀၀ ကျော်ရရှိ

**ရန်ကုန်၊ မတ် ၁၅**

ယခုဘဏ္ဍာနှစ်စ ၂၀၁၇ ဧပြီလမှ ယခုနှစ် မတ်လပထမပတ်အတွင်းအထိ အခွန် ကျပ်ဘီလီယံ ၄၀၀၀ ကျော်အထိ ကောက်ခံရရှိပြီးဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာနထံမှ သိရသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ် ၁၁ လအတွင်း အခွန်ကောက်ခံရရှိမှုပမာဏသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်အလားတူကထက် ကျပ်ဘီလီယံ ၆၀၀ ကျော် ပိုမိုကောက်ခံထားနိုင်ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွက် အခွန်အရပ်ရပ်မှ ကျပ် ၆၀၀၀ ဘီလီယံအထိ ကောက်ခံရန်လျာထားသော်လည်း အခွန်ကောက်ခံရန် အချိန်တစ်လကျော်သာလိုအပ်တော့ကြောင်း အဆိုပါဌာနထံမှ သိရသည်။

"အချိန်ကပ်နေပေမယ့်ပြည့်မီအောင် လုပ်မှာပေါ့" ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ပြောဆိုသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် တစ်နှစ်လုံးစာ အခွန်ကောက်ခံရရှိမှုသည် ခြောက်နှစ်အတွင်း (၂၀၁၁-၁၂ မှ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အထိ) အများဆုံးအဖြစ် ကျပ် ၇၁၂၂ ဘီလီယံအထိကောက်ခံရရှိထားပြီး ၂၀၁၁-၁၂ ဘဏ္ဍာနှစ်က ကျပ် ၁၇၀၀ ဘီလီယံနီးပါး၊ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်က ကျပ် ၃၃၀၀ ဘီလီယံကျော်၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်က ကျပ် ၄၄၀၀ ဘီလီယံကျော်၊ ၂၀၁၄-၁၅ က ကျပ် ၆၅၀၀ ဘီလီယံကျော်နှင့် ၂၀၁၅-၁၆ က ကျပ် ၆၃၀၀ ဘီလီယံကျော်အထိ ရရှိခဲ့သည်။

"အခွန်ပိုရလေ ပိုကောင်းလေပေါ့။ ဒါမှ တိုင်းပြည်တိုးတက်အောင် များများလုပ်နိုင်မှာပေါ့" ဟု စီးပွားရေးလုပ်ငန်းရှင် ဦးအောင်ဇော်ဦးကဆိုသည်။

■ S-04

# ကျန်းမာရေးအာမခံ အမျိုးအစားသစ် နှုန်းထား ယခုလကုန်ကြေညာမည်

**ရန်ကုန်၊ မတ် ၁၅**

အခြေခံလူတန်းစား၊ လူလတ်တန်းစား၊ ဝင်ငွေမြင့်လူတန်းစားနှင့် သက်ကြီးရွယ်အိုများဟူ၍ လေးမျိုးခွဲခြားထားသည့် ကျန်းမာရေးအာမခံ အမျိုးအစားအသစ်၏ ပရီမီယံကြေးများကို ယခုလကုန်တွင် ကြေညာမည်ဖြစ်ကြောင်း ပုဂ္ဂလိကအာမခံကုမ္ပဏီများထံမှ သိရသည်။

ကျန်းမာရေးအာမခံကို ၂၀၁၅ ခုနှစ်က စတင်ရောင်းချခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပရီမီယံကြေးလျှော့ချခဲ့ကာ ခံစားခွင့်များသည့် အာမခံစနစ်တစ်ခုကို မိတ်ဆက်ခဲ့သော်လည်း ဝယ်ယူသူများ စိတ်ဝင်စားမှုနည်းပါးသောကြောင့် လက်ရှိတွင် ပရီမီယံကြေးအနိမ့်ဆုံး သတ်မှတ်ရောင်းချမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီများထံမှ သိရသည်။

"ကျန်းမာရေးအာမခံ စရောင်းတုန်းက တစ်နှစ်စာအတွက် တစ်ယူနစ်ကို ကျပ်ငါးသောင်း၊ နောက်တော့ ကျပ်လေးသောင်းလေးထောင် လျှော့လိုက်တယ်။ အခုတော့ ကျပ်ငါးထောင်ဖြစ်မယ်လို့ ကြားတယ်။ ဒါက အတည်တော့ မဖြစ်သေးဘူး" ဟု ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးစိုးဝင်းသန့်က ပြောကြားသည်။

လက်ရှိအသစ်ပြင်ဆင်နေသည့် အခြေခံလူတန်းစားများအတွက် ကျန်းမာရေးအာမခံတွင် ဆေးရုံတက်မှ လျော်ကြေးရမည်မဟုတ်ဘဲ ပုဂ္ဂလိကဆေးရုံတွင်ဖြစ်စေ၊ အစိုးရဆေးရုံတွင်ဖြစ်စေ သာမန်ဖျားနာမှုကို ပြင်ပလူနာဌာနတွင် ကုသလျှင်လည်း ဆေးကုသစရိတ်ကို လျော်ကြေးအဖြစ်ပေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ဝင်ငွေမြင့်လူတန်းစားများအတွက်မှု ပရီမီယံကြေးမှာလည်း မြင့်မားသည့်အတွက် ရောဂါလိုအပ်ချက်အရ နိုင်ငံခြားတွင် ဆေးသွားရောက်ကုသလိုခြင်း၊ ဆေးစစ်မှုခံယူခြင်းများလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကျန်းမာရေးအာမခံအသစ်ကို လာမည့်ဘဏ္ဍာနှစ်အစတွင် ရောင်းချမည်ဖြစ်သောကြောင့် ဧပြီလတွင် စတင်ရောင်းချနိုင်ကြောင်း၊ လတ်တလောတွင် ကျန်းမာရေးအာမခံကို ကျပ် ၄၄၀၀၀ နှင့် ရောင်းချနေပြီး ဆေးရုံတက်စရိတ်အနေနှင့် တစ်ရက်ကို ကျပ်နှစ်သောင်းပေးမည်ဖြစ်ကာ လူသေဆုံးမှုဖြစ်ပါက ကျပ်သိန်းနှစ်ဆယ် လျော်ကြေးပေးလျက်ရှိကြောင်း ပုဂ္ဂလိက အာမခံကုမ္ပဏီများထံမှ သိရသည်။

■ J-13

# စစ်တွေမြို့ပေါက်ကွဲမှုတွင် သံသယရှိသူ ရှစ်ဦးကို ဒုတိယအကြိမ် ရမန်ယူ

**ရန်ကုန်၊ မတ် ၁၅**

စစ်တွေမြို့မိုင်းပေါက်ကွဲမှုများတွင် သံသယဖြင့် ဖမ်းဆီးထားသူ ရှစ်ဦးကို ပထမအကြိမ် ချုပ်ရမန် ပြည့်ပြီဖြစ်သောကြောင့် ဒုတိယအကြိမ် ချုပ်ရက်ရမန်နှစ်ပတ် ထပ်ယူထားကြောင်း ရခိုင်ပြည်နယ် ရဲမှူးကြီး အောင်မြတ်မိုး ကပြောကြားသည်။

"ဟုတ်ပါတယ်၊ နောက်ထပ်ရမန် ထပ်ယူထားတယ်၊ ဒါကလည်း ရဲလုပ်ထုံးလုပ်နည်းအရ လုပ်သင့်တာကို လုပ်တာပဲလေ"ဟု ရဲမှူးကြီးအောင်မြတ်မိုးက ဆိုသည်။

ဖေဖော်ဝါရီလ ၂၄ ရက် စစ်တွေမြို့နေရာ သုံးခု၌ ဖြစ်ပွားခဲ့သော မိုင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ ဒေသခံ ကိုးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးခဲ့ပြီး တစ်ဦးကို ပြန်လွှတ်ပေးခဲ့ကာ ကျန်ရှစ်ဦးကို မတ်လ ၁၂ရက်က ဒုတိယအကြိမ် ချုပ်ရမန်ယူခဲ့ခြင်း ဖြစ်သည်။

ရခိုင်အမျိုးသားကောင်စီ (ANC) အဖွဲ့ဝင် ကိုနိုင်စိုးအပါအဝင် ကျန်ရှိသူတို့ကို ဖေဖော်ဝါရီလ ၂၆ ရက်က စစ်တွေမြို့နယ်တရားရုံး၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)(ဈ)တို့ဖြင့် မတ်လ ၁၂ ရက်ထိ ချုပ်ရမန်ယူခဲ့ ခြင်းဖြစ်သည်။

အဆိုပါဖမ်းဆီးခံထားသူများကို သက်သေမရှိပါက အမြန်ဆုံးပြန်လည်လွှတ်ပေးသင့်ပြီး ၎င်းတို့၏ ကျန်းမာရေးကို စိုးရိမ်ကြောင်း မိသားစုဝင်များက ပြောကြားသည်။

"ဘာသက်သေမှ မတွေ့ရင်လည်း ပြန်လွှတ်ပေးပါ။ ကျွန်မအမျိုးသားဆိုရင် သူတို့ခေါ်သွားကတည်းက ကျန်းမာရေးကောင်းတာမဟုတ်ဘူး။ အခုဆိုရင် ရက်တွေကလည်း တော်တော်ကြာနေပြီလေ" ဟု ဖမ်းဆီးခံရသူ ဦးမောင်မြင့်ကြည်၏ ဇနီးဖြစ်သူ ဒေါ်ဝင်းခင်က ဆိုသည်။

စစ်တွေမြို့ပြည်တော်သာရပ်ကွက်ရှိ ပြည်နယ်အစိုးရအတွင်းရေးမှူး ဦးတင်မောင်ဆွေ၏ နေအိမ်၊ ပြည်နယ် တရားလွှတ်တော်ချုပ်ရုံးအနီးနှင့် ပြည်နယ်မြေစာရင်းရုံးအနီးတို့တွင် ဖေဖော်ဝါရီလ ၂၄ ရက် မနက်ပိုင်းက ဖြစ်ပွားခဲ့သော မိုင်းသုံးလုံး ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

■ ဝေလင်း

# ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းကို တိုင်းလွှတ်တော်တွင် ဆွေးနွေးမည်

**ပုသိမ်၊ မတ် ၁၅**

ဧရာဝတီတိုင်း ၂၀၁၇-ခုနှစ်၊ ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းသော လေ့လာစိစစ်တွေ့ရှိချက်ကို ဥပဒေပြုရေးကော်မတီက တိုင်းလွှတ်တော်အစည်းအဝေးသို့ တင်သွင်းခဲ့ပြီး ယင်းဥပဒေကြမ်းကို မတ်လ ၂၈ရက်တွင် ကျင်းပသည့်လွှတ်တော်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ယခုဥပဒေကြမ်းမှာ ၂၀၁၇ခုနှစ်က လွှတ်တော်တွင် တင်သွင်းခဲ့ပြီး လွှတ်တော်က လက်ခံရရှိပြီးနောက် လွှတ်တော်ကော်မတီ အပါအဝင်သက်ဆိုင်ရာ အဖွဲ့များက ဥပဒေကြမ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း၊ ယခုနှစ် မတ်လ ၁၄ရက်တွင် လွှတ်တော်သို့တင်သွင်းခဲ့ပြီး ဥပဒေ အတည်ဖြစ်ရေးကို ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ရန် လုပ်ဆောင်ခဲ့ကြောင်း ဥပဒေပြုရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်ဝင်း က ပြောသည်။

၂၀၁၇ ခုနှစ်၊ ရေချိုငါးလုပ်ငန်း ဥပဒေကြမ်းနှင့် ပတ်သက်၍ ဧရာဝတီတိုင်း ဒေသကြီးသည် ရေချိုဒေသ၊ ရေငန်ဒေသ၊ ရေချို ရေငန်စပ်ကြားဒေသများရှိသည့်အပြင် မြစ်ချောင်းအင်းအိုင် ပေါများသည့် ဒေသဖြစ်သဖြင့် ဒေသအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးရန်လိုကြောင်း ၎င်းက ဆိုသည်။

"ကျွန်မက ဥပဒေကြမ်းကို ဝင်ဆွေးနွေးဖို့ရှိပါတယ်၊ ကျွန်မတို့ မြို့နယ်မှာ ရေလုပ်သားတွေပြဿနာ၊ အင်းသားကြီးတွေပြဿနာ၊ ငါးဖမ်းကွက်ပြဿနာ၊ အင်းအိုင်ချောင်းမြောင်းပြဿနာတွေ အများကြီးဖြစ်နေတာလေ၊ ကျွန်မတို့ ကိုယ်တိုင်တောင် တရားစွဲခံရသေးတယ်" ဟု ညောင်တုန်းမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ် စားလှယ် ဒေါ်နီနီမိုး က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ၂၀၁၂ခုနှစ်က ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေ၏ အားနည်းချက်၊ ချွတ်ယွင်းချက်များကြောင့် အင်းသားကြီးများနှင့် ရေလုပ်သားငယ်များပြဿနာ၊ အင်းသားကြီးများနှင့် လယ်သမားများကြားပြဿနာများ ဖြစ်ပေါ်ခဲ့ရသည့်အပြင် ရေချိုငါးလုပ်ငန်းနှင့် ပတ်သက်၍ မကြာခဏ ဆန္ဒဖော်ပြမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ တိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

ယခု အသစ်ပြန်လည်ရေးဆွဲထားသည့် ၂၀၁၇ ခုနှစ်၊ ရေချိုငါးလုပ်ငန်း ဥပဒေတွင် အခန်းပေါင်း ၁၅ခန်း ပုဒ်မပေါင်း ၉၇ ခု ပါဝင်သည်။

■ R-11



The Voice

# YBS အို/ဟောင်းယာဉ်များ မတ်လ ၃၁ ရက် မအပ်နှံပါက လူစီးစလစ် ထုတ်ပေးမည်မဟုတ်

**ရန်ကုန်၊ မတ် ၁၅**

ရန်ကုန်တိုင်းအတွင်းရှိ YBS ယာဉ်လိုင်းများ၌ ပြေးဆွဲနေသည့် ၁၉၉၆၊ ၁၉၉၇၊ ၁၉၉၈ ခုနှစ်ထုတ် မော်ဒယ်လ် ယာဉ်အို၊ ယာဉ်ဟောင်းများ မတ်လ ၃၁ ရက် နောက်ဆုံးမအပ်နှံပါက လူစီးစလစ် ထုတ်ပေးမည်မဟုတ်ဟု YRTA က ထပ်မံ အသိပေးထားကြောင်း YBS ယာဉ်လိုင်း တာဝန်ခံများထံမှ သိရသည်။

အပ်နှံရန်ကျန်ရှိသည့် ယာဉ်အို၊ ယာဉ်ဟောင်းများကို ပြေးဆွဲခွင့်၊ လုပ်ငန်း လိုင်စင်၊ စီအန်ဂျီထုတ်ယူခွင့်များ ပိတ်သိမ်းမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ YRTA က ထုတ်ပြန် ကြေညာထားသည်။

"အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းကြန့်ကြာမှုရှိလို့ အပ်ဖို့ကျန်နေတဲ့ ယာဉ်တွေကို မတ်လကုန်အပြီးအပ်ဖို့ တိုင်းအစိုးရအဖွဲ့က ညွှန်ကြားတယ်။ ဒီယာဉ်တွေ သတ်မှတ်ရက်အတွင်း မအပ်ရင် လူစီးစလစ် မထုတ်ပေးတော့ဘူး" ဟု Power Eleven အများပိုင်ယာဉ်လိုင်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးတရုတ်လေးက ဆိုသည်။

ယာဉ်လိုင်းပေါင်း ၂၀ လိုင်းကို တာဝန်ယူပြေးဆွဲနေသည့် ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး YUPT ကုမ္ပဏီတွင် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်လ်ယာဉ် ၁၀၀ စီးကျော် အပ်နှံခဲ့ကြောင်း အဆိုပါကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်လွင်က ပြောကြားသည်။

လက်ရှိတွင် စစ်တမ်းကောက်ယူချက်အရ YBS ယာဉ်လိုင်းအတွင်း ပြေးဆွဲနေသည့် ၁၉၉၆၊ ၉၇၊ ၉၈ ခုနှစ်ထုတ် မော်ဒယ်လ်ယာဉ်အို၊ ယာဉ်ဟောင်းမှာ စီးရေ ၁၀၀၀ ခန့်ရှိပြီး ၃၆၀ စီးကျော် အပ်နှံကာ လူစီးစလစ်ထုတ်ယူထားကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန် တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီး ကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA အတွင်းရေးမှူး ဒေါက်တာ မောင်အောင်ထံ ဆက်သွယ်မေးမြန်းရာတွင် ဖုန်းဆက် ပိတ်ထားသဖြင့် မေး မြန်းနိုင်ခြင်း မရှိပေ။

YBS စနစ်သစ်တွင် ပြေးဆွဲနေသည့် နှစ် ၂၀ကျော်သက်တမ်းရှိ ယာဉ်အို ယာဉ်ဟောင်းများ အပ်နှံလဲလှယ်ခြင်းကို ၂၀၁၆ခုနှစ်က လုပ်ဆောင်ခဲ့ပြီး ကနဦး ၁၉၉၅ ခုနှစ်အောက်မော်ဒယ်လ်ယာဉ်အို၊ ယာဉ်ဟောင်းများ ဇွန်လကုန် နောက်ဆုံး အပ်နှံရန်သတ်မှတ်ခဲ့ပြီး လူစီးစလစ်ထုတ်ယူထားသည့်ယာဉ် ၃၁၁၃ စီးရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီး ဌာနထံမှ သိရသည်။

■ J-06

# လားရှိုးတွင် ဆိုင်ကယ်စီးလာသူနှစ်ဦး ဓားဖြင့်ခုတ်ခံရ

**လားရှိုး၊ မတ် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ပြည်ထောင်စုလမ်း၊ ခိုဆန်တန်ကျေးရွာတွင် မတ်လ ၁၄ ရက်နေ့ ညနေ ၃ နာရီကျော်က ဆိုင်ကယ်စီးလာသူ နှစ်ဦးကို ကားတစ်စီးပေါ်မှ အမျိုးသားလေးဦးက ဓားဖြင့်ခုတ်ခဲ့မှုဖြစ်ပွားခဲ့ကြောင်း လားရှိုးမြို့မရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် မောင်အောင်ခိုင် အသက် ၂၀ နှစ်နှင့် နေဇော်သော် အသက် ၂၁ နှစ်တို့နှစ်ဦးသည် ဓားဖြင့်ခုတ်ခံရသဖြင့် ဒဏ်ရာများရရှိခဲ့ရာ လားရှိုးဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြောင်း ယင်း ရဲစခန်းမှူး ဒုရဲမှူးကျော်နိုင်က ပြောကြားသည်။

ယင်းသို့ ဓားဖြင့်ခုတ်သွားသည့် မော်တော်ယာဉ်ကို မျက်မြင်များ၏ သတင်းပေးချက်အရ ရဲတပ်ဖွဲ့ကလိုက်လံ ရှာဖွေဖမ်းဆီးခဲ့ရာ မတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၄၀ မိနစ်ခန့်တွင် အဆိုပါ ယာဉ်မှ ယာဉ်မောင်းကို ဖမ်းဆီးထားပြီး ကျန်သုံးဦးကို ဆက်လက် ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

အဆိုပါဖြစ်စဉ်ကို လားရှိုးမြို့မ ရဲစခန်းက ပထမသတင်းပေးချက်အမှတ် (ပ)၉၀/၂၀၁၈တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ / ၁၁၄ ဖြင့် အမှုဖွင့်ထားကြောင်း ယင်းစခန်းထံမှ သိရသည်။

■ R-07

# ဆောတွင် ကျောင်းဆောက်စဉ် မြေကျူးကျော်သည်ဆိုကာ တရားစွဲ

**မကွေး၊ မတ် ၁၅**

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ရင်းခေါ်ရွာရှိ အ.မ.ကကျောင်း ဆောက်လုပ်ရာတွင် မြေနေရာကျူးကျော်ခဲ့သည်ဟုဆိုကာ ဒေသခံတစ်ဦးက တရားစွဲဆိုထားကြောင်း တရားစွဲဆိုသူ မိသားစုထံမှ သိရသည်။

အဆိုပါ ကျောင်းဆောက်လုပ်ခြင်း အပေါ် ယာပိုင်ရှင်ဖြစ်သူ ဒေါ်ကြင်က ပိုင်ဆိုင်မှုအထောက်အထားများပြ၍ ဆော မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ကျောင်းဆောက်လုပ်ရေးကော်မတီအဖွဲ့အား တရားစွဲဆိုခဲ့ကြောင်း ဒေါ်ကြင်၏ သားဖြစ်သူ ဦးဇော်လင်းက ပြောဆိုသည်။

“အရင်ကျောင်းဆောက်တာကို ဖျက်ပြီး ကျွန်တော်တို့ယာထဲကို ဆောက်ခဲ့တာ။ ဒေါ်ကြင်အမည်ပေါက် ပုံစံ(၇)နဲ့ ပိုင်ဆိုင်မှုအထောက်အထားအကုန်ရှိတယ်။ အရင်တုန်းက တားပိုင်ခွင့်မှ မရှိတာကိုး။ ကျွန်တော်တို့က တားတဲ့အခါကျတော့လည်း ဖမ်းမယ်ဆီးမယ်လုပ်တယ်။ မြေနေရာအတွက်လည်း လျော်ကြေးပေးခဲ့တာ မရှိဘူး”ဟု ၎င်းက ဆိုသည်။

ကျောင်းဆောက်လုပ်ရန် ကျူးကျော်သည့်မြေမှာ ၁ ဒသမ ၀၃ဧကရှိကြောင်း ဦးဇော်လင်းက ပြောဆိုသည်။

“သူတို့ပိုင်ဆိုင်တယ်ဆိုတာ မဟုတ်ပါဘူး။ သူတို့ပိုင်တယ်ဆိုရင် ဂရန်ရှိရမှာပေါ့။ ကျွန်တော်တို့က ဂရန်ရှိလို့ဆောက်တာလေ။ မြို့နယ်မြေယာစစ်ဆေးရေးကော်မတီကလည်း စစ်ဆေးပြီးသား။ ဗဟိုကနေ မြို့နယ်အဆင့်ထိ အသေးစိတ်ဖြေရှင်းပြီးသား။ သူတို့က တရားရုံးမှာတိုင်ချက်ဖွင့်ထားတယ်လို့သိရတယ်”ဟု ဆောမြို့နယ်ပညာရေးမှူး ဦးဘိကူဒူက ပြောဆိုသည်။

အဆိုပါမြေနေရာအငြင်းပွားမှုနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တိုင်ကြားထားကြောင်း တရားစွဲဆိုသူ မိသားစုထံမှ သိရသည်။

■ **လွင်အေး**


ဓာတ်ပုံ-အေးစုမွန်

# အဆင့်မြင့်ဈေးချိုတော်ရှိ စက်လှေကားများကို ပြင်ဆင်ရန်စီစဉ်

**မန္တလေး၊ မတ် ၁၅**

အဆင့်မြင့်ဈေးချိုတော်တွင် လက်ရှိအသုံးပြုနေသည့် စက်လှေကားများ၏ သက်တမ်းသည် ၂၅ နှစ်ခန့်ရှိနေပြီဖြစ်၍ အသစ်လဲလှယ်တပ်ဆင်ရန် ရှိနေကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာနမှူး ဦးခင်အောင်က ပြောကြားသည်။

“ခြောက်စင်းစလုံးကို အသစ်လဲဖို့ အစိုးရအဖွဲ့ကို တင်ပြထားတယ်။ ပြီးရင် လွှတ်တော်ကိုပို့မှာပေါ့” ဟု ၎င်းက ပြောဆိုသည်။

အဆင့်မြင့်ဈေးချိုတော် ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့အတွက် တပ်ဆင်ထားသော စက်လှေကား ခြောက်စင်းအနက် မြေညီထပ်ရှိ စက်လှေကားနှစ်စင်းသည် အသစ်လဲလှယ်တပ်ဆင်ပြီးဖြစ်ကာ ကျန်လေးစင်းမှာ ပြင်ဆင်ရန်လိုအပ်နေပြီဟု အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ - ၁ ဦးမြကျော်ဦးက ပြောကြားသည်။

“ပျက်နေတာတော့မရှိဘူး။ သိပ်သုံးမကောင်းလို့ အနားပေးထားတာတော့ရှိတယ်။ မြေညီထပ်က နှစ်ခုကတော့ အကောင်းပါ” ဟု ၎င်းက ပြောဆိုသည်။

အဆင့်မြင့်ဈေးချိုတော်ကို ၁၉၉၄ ခုနှစ်၊ ဇူလိုင်လက စတင်ဖွင့်လှစ်ခြင်း ဖြစ်ရာ ယခုအခါ သက်တမ်း ၂၅ နှစ် ရှိနေပြီဖြစ်ကြောင်း အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်အဖွဲ့ထံမှ သိရသည်။

■ **M-07**

# ခမောက်ကြီးမြို့စည်ပင် အမှိုက်စသိမ်းမည်

**ကော့သောင်း၊ မတ် ၁၅**

လူဦးရေတိုးလာခြင်းနှင့် အတူ ချောင်းထဲသို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ ရှိလာသည့် ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့တွင် မြို့စည်ပင်သာယာရေးအဖွဲ့က အမှိုက်များကို စတင်သိမ်းဆည်းမည်ဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

ယခင်က ခမောက်ကြီးမြို့တွင် စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းဆည်းခြင်းမရှိခဲ့သော်လည်း မြို့လူဦးရေများပြားလာခြင်းကြောင့် လာမည့် ဘဏ္ဍာရေးနှစ်မှ စတင် သိမ်းဆည်းမည်ဖြစ်ကြောင်း မြို့စည်ပင်သာယာရေးအဖွဲ့မှ ခမောက်ကြီးမြို့တာဝန်ခံ ဦးမန်းထွန်းယုအောင်က ပြောသည်။

“အရင်ကတော့ နေအိမ်တွေက ထွက်တဲ့ မီးဖိုချောင် အမှိုက်တွေကို တစ်နေ့စာတစ်နေ့ ကိုယ်ပိုင်တဲ့ခြံဝင်းထဲမှာ မီးပုံရှို့ပစ်ကြတာဆိုတော့ အမှိုက်က ပြဿနာမရှိဘူး” ဟု ဦးမန်းထွန်းယုအောင်က ဆိုသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရက ခမောက်ကြီးမြို့အတွက် အမှိုက်ကားတစ်စီး ခွင့်ပြုပေးရန်ရှိသည်ဟု ၎င်းကဆိုသည်။

ခမောက်ကြီးမြို့တွင် ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၉ ရွာရှိပြီး မြို့စည်ပင်သာယာရေးနယ်နိမိတ်ဖြစ်သည့် ရပ်ကွက် ၂ ခုတွင် အမှိုက်သိမ်းဆည်းမည်ဖြစ်ကြောင်း ဦးမန်းထွန်းယုအောင်က ဆိုသည်။

အမှိုက်သိမ်းသည့် လုပ်ငန်းမှာ စည်ပင်သာယာရေးအဖွဲ့က လုပ်သင့်သည့်အလုပ်ဖြစ်ပြီး လိုအပ်ပါက ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ခမောက်ကြီး မြို့ခံတစ်ဦးဖြစ်သူ ဦးရဲလေးက ပြောသည်။

“ချောင်းထဲကို ရွာထဲကလူတွေ အမှိုက်ပစ်တာတော့ သိပ်မရှိဘူး၊ အနီးနား ဆီအုန်းစိုက်ခင်းတွေက ဆီအုန်းလက်တွေ လာပစ်သလို ဈေးဆိုင်တွေကထွက်တဲ့ စွန့်ပစ်အမှိုက်တွေပဲ ညဘက်လူခြေတိတ်ချိန် ချောင်းထဲပစ်ကြတာများတယ်” ဟု ၎င်းကဆိုသည်။

ခမောက်ကြီးမြို့(ယခင်ခမောက်ကြီးမြို့နယ်ခွဲ) မြို့ပြဧရိယာတွင် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ ၁၀,၇၅၇ ဦးရှိသည်။

■ **Dawei Watch**

The VOICE Daily CARTOON




# သြစတြေးလျတက္ကသိုလ် တက်ရောက်လိုသူများအတွက် ပညာရေးဟောပြောမည်

**ရန်ကုန်၊ မတ် ၁၅**

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်တက်ရောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝင်ခွင့်ဆိုင်ရာအခွင့်အလမ်းများကို ဟောပြောမည်ဖြစ်ကြောင်း AVSS Myanmar (Australian Visa & Student Services)ထံမှသိရသည်။

မဲလ်ဘုန်းတက္ကသိုလ်တွင် ပညာသင်ကြားရန် Foundation Program ကို Trinity College တွင်အရင်ဆုံး တက်ရောက်ရမည်ဖြစ်ပြီး Trinity College ကျောင်းဖွင့်ချိန်၊ ဝင်ခွင့်သတ်မှတ်ချက်များ၊ ကျောင်းလခများ၊ သင်ကြားရမည့် ဘာသာရပ်များနှင့် ၅၀ ရာခိုင်နှုန်းပညာသင်ဆု အခွင့်အလမ်းများအကြောင်းကို ယင်းကောလိပ် တာဝန်ရှိသူများကိုယ်တိုင် လာရောက်ဟောပြောမည်ဖြစ်ကြောင်း AVSS Myanmar ထံမှ သိရသည်။

ပညာရေး ဟောပြောပွဲကို မတ်လ ၂၀ ရက်၊ ညနေ ၅ နာရီမှ ၇ နာရီထိ ရန်ကုန်မြို့ ရှန်ဂရီလာဟိုတယ်တွင် ပြုလုပ်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်သော ကျောင်းသား၊ ကျောင်းသူများနှင့် IGCSE (International General Certificate of Secondary Education) ပြီးဆုံးထားသော ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်မည်ဖြစ်သည်။

■ **J-19**

MANDALAY VOICE

# ဦးပိန်တံတား တိုင်လုံးများ၏ခံနိုင်ရည်ကို ဂျာမနီနည်းပညာရှင်များ စစ်ဆေးမည်

**မန္တလေး၊ မတ် ၁၅**


ဓာတ်ပုံ-မောင်သန့်

နာမည်ကျော် ဦးပိန်တံတားရှိ တိုင်လုံးများ၏ ကြံ့ခိုင်မှုနှင့် ခံနိုင်ရည်ကိုသိရှိနိုင်ရေး ဂျာမနီနိုင်ငံမှ ဗိသုကာပညာရှင်နှင့် သစ်သားပညာရှင်တို့က မတ်လကုန်ပိုင်းတွင် တိုင်းတာစစ်ဆေးပေးမည်ဖြစ်ကြောင်း ဦးပိန်တံတား ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် နည်းပညာများထောက်ပံ့ပေးနေသည့် နည်းပညာတက္ကသိုလ် (မန္တလေး) ဗိသုကာဌာနမှ ဒေါက်တာဇာခြည်မင်းက ပြောကြားသည်။

"တိုင်လုံးတွေရဲ့ ခံနိုင်ရည်အားဘယ်လောက်ကျန်သေးလဲဆိုတာကို နည်းပညာနဲ့စမ်းသပ်ပြီးတော့ တိုင်းအစိုးရကိုတင်ပြပေးဖို့ပါ။ တိုင်လုံးတစ်လုံးချင်းစီရဲ့ ပျက်စီးနေမှု၊ ခံနိုင်ရည်ရှိမှုကလဲဖို့သင့်တယ် မသင့်ဘူးဆိုတာ တွက်မယ်။ ခံနိုင်ရည်အား ဘယ်လောက် ကျန်သေးတယ်ဆိုတာမျိုး တင်ပြပေးမယ်" ဟု ၎င်းကပြောဆိုသည်။

နည်းပညာတက္ကသိုလ် (မန္တလေး) ဗိသုကာဌာနသည် ၂၀၁၅ ခုနှစ်အတွင်းကတည်းက ဂျာမနီနိုင်ငံမှ နည်းပညာရှင်များနှင့်ပူးပေါင်းကာ ဦးပိန်တံတားပြုပြင်ရေးအတွက် နည်းပညာပိုင်းထောက်ပံ့ပေးနေခြင်းဖြစ်ပြီး ယင်းအချိန်ကတည်းကပင် လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များကို တိုင်းအစိုးရအဖွဲ့နှင့် ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက် ဦးစီးဌာနထံသို့ တင်ပြမှုများရှိခဲ့သည်။

နည်းပညာတက္ကသိုလ်(မန္တလေး) ဗိသုကာဌာနမှ ကျောင်းသားကျောင်းသူများနှင့် မန္တလေးမြို့ရှိ တက္ကသိုလ် ကျောင်းသား ကျောင်းသူများသည် မတ်လ ၁၅ ရက်နေ့နံနက်ပိုင်းကလည်း ဦးပိန်တံတား ပြုပြင်ထိန်းသိမ်းရေး ကမ်ပိန်းတစ်ခုပြုလုပ်ခဲ့ပြီး တောင်သမန်ပတ်ဝန်းကျင် သန့်ရှင်းရေး ပြုလုပ်ခဲ့ကာ ဦးပိန်တံတားအကြောင်းကိုလည်း ဟောပြောမှုများပြုလုပ်ခဲ့ကြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနတာဝန်ရှိသူများနှင့် ဒေသခံဂေါပကအဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသည့် ဦးပိန်တံတား ပြုပြင်ထိန်းသိမ်းရေးကော်မတီအနေနှင့်လည်း ဦးပိန်တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး တိုင်လုံးများ၊ တံတားပေါ်ရှိ နားနေဆောင်အချို့နှင့် ကြမ်းခင်းများကိုလည်း ပြုပြင်ပေးထားကြောင်း ယင်းကော်မတီအဆိုအရ သိရသည်။ ■

**M-04**


ဓာတ်ပုံ-ဦးဝင်းလှိုင်

မြေကျွံမှုများဖြစ်ခဲ့သော ပုပ္ပားတောင်ကလပ် တောင်တက်လမ်းအနီးတွင် မြေထိန်းနံရံ တည်ဆောက်နေသည်ကိုတွေ့ရစဉ်

# ပုပ္ပားတောင်ကလပ် မြေထိန်းနံရံ ပြန်လည်တည်ဆောက်

**မိတ္ထီလာ၊ မတ် ၁၅**

မြေကျွံမှုများဖြစ်ခဲ့သော ပုပ္ပားတောင်ကလပ် တောင်တက်လမ်း အပိုင်းအနီးမှ နှစ်ပေါင်း ၃၀ ကျော်သက်တမ်းရှိ မြေထိန်းနံရံကို အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း ပုပ္ပားတောင်ကလပ်ဂေါပကအဖွဲ့ထံမှ သိရှိရသည်။

"ဒီမြေထိန်းနံရံက သက်တမ်းနှစ် ၃၀ ကျော်နေပြီ။ အောင်သိဒ္ဓိကုန်းမှာ မြေပြိုတုန်းက ဒီကမြေထိန်းနံရံနည်းနည်းလဲသွားတယ်။ ဒါကြောင့် အသစ်ပြန်လုပ်လိုက်တာ" ဟု ပုပ္ပားတောင်ကလပ်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးဝင်းလှိုင်က ပြောကြားသည်။

ပုပ္ပားတောင်၏ မြေမျက်နှာသွင်ပြင်အနေအထားသည် ကျောက်စိုင်ကျောက်တုံးတစ်ခုတည်းဖြင့် တည်နေခြင်းမျိုးမဟုတ်ဘဲ ကျောက်တုံးကျောက်ခဲပေါင်းများစွာဆင့်၍ ပေါင်းစပ်တည်ရှိနေကြောင်း၊ ကျောက်တုံးများအကြား မြေသားများရှိနေခြင်းကြောင့် မိုးများသောအချိန်တွင် ရေစိမ့်ဝင်ပြီး မိုးရေတိုက်စားကာ ကျောက်တုံးများ ပြိုကျတတ်ကြောင်း၊ မြေထိန်းနံရံ တည်ဆောက်ပေးခြင်းဖြင့် မြေပြိုမှုများကို ကာကွယ်ပေးကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါမြေထိန်းနံရံကို ဂေါပကအဖွဲ့၏ မတည်ငွေ ကျပ်သိန်း ၁၂၀ နှင့် အလှူရှင်များ၏ထည့်ဝင်ငွေဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး မတ်လကုန် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း၊ နံရံ၏ အလျားသည် ၇၅ ပေရှိပြီး အမြင့်မှာမြေမျက်နှာအနေအထားကိုမူတည်၍ အနည်းဆုံးခြောက်ပေခန့်ထားမည်ဖြစ်ကြောင်း ယင်းဂေါပကအဖွဲ့၏ လုပ်ငန်းစဉ်အရ သိရသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလက ရွာသွန်းခဲ့သောမိုးကြောင့် မြေကျွံကျခဲ့သော အောင်သိဒ္ဓိကုန်းရှိတံတားကို ပြန်လည်ပြင်ဆင်ပြီးဖြစ်ကာ ခေတ္တပိတ်ထားသောလမ်းကို ပြန်ဖွင့်ပေးထားသောကြောင့် ခရီးသည်တင်ကားကြီးများလည်း ယခင်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း ပုပ္ပားဒေသခံအချို့ထံမှလည်း သိရသည်။

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းကလည်း လွန်တူးစက်ကြီးများဖြင့် မြေကျင်းများတူး၍ အောက်ခံမြေအနေအထားများကိုလေ့လာလျက်ရှိပြီး မြေကျွံမှုများဖြစ်ခဲ့ရသည့်အကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့ထံ အစီရင်ခံစာတင်သွင်းနိုင်ရန် ပုပ္ပားတောင်ကလပ်တွင် သုတေသန လုပ်ဆောင်လျက်ရှိသည်။ ■

**R-01/M-05**

# မူးယစ်ဆေးဝါးရောင်းသည့် ရဲတပ်သားတစ်ဦးကို ဖမ်းဆီး

**မန္တလေး၊ မတ် ၁၅**

မန္တလေး-ပြင်ဦးလွင်ကားလမ်း၊ မြတဘက်ရာဘုရားရှေ့တွင် မတ်လ ၁၄ ရက်နေ့က မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ရာ၌ သယ်ယူရောင်းချရာတွင် ပါဝင်သည့် ရဲတပ်သားတစ်ဦးကိုပါ ဖမ်းဆီးထားကြောင်း ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

ယင်းဘုရားရှေ့တွင် မူးယစ်ဆေးဝါးများသယ်ဆောင်လာသည့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးစစ်ဆေးရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦး ပါဝင်ပတ်သက်နေသည်ကို စစ်ဆေးတွေ့ရှိရသောကြောင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။

အသက် ၃၈ နှစ်အရွယ်ရှိ ဒေါ်သန်းသန်းစိုးထံမှ (၈၈/၁) စာတန်းပါ စိတ်ကြွဆေး ၂၀၀ ပြားပါတစ်ထုပ်နှင့် ၁၉၀ ပြားပါတစ်ထုပ် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ၎င်းအနေနှင့် မန္တလေးမြို့ အမှတ် (၁၀) ရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်သားနေထက်လင်းထံမှ မတ်လ ၁၃ ရက်နေ့က ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်ဟု မှုခင်းမှတ်တမ်းအရ သိရသည်။

ယင်းသို့ မူးယစ်ဆေးရောင်းဝယ်မှုတွင်ပါဝင်သည့် ရဲတပ်သားကို သိပ္ပံလမ်း ၆၇ လမ်းနှင့် ၆၈ လမ်းကြားတွင် ဖမ်းဆီးရမိခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်လာသူ ဒေါ်သန်းသန်းစိုးနှင့် ရဲတပ်သား နေထက်လင်းတို့ကို အောင်ပင်လယ်နယ်မြေခံ ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ကာကွယ်တားဆီးရေးဥပဒေ ပုဒ်မ ၁၉(က)/ ၂၁ တို့ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■ **M-04**

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃

# ကျောက်စိမ်းလိုဏ်ဂူ သင်္ကြန်အကြိုနေ့ဖွင့်ရန်စီစဉ်

**မန္တလေး၊ မတ် ၁၅**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်လာပြီး ကျောက်စိမ်းတန်ချိန် ၃၀၀ ခန့်ဖြင့် တည်ဆောက်နေသော ငြိမ်းချမ်းသာယာကျောက်စိမ်းလိုဏ်ဂူကို ဧပြီလ ၁၃ ရက် (သင်္ကြန်အကြိုနေ့) တွင်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်နေသည်ဟု ကျောက်စိမ်းလိုဏ်ဂူတည်ဆောက်ရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါကျောက်စိမ်းလိုဏ်ဂူသည် ဝေရောစနကျောက်စိမ်းစေတီတော်ကြီး ပရိဝုဏ်အတွင်းရှိပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းကစ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သြဝါဒါစရိယဆရာတော်ကြီးများထံမှနေ၍ သြဝါဒခံယူကာ ဖွင့်လှစ်မည့်ရက်ကို သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ကျောက်စိမ်းလိုဏ်ဂူတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကြီးက ပြောကြားသည်။

"အလှူရှင်အနေနဲ့ ဘုရားတည်ပြီးသွားရင် ကျောက်စိမ်းသားတွေနဲ့ လိုဏ်ဂူလုပ်မယ်ဆိုတဲ့ရည်ရွယ်ချက်ရှိတယ်။ ဘုရားတည်နေရင်းနဲ့လိုဏ်ဂူကို တစ်ခါတည်းလုပ်ဖို့ရာ အချိန်မမီလိုက်ဘူး။ ကျောင်းကန်ဘုရားနဲ့ လိုဏ်ဂူဆိုတာ ဖြစ်စေချင်တာရယ်ပေါ့။ ကျောက်တွေကိုတစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်းလေ့လာလို့ရနိုင်အောင် ဖန်တီးပေးထားတာပေါ့" ဟု ၎င်းကရှင်းပြသည်။

ကျောက်စိမ်းလိုဏ်ဂူသည် အလျားပေ ၂၃၀၊ အမြင့် ၁၃၊ အနံ ၉ ပေခန့်ရှိပြီး ကျောက်စိမ်းများဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ လိုဏ်ဂူအတွင်း၌ ကျောက်စိမ်းရရှိသည့်နေရာများ၊ ကျောက်စိမ်းအမျိုးအစားများ၊ မြတ်စွာဘုရား ပွင့်တော်မူရာနေရာများပြသထားကြောင်း၊ ယင်းအပြင် ကျောက်စိမ်းဆင်းတုတော် ၃၀,၀၀၀ ကျော်၊ တန် ၅၀ ကျော် အလေးချိန်ရှိသည့် ကျွန်းသစ်လုံးများ၊ ရေတံခွန်များ၊ မြန်မာနိုင်ငံမှထွက်သည့် ပတ္တမြားအစစ်များ၊ ပျူခေတ် ပုဂံခေတ် အင်းဝခေတ် ကုန်းဘောင်ခေတ်လက်ရာ ဘုရားပုံစံငယ်များ၊ ကျောက်စိမ်းလက်ကောက်များ ပြသထားမည်ဖြစ်ကာ လိုဏ်ဂူဖွင့်ပွဲနှင့်ပတ်သက်သည့် စီမံချက်များကိုရေးဆွဲလျက်ရှိကြောင်း ကျောက်စိမ်းလိုဏ်ဂူတည်ဆောက်ရေးအဖွဲ့ထံမှ ထပ်မံသိရသည်။




**မြန်မာနိုင်ငံတွင်ပထမဦးဆုံးဖြစ်လာမည့် ကျောက်စိမ်းလိုဏ်ဂူသို့လာရောက်လည်ပတ်သူအချို့ကို တွေ့ရစဉ်**

ဝေရောစနကျောက်စိမ်းစေတီနှင့် ကျောက်စိမ်းလိုဏ်ဂူသည် မန္တလေးတိုင်း အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမှူး ကျေးရွာအုပ်စု ကွင်းအမှတ် ၆၂၈ ရှိကာ မြေအကျယ် ၄၊ ဧကပေါ်တွင် တည်ထားခြင်းဖြစ်သည်။

ဝေရောစနကျောက်စိမ်းစေတီနှင့် ကျောက်စိမ်းလိုဏ်ဂူကို မန္တလေးမြို့ရှိ အေးအေးခိုင် ကျောက်စိမ်းကုမ္ပဏီပိုင်ရှင် ဦးစိုးနိုင်မိသားစုက တည်ဆောက်လှူဒါန်းထားခြင်းဖြစ်ပြီး ကျောက်စိမ်းစေတီကို ၂၀၀၅ ခုနှစ် မေလက ဖွင့်လှစ်ပေးခဲ့သည်။

■ M-05

# တရားသူကြီး၏တာဝန်ဝတ္တရားကို နှောင့်ယှက်သည်ဟုဆိုကာ အမျိုးသမီးတစ်ဦး ထောင်လေးလချမှတ်ခံရ

**မန္တလေး၊ မတ် ၁၅**

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၌ တရားစွဲဆိုခံထားရသည့် အမျိုးသမီးတစ်ဦးသည် တရားသူကြီး၏ တာဝန်ဝတ္တရားကို နှောင့်ယှက်မှုဖြင့် မတ်လ ၁၅ ရက်နေ့က ထောင်ဒဏ်လေးလချမှတ်ခံရသည်။

မိသားစုပြဿနာဖြင့် အမှုရင်ဆိုင်နေရသည့် ဒေါ်ဇာဇာထွန်းသည် မတ်လ ၁၄ ရက်နေ့မွန်းလွဲပိုင်းက မြို့နယ် တွဲဖက်တရားသူကြီး ဒေါ်စုသက်ငုံနှင့် စကားပြောဆိုခဲ့ရာမှ တရားသူကြီး၏ တာဝန်ဝတ္တရားကို နှောင့်ယှက်သည်ဟုဆိုကာ ပုဒ်မ ၂၂၈ ဖြင့် ယင်းနေ့မှာပင်ဖမ်းဆီးခံရပြီးနောက် မတ်လ ၁၅ ရက်နေ့တွင် ထောင်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ဒေါ်ဇာဇာထွန်း၏ ညီမဒေါ်အိက ပြောကြားသည်။

"သူ (ဒေါ်ဇာဇာထွန်း) က တွဲဖက်တရားသူကြီးကိုသွားတွေ့ပြီးတော့ ၂၀၁၅ ခုနှစ်ကတည်းကဖြစ်နေတဲ့ မိသားစုပြဿနာ၊ တရားလိုကလည်း အမှုပိတ်သိမ်းပေးဖို့ပြောပြီးသွားပြီ၊ ရဲကအလုပ်မလုပ်လို့ အခုလိုဖြစ်တာပါလို့ပြောတယ်။ ပြီးတော့ အလုပ်မလုပ်တဲ့ ရဲတွေကိုတိုင်မယ်၊ တရားသူကြီးက မတရားလုပ်ရင်လည်း ဆန္ဒပြမယ်လို့ပြောခဲ့တယ်။ အဲဒီလိုပြောတဲ့အချိန်က တရားသူကြီးက အမှုစစ်ဆေးနေတာမဟုတ်ဘူး။ အခြားအလုပ်လုပ်နေတဲ့အချိန်။ အဲ့ဒါကို ချက်ချင်းပဲ ရဲခေါ်ပြီး လက်ထိတ်ခတ်ဖမ်းအချုပ်ထဲထည့်တယ်" ဟု ၎င်းက ဆိုသည်။

ထိုသို့လက်ထိတ်ခတ်ဖမ်းဆီးခဲ့ပြီးနောက် အခြားတွဲဖက်မြို့နယ်တရားသူကြီး၏တရားခွင်၌ အမှုကိုချက်ချင်းစစ်ဆေးခဲ့ကြောင်း၊ ယင်းသို့ စစ်ဆေးရာတွင်လည်း တရားစွဲဆိုခံရသူဒေါ်ဇာဇာထွန်းက ရှေ့နေဖြင့်ချေပခွင့်နှင့် အာမခံလျှောက်ထားခွင့်ပေးရန် တောင်းဆိုခဲ့ရာ တရားရုံးကခွင့်မပြုဘဲ အချုပ်ဖြင့်ထားခဲ့ကြောင်း ဒေါ်အိက ထပ်လောင်းပြောကြားသည်။

ယင်းသို့ချုပ်ထားခဲ့ပြီးနောက် မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစတင်ကာ အမှုကိုစစ်ဆေးခဲ့ကြောင်း၊ ထိုသို့စစ်ဆေးရာတွင် ရှေ့နေဖြင့်ချေပခွင့်မပေးဘဲ စစ်ဆေးခဲ့ခြင်းဖြစ်ပြီး မွန်းလွဲ ၃ နာရီခန့်တွင် ထောင်ဒဏ်လေးလ ကျခံစေရန် အမိန့်ချခဲ့ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

တရားသူကြီးကို ဝတ္တရားနှောင့်ယှက်မှုဆိုသည်မှာ တရားရုံးတစ်ခုခု၏ တရားခွင်အတွင်း အမှုစစ်ဆေးရင်ဆိုင်နေချိန်တွင် တစ်စုံတစ်ဦးက အမှုကို အနှောင့်အယှက်ဖြစ်ရန် ပြုမူပြောဆိုသည့်အခါတွင်စွဲဆိုရသည့်အမှုတစ်ခုဖြစ်ကြောင်း၊ ယခုဖြစ်ရပ်သည် တရားသူကြီးက အမှုစစ်နေချိန်မဟုတ်သည့်အတွက် မတရားမှုတစ်ခုသာဖြစ်ကြောင်း မတ္တရာမြို့နယ်တရားသူကြီးကို ဖိနပ်ဖြင့်ပစ်ပေါက်ခဲ့သည့် ရှေ့နေဦးဇော်ဝင်း (လိုင်စင်သိမ်းခံထားရ) က ပြောကြားသည်။

"ကျွန်တော့်အနေနဲ့ တရားရုံးမထေမဲ့မြင်ပြုမှုနဲ့စွဲတာကိုမပြောလိုဘူး။ ပြောချင်တာက ဒီအမျိုးသမီးကို တရားစွဲပြီးတာနဲ့ ရဲက လာပြီးလက်ထိတ်ခတ်တယ်။ အချုပ်ထဲထည့်တယ်။ အမျိုးသမီးတစ်ယောက်ကိုဖမ်းတဲ့အချိန်မှာ ထွက်ပြေးခုခံနိုင်လောက်တဲ့အခြေအနေမဟုတ်ရင် လက်ထိတ် (လုံးဝ) မခတ်ရဘူး။ နောက်တစ်ခုက ဒီအမှုက အာမခံပေးရတဲ့အမှုဖြစ်တယ်။ ဒါကို အာမခံမပေးဘူး။ ပြီးတော့ ဘယ်အမှုကိုပဲဖြစ်ဖြစ် ထောင်ဒဏ် ၇ ရက်ပဲချမှတ်လို့ရတဲ့ မူးယစ်ရမ်းကားမှုကအစ အမှုအားလုံးမှာ စွပ်စွဲခံရသူတွေက ရှေ့နေငှားခွင့်ရှိရမယ်။ ချေပခွင့်ရှိရမယ်။ ဒါကို ရှေ့နေနဲ့ချေပခွင့်မပြုတာက ဘာသဘောလဲ" ဟု ၎င်းကဆိုသည်။

ယင်းအမှုနှင့်ပတ်သက်၍ ပြည်ကြီးတံခွန်မြို့နယ် တရားရုံးမှ တရားသူကြီးဒေါ်ခင်မေဦးကို တွေ့ဆုံမေးမြန်းခွင့်တောင်းခဲ့သော်လည်း တွေ့ဆုံဖြေကြားခြင်းမရှိခဲ့ပေ။ ■

M-04

# မန္တလေးကျုံးအနီး သန့်စင်ခန်းဆောက်မည်ကို အိမ်ရှင်များကန့်ကွက်

**မန္တလေး၊ မတ် ၁၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေနှင့် ကျုံးအနီးရှိလမ်းမကြီးများတွင် အများသုံးသန့်စင်ခန်းဆောက်လုပ်ရန် အသုံးစရိတ်ချထားပေးသော်လည်း ကျုံးပတ်လည်တွင်နေထိုင်သူများက ကန့်ကွက်ထားသောကြောင့် အခက်အခဲဖြစ်နေကြောင်း ယင်းကော်မတီထံမှ သိရသည်။

"အိမ်သာတွေကို လမ်းဘေးမှာဆောက်ဖို့ရာမှာ အဲဒီနောက်က အိမ်တွေက ကန့်ကွက်တော့ ဘာလုပ်ရမှန်းမသိဘူးဖြစ်သွားတယ်။ ကျုံးဘေးမှာဆောက်ဖို့ကလည်း မသင့်တော်ဘူး" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူက ပြောကြားသည်။

မြေနေရာအခက်အခဲနှင့် ကန့်ကွက်မှုများရှိနေသောကြောင့် အများသုံးသန့်စင်ခန်းများဆောက်လုပ်ရန် ကြန့်ကြာနေရသည်ဟု ၎င်းက ပြောဆိုသည်။

"မန္တလေးကိုရောက်လာတဲ့ နိုင်ငံခြားသားအများစု အများဆုံး Complain (ညည်းညူ) တာက အိမ်သာမရှိတာနဲ့ အမှိုက်တွေနဲ့ ညစ်ပတ်နေတာကိုပါပဲ" ဟု မန္တလေးမြို့ခံ ခရီးသွားဧည့်လမ်းညွှန် ဦးဝင်းဇော်ဦးက ပြောကြားသည်။

မန္တလေးမြို့ပေါ်တွင် အများသုံးသန့်စင်ခန်းများကို သန့်ရှင်းသပ်ရပ်စွာဖြင့် စနစ်တကျတည်ဆောက်ပေးနိုင်မည်ဆိုပါက ပြည်ပခရီးသွားများအတွက် ကျန်းမာရေးကိစ္စ အဆင်ပြေသွားနိုင်သကဲ့သို့ ကောင်းမွန်သည့်ဝန်ဆောင်မှုတစ်ခုလည်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေနှင့် ကျုံးပတ်ဝန်းကျင်တွင် အများသုံးသန့်စင်ခန်းများဆောက်လုပ်ရန် နေရာရှာဖွေခဲ့ရာတွင် ကျုံးအရှေ့တောင်ထောင့်အနီး Alpine သောက်ရေသန့်စက်ရုံနှင့် အစိုးရရုံးများရှိသောလမ်းကိုသာ ရွေးချယ်ရတော့မည်ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။ ■

M-08

# ငွေအတုများ ရောထည့်ချေးသည့် ငွေချေးလုပ်ငန်း ဝန်ထမ်းနှစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ မတ် ၁၅**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ ဥယျာဉ်ကျေးရွာတွင် ရွာသူရွာသားများကို ထုတ်ချေးခဲ့သည့် ငွေစက္ကူများတွင် တစ်သောင်းကျပ်တန် ငွေစက္ကူအတုများ ရောနှောထည့်ပေးလိုက်သည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီမှ ဝန်ထမ်း အမျိုးသမီးနှစ်ဦးကို ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းမိသူနှစ်ဦးမှာ နေမင်းရောင်ခြည်အသင်း (အသေးစား ငွေရေးကြေးရေးလုပ်ငန်း) ကုမ္ပဏီမှ ငွေကိုင်ဖြစ်သူ အသက် ၃၁ နှစ် မချစ်စုဝေနှင့် စီမံကိန်းညှိနှိုင်းရေးမှူး အသက် ၂၆ နှစ် မအိဖြူအေးတို့ဖြစ်ပြီး ၎င်းတို့မှာ ငွေတု ပြုလုပ်ရာတွင် အသုံးပြုသည့် ကာလာမိတ္တူစက်၊ စက္ကူဖြတ်စက်တို့ကို အသုံးပြု၍ တစ်သောင်းကျပ်တန် ငွေစက္ကူအတုများ ပြုလုပ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

နေမင်းရောင်ခြည်အသင်း ကုမ္ပဏီမှာ မတ်လ ၁၃ ရက်နေ့က ဥယျာဉ်ကျေးရွာမှ ငွေကြေးလိုအပ်နေသည့် ကျေးရွာသူရွာသားများကို တစ်ဦးလျှင် အနည်းဆုံး ကျပ်တစ်သိန်းမှ လေးသိန်းအထိ ၅၇ ဦးကို ငွေထုတ်ချေးခဲ့ရာ စုစုပေါင်းချေးငွေ ကျပ်သိန်း ၂၂၀ ကျော်ခဲ့ကြောင်း ရဲအရာရှိက ပြောသည်။

"ကုမ္ပဏီက ရွာသားတွေကို တစ်ရာ-နှစ်ကျပ်ခွဲအတိုးနဲ့ ငွေထုတ်ချေးခဲ့တာ။ နောက်နေ့မှာ ကုမ္ပဏီဘက်က လူတွေ ရွာကိုထပ်လာပြီး ငွေထပ်မံချေးပေးဖို့ လုပ်နေချိန် ရွာသူရွာသား ၂၇ ယောက်က ရောက်လာပြီး မနေ့က သူတို့ကို ထုတ်ချေးပေးခဲ့တဲ့ ငွေစက္ကူတွေထဲမှ တစ်သောင်းတန်အတု ၁၂၇ ရွက်ရောနှောပါလာတယ်လို့ ပြောတယ်။ အဲဒါနဲ့ ရဲတပ်ဖွဲ့က ကုမ္ပဏီကိုဝင်စစ်ဆေးခဲ့ရာက ငွေစက္ကူအတုပြုလုပ်တဲ့ ဝန်ထမ်းအမျိုးသမီး နှစ်ယောက်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တာပါ" ဟု ရဲအရာရှိက ရှင်းပြသည်။

အဆိုပါ ငွေစက္ကူအတုကိစ္စနှင့် ပတ်သက်ပြီး ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်ရှိ နေမင်းရောင်ခြည်အသင်း ( အသေးစား ငွေရေးကြေးရေးလုပ်ငန်း) ရုံးသို့ ရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကုမ္ပဏီမှ ငွေကိုင် မချစ်စုဝေနှင့် စီမံကိန်းညှိနှိုင်းရေးမှူး မိအိဖြူအေးတို့ ထံမှ တစ်သောင်းကျပ်တန် ငွေစက္ကူအတု ၃၂ ရွက်နှင့် ရုံးခန်း အပေါ်ထပ်တွင် ငွေအတုပြုလုပ်သည့် စက်များကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဆက်လက်စစ်ဆေးရာ ၎င်းတို့နှစ်ဦးက ရုံးငွေများကို ကိုယ်ကျိုးအတွက် သုံးစွဲမိခဲ့သောကြောင့် ပြန်လည်မပေးအပ်နိုင်သဖြင့် ငွေစက္ကူအတုများ ပြုလုပ်ကာ ငွေချေး အရာရှိ ထုတ်ယူသည့် ငွေကျပ်သိန်း ၂၅၀ ထဲတွင် ရောနှောထည့်ပေးခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဖမ်းဆီးကာ ကျည်တောင်ကန်နယ်မြေ ရဲစခန်းတွင် ဇဟိုဘဏ်ဥပဒေ ပုဒ်မ ၁၀၅/၁၀၆ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

**S-03**

The VOICE Daily CARTOON




The Voice Daily

လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ

အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ရန်ကုန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊

မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်သူတွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူဒေသမှာရှိတဲ့ ချောင်းဆုံရွာမှာ မူလတန်းကျောင်းဖွင့်လှစ်ဖို့ ဆောက်လုပ်ရာမှာ ကူညီလိုအပ်နေမှုပါ။ မူလွန်ကျောင်းဖွင့်ဖို့အတွက် ရွာသားတွေရဲ့စုပေါင်းအားနဲ့ ကြိုးစားနေကြတယ်လို့ သိရပြီး ဆောက်လုပ်ရာမှာ ငွေကြေးအခက်အခဲအဆင်မပြေမှုနဲ့ ကြုံရတာမို့ ကျောင်းဆောင်ပြီးစီးဖို့ ခက်ခဲနေတယ်လို့ သိရပါတယ်။ ရပ်ရွာအင်အားနဲ့ အပြီးဆောက်လုပ်ဖို့အတွက် လူအင်အားတတ်နိုင်ပေမယ့် ငွေအင်အား အရေးပေါ်လိုအပ်နေတာမို့ တတ်အားသရွေ့ပါဝင်လှူဒါန်းလိုသူတွေ ဆက်သွယ်နိုင်မှာပါ။ အသေးစိတ်သိလိုတယ်၊ ဆက်သွယ်စုံစမ်းလှူဒါန်းလိုတယ်ဆိုရင် ဖုန်း ၀၉၇၇၈၉၉၇၆၇၀ ကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### သဘာဝပစ္စည်းတွေနဲ့ ထုတ်ထားတယ်လို့ အာမခံထားတဲ့ Detox armpit whitening cream

ခန္ဓာကိုယ်တစ်ခုလုံးက အသားအရေတွေ ညီညာဖို့ဆိုတာ အမြဲလိုလို ဂရုတစိုက်ထိန်းသိမ်းနေသူတွေကလွဲရင် နေ့စဉ် အလုပ်သွား အလုပ်ပြန်၊ ခရီးသွားလာ လှုပ်ရှားနေသူတွေအတွက် ခက်ခဲတဲ့ကိစ္စတစ်ခုပါ။ အသားအရေမညီညာတဲ့အထဲ ဒူး၊ ချိုင်းနဲ့ အတွင်းသားတွေက ပင်ကိုထက်ပိုပြီး ညိုမည်းတတ်လေ့ရှိတာမို့ စိတ်ညစ်နေရသူတွေအတွက် Detox armpit whitening cream ကို ညွှန်ပေးချင်ပါတယ်။ ပြည်တွင်းမှာပဲ ထုတ်လုပ်ထားတာဖြစ်ပြီး ဓာတုပစ္စည်းတွေ လုံးဝအသုံးမပြုထားဘူးလို့ အာမခံစကားဆိုထားလို့ စိတ်ချလက်ချသုံးနိုင်မှာပါ။ ချိုင်းသားနဲ့ဒူး ပြီးတော့ Bikini Area တစ်ဝိုက်မှာရှိတဲ့ ဆဲလ်အသေတွေကို ဖယ်ရှားပေးပြီး အသားအရောင်နဲ့အညီ ပြန်လည်ဖြူစေပြီး အနံ့အသက်ဆိုးတွေကို ဖယ်ရှားပေးမယ်လို့ ရောင်းချသူက အာမခံစကားဆိုထားပါတယ်။ ဈေးနှုန်းက ၁၀၀ မီလီ တစ်ဘူးကို ၁၁,၀၀၀ ကျပ်၊ ၁၅၀ မီလီ တစ်ဘူးကို ၁၆,၅၀၀ ကျပ် ကျသင့်မှာဖြစ်ပြီး ဝယ်ယူလိုတယ်ဆိုရင် Ma Ma Collection အမှတ် ၇၅၊ စက်မှုရတနာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၉ ၄၂၂၉၄၈၄၄ မှာ သွားဝယ်နိုင်မှာပါ။ ■



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

**ရန်ကုန်** တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စက်သုံးဆီများအား ကုမ္ပဏီ ဖွင့်လှစ်ရောင်းချမည်ဟုဆိုသောအခါ ထိုသတင်းက Facebook ထဲတွင် ပျံ့နှံ့လာသည်။ အမျိုးမျိုးဝေဖန်ကြသည်။ အချို့က ပြောသည်၊ ဈေး ကွက်စီးပွားရေးမှာ အစိုးရအနေနှင့် ဝင်မစွက်သင့်ဟုဆိုသည်။ ယခင်က အောင်မြင်မှုမရှိခဲ့သော ဝင်းသူဇာဆိုင်များကို ထောက်ပြ၍ ဝေဖန်ကြသည်။

ဝေဖန်ကြသူများ၏ ပြောစကားမှာလည်း မှန်ကန်သည့်အချက်များပါသည်။ စာရေးသူသည် ၁၉၈၈ ခုနှစ်မတိုင်မီ ဆိုရှယ်လစ်စီးပွားရေးစနစ်အတွင်း အနှစ် ၃၀ ကြာ လူ့ဘဝကိုဖြတ်သန်းခဲ့ရာ ဆိုရှယ်လစ်စနစ်အရမိဘများ စီးပွားပျက်ခဲ့ရသည်ကိုလည်း ကြုံရသည်။ ဘဝ၏အညှိုးငယ်ဆုံးအချိန်များကို ဖြတ်သန်းခဲ့ရသည်။ တစ်ဖန် ၁၉၈၈ ပြီးနောက် ဈေးကွက်စီးပွားရေးစနစ်ကိုဖြတ်သန်းရာ အနည်းငယ်သော လူအုပ်စုတစ်ခု ကြီးပွားသည်ကိုလည်း မြင်တွေ့ခဲ့ရပါသည်။ ၂၀၀၂ ခုနှစ်မှစတင်ပြီး စီးပွားရေးဝန်ကြီးဌာနတစ်ခု၏ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲအဖြစ် ၁၃ နှစ်ကြာတာဝန်ယူခဲ့ရရာ စီးပွားလူမှုဘဝအား သမိုင်းပညာရှင်တစ်ဦးအနေနှင့်ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ခွင့်ရခဲ့ပါသည်။ ၁၈ ရာစုနှစ် စက်မှုတော်လှန်ရေးမှသည် ၁၉၃၀ ပြည့်လွန် ကမ္ဘာ့စီးပွားရေးပျက်ကပ်ကာလ (Years of Depression) အထိ အရင်းရှင်ကဏ္ဍတွင်အစိုးရ၏ စွက်ဖက်မှုကင်းခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အမေရိကန်၏စီးပွားပျက်သည့်ကာလတွင် တစ်ကမ္ဘာလုံး ဒုက္ခရောက်ခဲ့ပါသည်။ အကျိုးဆက်မှာ မြန်မာနိုင်ငံတွင် ဆရာစံ၏ လယ်သမားသူပုန်ကြီးပါ ဖြစ်ခဲ့ပါသည်။ ထိုအချိန်တွင် သမ္မတကြီး ရုစဗဲ့မှ New Deal ဟူသောအစီအစဉ်ချမှတ်ကာ အမေရိကန်နိုင်ငံ၏ အခြေခံအဆောက်အဦများအား အပြင်းအထန်မြှင့်တင်ခဲ့ပါသည်။ ဘတ်ဂျက်အကြီးအကျယ်သုံးကာ လုပ်ငန်းများကိုဆောင်ရွက်သည့် စီးပွားရေးကို အောက်ဆီဂျင်ပေးခဲ့သည်။ အစိုးရသည် ပုဂ္ဂလိက အရင်းရှင်များ၏ပြဿနာအား လျစ်လျူရှုခြင်း၊ ပြည်သူများ၏ဘေးဒုက္ခကို မသိသလိုနေခြင်းမှ ရှောင်ခွာကာ အာရုံစိုက်မှု စတင်ပြုလာခြင်းဖြစ်ခဲ့ပါသည်။ ဈေးကွက်စီးပွားရေးစနစ်အား လွတ်လပ်စွာ စီးဆင်းခွင့်ပြုသည်ဆိုရာဝယ် အဓိပ္ပာယ်အပြည့်အစုံမှာ (Non-Control) ခေါ် ကြီးကြပ်မှုမပြုခြင်း ဖြစ်ပါသည်။ (Non-Intervention) ခေါ် ဝင်စွက်ခြင်းလည်း မဟုတ်ပါ။ အတိအကျပြောရသော် (Let’s go and watch) ဟုသုံးနှုန်းသော် ပိုမိုသင့်တော်ပါသည်။ မျက်နှာလွှဲခြင်း (do not take care) ဟုသုံးသော် မှားပါလိမ့်မည်။ (ဤဝေါဟာရများမှာ စာရေးသူ၏ကိုယ်ပိုင်တီထွင်သော ဝေါဟာရများဖြစ်ပါသည်။)

ဆိုရှယ်လစ်စီးပွားရေးစနစ်ကြီးကမူ လုံးလုံးကျဆုံးခဲ့ပါသည်။ သမဝါယမဆိုင်များမှာလည်း ထိုနည်းငင်းပင်၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်တွင် အဖွဲ့အစည်းကိုယ်စားပြု စီးပွားရေးလုပ်ငန်းများ (Semi State Owned Enterprises) များမှာလည်း တဖြည်းဖြည်းကျဆုံးခဲ့ပါသည်။ စက်မှု(၁)၏ ဝင်းသူဇာ၊ မန္တလေး လပခမှ နန်းမြင့်ကားလုပ်ငန်းတို့မှာ အကောင်းဆုံးလက္ခဏာများဖြစ်သည်။ ဤသို့ဆိုလျှင် အစိုးရဖြစ်စေ၊ အစိုးရကိုယ်စားပြုအဖွဲ့အစည်းမှုဖြစ်စေ၊ စီးပွားရေးလုပ်လျှင် ကျဆုံးမည်ဟူသောစကားမှာ ယေဘုယျအားဖြင့် မှန်ပေသည်။ ဤအယူအဆမှာ စီးပွားရေးလောကနှင့်ပတ်သက်သော အသိုင်းအဝိုင်းမှ ယနေ့အထိ မှန်ကန်နေသည်ဟု ယူဆထားပါသည်။ သို့သော် ထိုအဖွဲ့အစည်းများကျဆုံးရခြင်း၊ သမဝါယမအဖွဲ့အစည်းများ ကျဆုံးခဲ့ခြင်း၏ အကြောင်းအရင်းကိုရှာသော် စီမံခန့်ခွဲမှုအပိုင်းကို တွေ့ရှိရသည်။ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ စီမံခန့်ခွဲမှုမရှိခြင်း၊ အလုပ်သမားထုကို စေ့ဆော်နိုင်မှုမရှိခြင်းကို တွေ့ရသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးနောက်ပိုင်းတွင် ဈေးကွက်မှာ လွတ်လပ်စွာ စီးမျောရမည်။ Supply နှင့် Demand ကသာ အရာရာကိုလွှမ်းမိုးသည်ဟူသောအယူအဆမှာ ပိုမိုအားကောင်းလာသည်။ အမေရိကန်သမ္မတကြီး ရော်နယ်ရီဂင်လက်ထက်တွင် ကမ္ဘာတစ်လွှား၌ ဒီမိုကရေစီလှိုင်းလုံးနှင့်အတူ ဆိုဗီယက်ရုရှားပြိုကွဲမှု၏ နောက်ဆက်တွဲအဖြစ် ပျံ့နှံ့လာသည်။

သို့သော် ထိုအချိန်မတိုင်မီ အာရှအရှေ့ဖျားနိုင်ငံတစ်ခုဖြစ်သော တောင်ကိုရီးယားတွင် စစ်အာဏာရှင်များနှင့်အတူ အစိုးရမှပါဝင်ပတ်သက်သော စီးပွားရေးစနစ်တစ်ခုသည် တိုးတိုးတိတ်တိတ်ဖြင့် အလျင်အမြန်ကြီးထွားလာလျက်ရှိခဲ့သည်။ ကမ္ဘာတစ်လွှားမှ အသိအမှတ်မပြုကြသေးပေ။ ထူးချွန်သူ လုပ်ငန်းရှင်များအား အစိုးရမှ အကူအညီပေးခြင်း၊ ထောက်ကူပြုခြင်း၊ အခက်အခဲကြုံက ကုစားပေးခြင်း၊ အာမခံပေးခြင်းတို့ စသော (Let’s go along with Principle and Help) ‘ကူညီစောင့်ရှောက်မှုဖြင့် လမ်းကြောင်းထိန်းမူဝါဒ’ ကို ကျင့်သုံးလာခဲ့သည်။

ထိုစနစ်က အောင်မြင်လာသည်။ ၁၉၈၈ ခုနှစ်အတွင်း ဆိုးလ်အိုလံပစ်ကို ကျင်းပကာ တောင်ကိုရီးယား၏ စီးပွားရေးအောင်မြင်မှုကို ကမ္ဘာသို့ ထုတ်ပြလိုက်သည်။ တောင်ကိုရီးယားတွင် ၁၉၈၈ ခုနှစ်မတိုင်မီ ထိုကာလမှာ ယနေ့မြန်မာနိုင်ငံဖြတ်သန်းနေသော အဆင့်ဖြစ်သည်။ (၁၉၈၈ မှ ၂၀၁၀) အထိ ကာလအတွင်း မြန်မာနိုင်ငံအား စီးပွားရေးအရ ချုပ်ကိုင်ခွင့်ကို တပ်မတော်အစိုးရသည် အပြည့်အဝရခဲ့သည်။ သို့သော် ထိုအခွင့်အရေးကို အပြည့်အဝမကျင့်သုံးနိုင်။ တစ်ဖက်မှာ တပ်မတော်နှင့် ပညာရေးကဏ္ဍအလွန်အကျွံတိုးချဲ့မှုများအပါအဝင် ကြီးမားလွန်းသောအစိုးရယန္တရား၊ မှားယွင်းသော စီမံခန့်ခွဲမှု နိုင်ငံတကာမှပိတ်ဆို့အရေးယူမှုတို့ကြောင့် ကြီးမားသော အောင်မြင်မှုမရခဲ့ပေ။ သို့သော် ဆုံးရှုံးမှုတစ်ခုတော့မဟုတ်ခဲ့ပါ။




**ယနေ့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လှုပ်ရှားမှုနှင့် ဖွဲ့စည်းပုံကို လေ့လာသော် ဖက်ဒရယ်အသွင်ကို ဆောင်ယူလျက်ရှိသည်။ သို့သော် ပြည်ထောင်စုအဆင့်တွင် လုပ်ပိုင်ခွင့်အာဏာကို စွန့်လွှတ်နိုင်မှုမှာ အလွန်တရာ နည်းပါးလျက်ရှိပါသည်။ ဤသည်ကား ၁၉၆၂ မှ ၂၀၁၀ အထိ အနှစ် ၅၀ ခန့် မျိုးဆက်နှစ်ဆက်စာ အမြစ်တွယ်လျက်ရှိသော စနစ်၏ အမွေဆိုးတစ်ခု ဖြစ်ပါသည်။**

ယနေ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ဆောင်မှုများကို ကြည့်ကြပါစို့။ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာတစ်နိုင်ငံလုံးတွင် ကုန်ထုတ်စွမ်းအားစု အကြီးဆုံးဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကိုအကဲခတ်သော် ရန်ကုန်တိုင်းဒေသကြီးကဲ့သို့ လှုပ်ရှားမှု မတွေ့ရပါ။ ရှိတော့ရှိကြပါလိမ့်မည်။ ရန်ကုန်တိုင်း၏ ပင်ကိုသဘာဝအရကိုပင် တက်ကြွလှုပ်ရှားသော အစိုးရအဖွဲ့တစ်ဖွဲ့လိုသည်။

တောင်ကိုရီးယားပြီးတော့ အကောင်းဆုံးဥပမာတစ်ခုမှာ တရုတ်နှင့်ဗီယက်နမ်ဖြစ်သည်။ တရုတ်တွင် အစိုးရသည် စီးပွားရေးလုပ်ကိုင်သူအားလုံးကို အထောက်အကူပြုသည်။ မြန်မာနိုင်ငံတွင်မူ တပ်မတော်အစိုးရကာလအတွင်း ယခု ခရိုနီဟုခေါ်သောသူများကိုသာ ချီးမြှောက်သည်။ မြန်မာနိုင်ငံတွင်မူ ထိုအချိန်က အချိုရည်လုပ်ငန်းအား စက်မှု(၁)နှင့် ပုဂ္ဂလိကမှ နှစ်ဦးကိုသာခွင့်ပြုသည်။ စားအုန်းဆီကိုလည်း ထိုနည်းငင်းပင်။ ၂၀၀၉ ခုနှစ်တွင် အစိုးရမှ ရေနံလုပ်ငန်းရှိ ပြည်သူပိုင်ဓာတ်ဆီဆိုင်များကို ၁၀ ရာခိုင်နှုန်းသောမြေဈေးနှုန်းဖြင့် လက်တစ်ဆုပ်စာ လုပ်ငန်းရှင်များသို့လွှဲပေးခဲ့သည်။ ဈေးချိုချိုဖြင့်လွှဲပေးလေခြင်းဟု နည်းနည်းလေးမှပင် ထိုခေတ်တပ်မတော်အစိုးရအား အပြစ်တင်ရန်မရှိ။ အကြောင်းမူကား စက်သုံးဆီကဏ္ဍကို အစိုးရလက်မှ ပုဂ္ဂလိကလက်သို့ ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန် ရည်ရွယ်ခဲ့၍ဖြစ်သည်။ တပ်မတော်အစိုးရ၏ရည်ရွယ်ချက် အောင်မြင်သွားခဲ့သည်။ ယနေ့တွင် စက်သုံးဆီလောကသည် ကောင်းစွာလည်ပတ်နေလေပြီ။

ထိုခေတ်က အခွင့်ထူးရရှိသူများမှာ ယနေ့တွင် အရင်းကျေကာလကိုဖြတ်ကျော်ပြီးခဲ့လေပြီ။ ယနေ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ကုမ္ပဏီထောင်မည်ဆိုသောအခါ အခွင့်ထူးကို တန်းတူမရဟုဆိုသူ ထိုသူများကအဓိကကြွေးကြော်လေပြီ။

ဗီယက်နမ်အစိုးရ၏ အသွင်ကူးပြောင်းမှုကာလကို စာရေးသူအနေနှင့် အနီးကပ်ကြည့်ခွင့်ရခဲ့လေသည်။ ဗီယက်နမ်နှင့် တရုတ်အစိုးရနှစ်ဦး၏ ထူးခြားချက်မှာ နိုင်ငံရေး တင်းကျပ်စွာချုပ်ကိုင်ထားပြီး စီးပွားရေးဘက်တွင် ပြည်သူ့အကျိုးကိုကြည့်ခြင်း ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ ရွေးကောက်ပွဲ၌ သောင်ပြိုကမ်းပြိုအနိုင်ရခဲ့ခြင်းက ဒီ/ချုပ်အစိုးရအဖွဲ့အား နိုင်ငံရေးချုပ်ကိုင်ခြင်းကို ဖြစ်စေသည်။ လွှတ်တော်နှင့်အစိုးရဟု ကွဲပြားနေမည့်အစား ပါတီတွင်းဒီမိုကရေစီအရ ရရှိသော ဆုံးဖြတ်ချက်ကို တစ်သံတည်းထွက်ခြင်းဖြင့် တရုတ်နှင့်ဗီယက်နမ်၏အားသာမှုကို ရရှိစေမည် ဖြစ်ပါသည်။

ယနေ့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လှုပ်ရှားမှုနှင့် ဖွဲ့စည်းပုံကို လေ့လာသော် ဖက်ဒရယ်အသွင်ကို ဆောင်ယူလျက်ရှိသည်။ သို့သော် ပြည်ထောင်စုအဆင့်တွင် လုပ်ပိုင်ခွင့်အာဏာကို စွန့်လွှတ်နိုင်မှုမှာ အလွန်တရာ နည်းပါးလျက်ရှိပါသည်။ ဤသည်ကား ၁၉၆၂ မှ ၂၀၁၀ အထိ အနှစ်၅၀ ခန့် မျိုးဆက်နှစ်ဆက်စာ အမြစ်တွယ်လျက်ရှိသောစနစ်၏ အမွေဆိုးတစ်ခု ဖြစ်ပါသည်။

သို့ပါ၍ Federal ဆိုသော်လည်း ဘဏ္ဍာရေးအပါအဝင် စီမံခန့်ခွဲမှုအပိုင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၌ အခွင့်အာဏာ နည်းပါးလျက်ရှိပါသည်။ ဤသို့သောအခြေအနေများအရ ဘဏ္ဍာငွေကြေး မသုံးစွဲနိုင်သော တိုင်းဒေသကြီးအစိုးရအနေနှင့် ပုဂ္ဂလိကကဏ္ဍကို အားယူ၍ ကုမ္ပဏီတည်ထောင်သည်မှာ ဖြစ်သင့်ဖြစ်ထိုက်သောကိစ္စဖြစ်ပါသည်။

ဆိုရှယ်လစ်ပုံစံ အစိုးရလက်ဝါးကြီးအုပ်စနစ်၊ စီမံကိန်းအခြေပြုဗဟိုကွပ်ကဲမှုပြင်းထန်သော စီးပွားရေးစနစ်တို့သည် အောင်မြင်မှုရရှိနိုင်မည်မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနှင့် ကောင်းမွန်စွာသိရှိပါလိမ့်မည်။ သို့ပါ၍ စနစ်ဟောင်းတစ်ခုသို့ ဇွတ်တိုးသွားရောက်မည်တော့ မဟုတ်တန်ဟု ခန့်မှန်းပါသည်။

ဤနေရာတွင် အစိုးရမှ ဝင်ရောက်ပတ်သက်၍ အကြီးအကျယ်အောင်မြင်ခဲ့သည်မှာ ချီလီနိုင်ငံမှ အာဏာရှင် ဗိုလ်ချုပ်ကြီးပီနိုချက်အစိုးရဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးပီနိုချက်ကြောင့် ယနေ့ချီလီသည် အနောက်ဥရောပနှင့် တန်းတူဖွံ့ဖြိုးပြီးအဆင့်သို့ ရောက်ရှိသွားခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အစိုးရမှဝင်မစွက်ဘဲ ရှောင်ဖယ်ဖယ်နေခဲ့၍ တိုင်းပြည်တွင်း လေ့ပြေးတုန်း တက်ကျိုးခဲ့ရသည်မှာ ၂၀၀၈/၂၀၀၉ ခုနှစ်ခန့်က ဖြစ်ပါသည်။ အာရှခနေဘဏ်အပါအဝင် ဘဏ်ကြီးများ ပြိုလဲသည့်အခါ အစိုးရအနေနှင့်လည်းကောင်း၊ ဗဟိုဘဏ်အနေနှင့်လည်းကောင်း ဝိုင်းဝန်း၍ အာမခံပေးခြင်း၊ ကူညီပေးခြင်းတို့ဖြင့် ဝင်စွက်မည့်အစား၊ အစိုးရ၏မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်အပ်နှံပါက ဒီလိုမဖြစ်၊ ကဲမှတ်ပလား ဆိုသည့်ပုံစံမျိုးဖြင့် ကြည့်နေခဲ့ရာ ATM စက်များ၊ Credit Card များဖြင့် ဖွံ့ဖြိုးတိုးတက်သော ဘဏ်လုပ်ငန်းကြီး အရှိန်ပျက်ရပ်တန့်သွားခဲ့ရသည်။ အချိန်အတော်ကြာကုစားပြီးမှသာ ယနေ့အခြေအနေအထိ ပြန်ဖြစ်လာသည်ကို လူလတ်ပိုင်းအရွယ်အားလုံး သိကြပါသည်။ အစိုးရမှဝင်စွက်တိုင်း မကောင်းဟုဆိုသည်မှာ ယေဘုယျသာဖြစ်ပါသည်။

သို့ပါ၍ ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရမှဝင်ရောက်ကွပ်ကဲမှုသည် မှားယွင်းသည်ဆိုသောအချက်ကို လူမှုရေးသိပ္ပံပညာရှင်တစ်ဦးဖြစ်သူ စာရေးသူမှ ယေဘုယျအားဖြင့် ထောက်ခံပါသည်။ သို့သော် ဤအချက်တွင် အစိုးရသည် မူဝါဒကိုသာ ကိုင်တွယ်၍စီမံခန့်ခွဲမှုကို ကျွမ်းကျင်သူ၏လက်ထဲတွင်ရှိထားပါသည် (သို့မဟုတ်) အစိုးရသည် ပါဝင်ပတ်သက်သော်လည်း ဖိနှိပ်မှုမရှိလျှင်၊ ပြည်သူ့အပေါ်စေတနာကောင်းရှိလျှင် ဤအချက်သည် တောင်ကိုရီးယား၊ ဗီယက်နမ်၊ တရုတ်တို့ကဲ့သို့ဝင်ရောက်ထိန်းသိမ်းသော၊ အားပေးကူညီသောပုံစံမျိုးဖြစ်၍ ခေတ်သစ်ပုံစံ (A modern new model)တစ်ခုအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ကနဦးကြိုးပမ်းမှု (Pioneer Model) အဖြစ်လည်းကောင်း ဝိုင်းဝန်းထောက်ခံရမည်သာ ဖြစ်ပါသည်။

သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ကုမ္ပဏီဖွဲ့စည်းမည်ဟုဆိုလျှင်တော့ ၂၀၀၉ ခုနှစ်ကပင် စက်သုံးဆီကဏ္ဍတွင် အသာစီးရယူပြီးယခုထိလွှမ်းမိုးထားသူများနှင့် လက်တွဲသင့်သလား သို့မဟုတ် အခွင့်ထူးနှင့်ကင်းရှင်းသော၊ စီမံခန့်ခွဲမှုကောင်းသောအချက်များနှင့် ပြည့်စုံသည့် နှောင်းကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းသင့်သလောဆိုသည်ကို စာဖတ်ပရိသတ်ကြီးအား ကျွန်တော် မေးချင်ပါသည်။ တိုင်းဒေသကြီးအစိုးရသို့လည်း မေးချင်သည်။

■ **ဒေါက်တာအောင်မျိုး**

# ဪ...

ဒါနဲ့စကားမစပ်။ ပြောရဦးမယ်။

ပြီးခဲ့တဲ့အပတ်လောက်က နိုင်ငံခြားရုပ်ရှင်ဇာတ်ကားတစ်ခုကို အမှတ်မထင် ကြည့်ဖြစ်လိုက်တယ်။ Myawaddy Shopping Channel က ပြတာပါ။ ဇာတ်ကားနာမည်က The Green Mile လို့ခေါ်တယ်။ ဒီဇာတ်ကားကိုကြည့်ပြီးတော့ ကိုယ့်ရင်ထဲမှာ တစစ်စစ်နာကျင်လာတဲ့အထိ ခံစားမိလို့ ဒီစာကိုရေးမိတာဖြစ်ကြောင်း ဦးစွာပြောပါရစေ။

ဇာတ်အိမ်ကို အစပြုဖွဲ့တည်တာက ၂၀ ရာစုအစ အမေရိကန်နိုင်ငံပြည်နယ်တစ်ခုမှာရှိတဲ့ အကျဉ်းထောင်တစ်ခုက အဖြစ်အပျက်တစ်ခုပါ။

ဇာတ်လမ်းရဲ့အဓိကကျောရိုးက ဒီလိုပါ...။

တစ်ရက်သားမှာတော့ ထောင်အရာရှိ ပေါလ် တာဝန်ယူနေတဲ့ ကြိုးတိုက်အဆောင်(သေမိန့်ကျအကျဉ်းဆောင်)ကို အကျဉ်းသားအသစ်တစ်ဦး ရောက်လာမယ်လို့ သတင်းရတယ်။ နောက်ရက်မှာပဲ အကျဉ်းသားကို သယ်ဆောင်လာတဲ့ မော်တော်ယာဉ်ဟာ ထောင်ဘူးဝကနေ ကြိုးတိုက်အဆောင်ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်။ အဲဒီခေတ်တုန်းက မော်တော်ယာဉ်က ဒုတိယကမ္ဘာစစ်မဖြစ်ခင်က အလုံပိတ်ထားတဲ့ အော်စတင်ကား ပုံစံမျိုးပါ။ ကားက အလတ်စားအရွယ်လောက်ပေါ့။ ထောင်ဝင်းထဲ အကျဉ်းသားပို့တဲ့ကားဝင်လာတာကို မြင်ရတဲ့ အရာရှိပေါလ်က နည်းနည်းတော့ ထူးဆန်းနေတယ်လို့ ထင်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကားရဲ့နောက်ပိုင်းက နိမ့်နေပြီး ဘီးတွေက လေလျော့နေသလို အောက်ပိုင်းက လေးတွေကျိုးနေတဲ့ပုံမျိုး အိပက်အိပက်ဖြစ်နေလို့ပေါ့။

နောက်ခန်းတံခါးဖွင့်ပြီး တာဝန်ကျထောင်ဝန်ထမ်းက ကားပေါ်ကနေ အကျဉ်းသားကို ခေါ်ထုတ်လိုက်ရာမှာတော့ နောက်ပိုင်းနိမ့်ကျနေတဲ့ကားဟာ ပုံမှန်အတိုင်း မြင့်တက်သွားတာမို့ အရာရှိပေါလ်ကို အံ့အားသင့်စေခဲ့တယ်။ သေမိန့်ကျ အကျဉ်းသားဟာ အရပ်ခုနစ်ပေလောက်ရှိပြီး အရုပ်ဆိုးဆိုးနဲ့ သန်မာထွားကျိုင်းတဲ့ အသားမည်း နီဂရိုးကြီးတစ်ဦး ဖြစ်နေလို့ပါပဲ။ ရုတ်တရက်ကြည့်လိုက်ရင် လူ့ဘီလူးကြီးလားလို့တောင် ထင်ရမတတ်။

ဒါပေမဲ့ အကျဉ်းသားကြီးဟာ အရုပ်သာဆိုးတာ စကားပြော ညင်သာသလို ရုန်းရင်းဆန်ခတ်လုပ်တာလည်း မရှိဘူး။ ကြမ်းတမ်းမှုလည်း မရှိဘူး။ သူ့ရုပ်ရည် အသွင်အပြင်လက္ခဏာနဲ့ အပြောအဆို အမူအကျင့်တွေက တခြားစီ ဖြစ်နေတာကို တွေ့ရတယ်။

သူ့နာမည်က ဂျွန်ကော်ဖီလို့ခေါ်တယ်။ ကြိုးတိုက်ကို ရောက်လာတဲ့နေ့မှာပဲ သူဟာ ညဘက်ရောက်ရင် အမှောင်ကို ကြောက်တတ်ကြောင်းနဲ့ ညဘက်မှာ မီးအလင်းရောင်ရှိမှသာ အိပ်တတ်ကြောင်းကို ပြောတော့ ထောင်အရာရှိပေါလ်လည်း တွေးရခက်သွားတာပေါ့။

နောက်ရက်မှာ ပေါလ်ဟာ ဂျွန်ကော်ဖီရဲ့အမှုတွဲကို ဖတ်ကြည့်တဲ့အခါ လယ်တောမှာနေတဲ့ မိသားစုထဲက အသက် ၁၀ နှစ်အောက် မိန်းကလေး ညီအစ်မနှစ်ဦးကို မတော်တရော်ပြုကျင့်ပြီး အသေသတ်ခဲ့လို့ ပြည်နယ်တရားရုံးက သေမိန့်ချမှတ်ခံရသူတစ်ယောက် ဖြစ်တယ်ဆိုတာ သိလိုက်ရတယ်။ သို့တစေ ဂျွန်ကော်ဖီက သူမသတ်ဘူးလို့ အဖန်ဖန်ငြင်းဆိုပေမယ့် သက်သေမခိုင်လုံတာကြောင့် သူ သေဒဏ်အပေးခံရတာပါလို့ပြောရှာတယ်။

ပေါလ်အနေနဲ့ ဂျွန်ကော်ဖီရဲ့စကားကို မယုံနိုင်ပေမယ့် ရက်တွေကြာလာတော့ ဂျွန်ကော်ဖီရဲ့ စိတ်ထားနူးညံ့ပုံ၊ ကူညီတတ်ပုံနဲ့ သူ့မှာ ထူးခြားတဲ့စိတ်စွမ်းအင် ရှိတယ်ဆိုတာကို သိလာရတယ်။ သာမန်လူနဲ့ မတူတာက ဂျွန်ကော်ဖီဟာ လူတစ်ယောက်ရဲ့ လက်ဖဝါး ဒါမှမဟုတ် ကိုယ်ခန္ဓာ အစိတ်အပိုင်းတစ်ခုခုကို ထိလိုက်တာနဲ့ အဲ့ဒီလူရဲ့စိတ်နေစိတ်ထားနဲ့ အမူအကျင့်တွေကို သိနိုင်တဲ့ အကြားအမြင်အာရုံ ရှိတယ်ဆိုတာပါပဲ။

ထောင်အရာရှိပေါလ်ရဲ့လက်အောက်မှာ အလုပ်သင်ထောင်ဝန်ထမ်း ပါစီဆိုတာရှိတယ်။ ပါစီဟာ လူကောင်သေးပြီး ရုပ်ရည်လည်း ချောမောတယ်။ ဒါပေမဲ့ ပါစီဟာ စိတ်ထားယုတ်မာပြီး အကျဉ်းသားတွေအပေါ်မှာ အခွင့်အရေးရရင်ရသလို အကြောင်းမဲ့ ရိုက်နှက်တတ်သလို အနိုင်ကျင့်လေ့ရှိပြန်တယ်။ ဒါကို ပေါလ်အပါအဝင် တခြားထောင်ဝန်ထမ်းတွေကလည်း မနှစ်မြို့ပေမယ့် ပါစီကို စိတ်ကျန်းမာရေး ချို့ယွင်းနေသူဆိုပြီး အချိန်ယူကာ အကဲခတ် စောင့်ကြည့်နေကြတယ်။

ဒီလိုနဲ့ ရက်အတော်အတန်ကြာတော့ ကြိုးတိုက်ကို သေမိန့်ကျအကျဉ်းသားတစ်ဦး ရောက်လာပြန်တယ်။ သူ့နာမည်က ဘီလီလို့ခေါ်တယ်။ လူဖြူတစ်ယောက်ဖြစ်ပြီး လူရမ်းကားရုပ်မပေါက်ဘဲ ချောမောခံ့ညားပေမယ့် အကျဉ်းထောင်ဝန်ထမ်းတွေကို အမျိုးမျိုးဒုက္ခပေးပြီး ဆဲဆိုသောင်းကျန်းနေလေ့ရှိတယ်။

ဒီနေရာမှာ ပြောစရာရှိတာတစ်ခုက ထောင်အရာရှိပေါလ်မှာ နှစ်ရှည်လများ မပျောက်နိုင်ဘဲ သေလုမတတ်ခံစားနေရတဲ့ ကျောက်ကပ်ရောဂါရှိတယ်။ ဆီးတစ်ခါသွားရဖို့အရေး မျက်ရည်ပိုးပိုးပေါက်ပေါက်ကျအောင် ဆိုးရွားလှတယ်။ တစ်ရက်သားမှာတော့ ပေါလ်ခံစားနေရတဲ့ ဆီးရောဂါကို အကျဉ်းခန်းထဲက ဂျွန်ကော်ဖီက သူ့လက်နဲ့တို့ထိပြီး ကုသပေးလိုက်လို့




လုံးဝအရှင်းပျောက်သွားပါလေရောလား။ ဒီအခါမှာတော့ ဂျွန်ကော်ဖီရဲ့ ရိုးသားတဲ့စိတ်ထားနဲ့ စိတ်စွမ်းအင်ကို လုံးဝယုံကြည်သွားတော့တာပေါ့။

ထောင်အရာရှိပေါလ်ရဲ့အထက်မှာ ထောင်မင်းကြီးတစ်ဦးရှိတယ်။ အဲ့ဒီထောင်မင်းကြီးရဲ့ဇနီးဟာ လည်ချောင်းကင်ဆာ ခံစားနေရပြီး နေ့သေမလား၊ ညသေမလား ပူပန်ပြီး သောကပွားနေရတဲ့အချိန်ပေါ့။ တစ်ညသားမှာ ပေါလ်ဟာ သူ့ဝန်ထမ်းတွေနဲ့တိုင်ပင်ပြီး ဂျွန်ကော်ဖီကို ထောင်ကနေအပြင်ဘက်ကိုထုတ်ကာ ထောင်မင်းကြီးအိမ်ကို ခေါ်သွားကြတယ်။ ပြီးတော့ ထောင်မင်းကြီးရဲ့ဇနီး ခံစားနေရတဲ့ရောဂါကိုပျောက်အောင် ညတွင်းချင်းပဲ ကုသပေးလိုက်တယ်။ ရောဂါတစ်ခုကို ကုသပြီးတိုင်း ဂျွန်ကော်ဖီခမျာ မလှုပ်နိုင်မရှားနိုင်လောက်အောင် သေလုမျောပါး အားအင်ကုန်ခန်းသွားတာကို သနားစဖွယ် တွေ့မြင်ကြရပြန်တယ်။

ဒီလိုနဲ့ ဂျွန်ကော်ဖီကို ထောင်ထဲပြန်အပို့။ အကျဉ်းသားဘီလီရဲ့ အခန်းရှေ့ကိုအဖြတ်မှာ သံတိုင်ကြားက လက်တစ်ဖက်ထွက်လာပြီး ဂျွန်ကော်ဖီရဲ့ လက်တစ်ဖက်ကို ဖမ်းဆွဲထားပါလေရောလား။ ဘီလီက လက်နဲ့ဖမ်းဆွဲထားသလို ပါးစပ်ကလည်း အော်ဟစ်ဆဲဆိုလို့နေတယ်။ ဒီလိုဖြစ်တာက ရုတ်တရက်ဆိုတော့ အားအင်ကုန်ခန်းနေတဲ့ ဂျွန်ကော်ဖီက ချက်ချင်းမရုန်းနိုင်ဘဲ ခံလိုက်ရတယ်။ ပေါလ်အပါအဝင် ထောင်ဝန်ထမ်းတွေလည်း ကြောင်ပြီးကြည့်နေမိတော့တယ်။

ဆိုကြပါစို့။ နောက်တစ်ရက်မှာတော့ စိတ်ထားမကောင်းတဲ့ အလုပ်သင်ထောင်ဝန်ထမ်း ပါစီဟာ ဂျွန်ကော်ဖီရဲ့အကျဉ်းခန်းရှေ့မှာ လာရပ်ပြီး ဆဲဆိုနေတုန်း ဂျွန်ကော်ဖီက အိပ်ရာကထလာပြီး သံတိုင်ကြားကနေ ပါစီရဲ့ လက်ကို မလွတ်တမ်းဆွဲထားလိုက်တယ်။ ရုန်းကန်ဆူညံသံတွေကြောင့် ပေါလ်နဲ့ ထောင်ဝန်ထမ်းတွေ ပြေးလာပြီး ဖျန်ဖြေပေးလိုက်ရတယ်။ အဲ့ဒီနောက်တော့ ပါစီဟာ ကြောက်လန့်တကြားနဲ့ ပြေးထွက်သွားပြီး ဘီလီရဲ့ အခန်းရှေ့အရောက်မှာတော့ သူ့ခါးကြားက သေနတ်ကိုဆွဲထုတ်ပြီး သံတိုင်နောက်က ဘီလီကို အချက်ပေါင်းများစွာနဲ့ ပစ်သတ်လိုက်ပါလေရောလား။ ဘီလီလည်း အရုပ်ကြိုးပြတ်သလို ပုံလျက်သား လဲကျကာ ပွဲချင်းပြီး သေသွားတော့တာပေါ့။ သူ့ရဲ့အမိုက်ဇာတ်ကို ပွဲပြီးမီးသေ လုပ်လိုက်သလိုပဲ။ ပါစီကိုလည်း စိတ်ကျန်းမာရေးဆေးရုံကို ပို့လိုက်ကြရတယ်။

ထင်မှတ်မထားတဲ့ အဖြစ်အပျက်တွေဖြစ်ပြီးတဲ့ နောက်ရက်တွေမှာ ဂျွန်ကော်ဖီက ပေါလ်နဲ့ ထောင်ဝန်ထမ်းတွေကို အခုလိုပြောပြရှာတယ်။

ဘီလီက သူ့လက်ကို ကိုင်လိုက်တဲ့အချိန်မှာ ဘီလီရဲ့မကောင်းတဲ့ လုပ်ရပ်တွေ သူ့အာရုံမှာပေါ်လာတယ်။ ဘီလီဟာ လယ်တောကအိမ်တစ်အိမ်မှာ ဆေးသုတ်အလုပ်သမားအဖြစ် ဝင်လုပ်နေရင်း အဲဒီအိမ်က အသက် ၁၀ နှစ်အောက် ကလေးမလေး ညီအစ်မနှစ်ယောက်ကို မုဒိမ်းကျင့်သတ်ပြီး တောစပ်တစ်နေရာမှာ ထားခဲ့တယ်။ သူ ရောက်သွားတဲ့အချိန်မှာ ကလေးနှစ်ယောက်ရဲ့အလောင်းကိုသာ တွေ့လိုက်ရပြီး လူသတ်သမားကို မမိလိုက်ဘူး။ ရွာသားတွေ ရောက်လာတဲ့အချိန်မှာ ကလေးနှစ်ယောက်ရဲ့ အလောင်းက သူ့လက်ထဲမှာရှိနေတော့ သူ့ကို လူသတ်သမားလို့ယူဆပြီး အခုလို သေဒဏ်ပေးခြင်းခံရတာပါပဲလို့ ပြောရှာတယ်။ ဘယ်လိုပင် ရှင်းပြပေမယ့် သူ့ရုပ်ရည်နဲ့ အသွင်အပြင်က လူကောင်းတစ်ယောက်လို လက်ခံနိုင်စရာ လုံးဝမရှိလေတော့။ အခုလို သေမိန့်ကျ အကျဉ်းသား ဖြစ်နေရတယ်လို့ ပြောတော့တာပေါ့။

နောက် သူဆက်ပြောတာက အလုပ်သင်ထောင်ဝန်ထမ်း ပါစီဟာ အကျဉ်းထောင်အတွက် အမှိုက်တစ်စပဲ။ ဒါ့ကြောင့် မုဒိမ်းကောင် ဘီလီကို အမှန်တရားအတိုင်း အပြစ်ပေးနိုင်ဖို့နဲ့ ပါစီကို ပညာပေးနိုင်ဖို့ သူ့စိတ်စွမ်းအင်ကို အသုံးချလိုက်တယ်လို့ ဆိုတယ်။

ဂျွန်ကော်ဖီရဲ့စကားတွေကို ကြားလိုက်ရတဲ့ ပေါလ်နဲ့ ထောင်ဝန်ထမ်းတွေ အားလုံးဟာ အင်မတန်မှကို စိတ်မကောင်းဖြစ်ကြရတော့တာပေါ့။ အားလုံးက မျက်ရည်လည်ရွဲ ဖြစ်ကြရတယ်။

ဆိုတော့ကာ... သူ့ရောဂါကို ပျောက်အောင်ကုပေးတာကတစ်ကြောင်း၊ ထောင်မင်းကြီးရဲ့ဇနီး အသက်ကို ကယ်ခဲ့တာကတစ်ကြောင်း ကြောင့် ထောင်အရာရှိပေါလ်ဟာ သူ့ဘဝမှာ အခက်အခဲဆုံး အလုပ်တစ်ခုကိုလုပ်ဖို့ ယတိပြတ် ဆုံးဖြတ်လိုက်တယ်။ အဲ့ဒီဆုံးဖြတ်ချက်ကတော့ အပြစ်မရှိတဲ့ဂျွန်ကော်ဖီကိုထောင်ကနေလွှတ်ပေးလိုက်ပြီး သူက တာဝန်လစ်ဟင်းမှုအတွက် ဌာနဆိုင်ရာကပေးမယ့်အပြစ်ကို ခံယူဖို့ပါပဲ။

ဒီဆုံးဖြတ်ချက်ကို ဂျွန်ကော်ဖီက လုံးဝလက်မခံပါဘူး။ သူ ဒီကနေထွက်ပြေးလည်း တစ်နေရာမှာ ပြန်မိမှာပါပဲ။ အမှန်တရားဆိုတာ ရှိပေမယ့် အမှန်တရားမသိတဲ့ လောကကြီးမှာ အသက်ရှင်ပြီး ပုန်းလျှိုးကွယ်လျှိုးနဲ့ ပြေးလွှားနေရတာ ပျော်စရာမရှိပါဘူး။ လောကကြီးမှာ လူတစ်ယောက်ရဲ့ ရုပ်ရည်နဲ့ ပြင်ပသွင်ပြင်ကိုကြည့်ပြီး ဆုံးဖြတ်နေတဲ့အမှားတွေ များလှပါပြီ။ အရေပြားအောက်က စိတ်ထားအမှန်ကို မမြင်နိုင်တဲ့ လူ့လောကကြီးမှာ နေရတာထက် သေရတာက ပိုကောင်းပါတယ်။ အခုမသေလည်း နောက်တစ်နေ့မှာ သေရမှာပဲ။ အမှန်တရားမသိတဲ့ပတ်ဝန်းကျင်က လူတွေရဲ့ ထိုးနှက်ချက်တွေဟာ ဖန်မီးသီးရဲ့အကွဲအစတွေလို ကျွန်တော့်ဦးခေါင်းထဲမှာစိုက်ဝင်ပြီး ထိုးနှက်နေကြတယ်။ ဒါ့ကြောင့် သေဒဏ်ကျမယ့်နေ့ဟာ သူ့အတွက် မတရားမှုတွေလွှမ်းခြုံနေတဲ့ လူ့လောက ကနေ လွတ်မြောက်အေးချမ်းတဲ့နေ့လို့ ဂျွန်ကော်ဖီက ပြောရှာတယ်။

အချုပ်ပြောရရင် ဂျွန်ကော်ဖီကို သတ်မှတ်ထားတဲ့ရက်မှာ သေဒဏ်ပေးဖို့ကြိုတင်ပြင်ဆင်မှုတွေ လုပ်ကြတယ်။ သေဒဏ်ပေးခါနီးမှာ ဂျွန်ကော်ဖီဟာ လုံးဝတုန်လှုပ်ခြင်း မရှိပေမယ့် ပေါလ်အပါအဝင် ထောင်ဝန်ထမ်းတွေ အားလုံးက မတည်ငြိမ်နိုင်လောက်အောင်ကိုပဲ မျက်ရည်စက်လက်၊ ဝမ်းနည်းပက်လက်နဲ့ ခြေတုန်လက်တုန်ဖြစ်ခဲ့ကြပေမယ့် အားတင်းပြီး တာဝန်ထမ်းဆောင်ခဲ့ကြရတာပေါ့။

ဒီဇာတ်လမ်းကိုကြည့်ပြီး သံဝေဂရစရာ၊ တရားကျစရာတွေ အများကြီးရခဲ့တယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဂျွန်ကော်ဖီလို ထပ်တူကျနေတဲ့အဖြစ်မျိုးတွေ မရေတွက်နိုင်အောင်ပင် ရှိပါလိမ့်မယ်။ ‘မရှိခိုးနိုးနိုး မလှုစုံးယိုး’ ဆိုတဲ့ စကားပုံတောင် ရှိခဲ့တာကလား။ သက်သေအထောက်အထား မခိုင်လုံလို့ အမှန်တရားကို မသိနိုင်ဘဲ အမှားအတိုင်း ဆုံးဖြတ်ပြီး စီရင်ချက်ချခဲ့ရတဲ့ တရားရုံးတွေလည်း ရှိမှာပေါ့။ ကိုယ်တိုင်ကျူးလွန်ပြီးဝန်ခံရဲတဲ့ သတ္တိမရှိဘဲ အကုသိုလ်တစ်ပွေ့တစ်ပိုက်နဲ့ ပိန်းပိတ်အောင်မှောင်နေတဲ့သူတွေလည်း မရေတွက်နိုင်အောင်ပါပဲ။ အမှန်တရားရှိတယ်ဆိုပေမယ့် အမှန်အတိုင်း မဖော်ထုတ်နိုင်တဲ့၊ မဖော်ထုတ်နိုင်သေးတဲ့ အမှုအခင်းတွေလည်း မနည်းမနောပါပဲ။

နှစ်ချီပြီး ကြာနေတဲ့ ငါးလောင်းပြိုင် လူသတ်မှု၊ လေးလောင်းပြိုင် လူသတ်မှု၊ သုံးလောင်းပြိုင် လူသတ်မှု၊ နှစ်လောင်းပြိုင်လူသတ်မှု စသဖြင့် လက်သည်မပေါ်သေးတဲ့ သေမှုသေခင်းတွေကို ကြားဖူးကြမှာပါ။ မူးယစ်ဆေးပြား ၁၅ ပြားမိလို့ ထောင် ၁၅ နှစ်အကျခံရတဲ့မိန်းကလေး ရှိခဲ့ပေမယ့် ကွန်တိန်နာထဲမှာ တန်နဲ့ချီပြီးမိထားတဲ့ ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါးတွေလည်း ဖောခြင်းသောခြင်းမဟုတ်လား။ သစ်တောထဲမှာ ထင်းခြောက်ကောက်မိလို့ အရေးယူခံရတာရှိပေမယ့် တန်ချီပြီး သစ်ခိုးထုတ်နေတဲ့ မော်တော်ယာဉ်တွေကို ဖမ်းလို့မမိတာလည်း သိနေရတာပဲ။ ဆိုရရင် .... အမှန်တရားနဲ့ မိုင်ပေါင်ကုဋေဝေးနေတဲ့ အလွဲတွေက တောင်ပုံရာပုံ။ ဒါ့ကြောင့်လည်း အမှန်တရားရှိပေမယ့် အမှန်တရားမသိတဲ့ လောကကြီးလို့ ဆိုရပေတော့မပေါ့။

လောကမှာ အာဏာရှိသူရော မရှိသူရော၊ ဆင်းရဲသူရော ချမ်းသာသူရော၊ လူဆိုးရော လူကောင်းရော၊ ကြီးသူရော ငယ်သူရော ဘယ်သူပဲဖြစ်ဖြစ် နောက်ဆုံးတော့ သေရမယ့်နေ့ကို တစ်နည်းနည်းနဲ့ အရောက်သွားရပြီး ဘဝခရီးကို အဆုံးသတ်ကြရမှာပါ။ စောတာနဲ့ နောက်ကျတာပဲ ကွာကြမှာပါ။ ဒါပေမဲ့ ဘယ်သူတွေက နောက်ကြောင်းရှင်းရှင်း လိပ်ပြာသန့်သန့်နဲ့ သွားရမယ်ဆိုတာကို မိုးနတ်မင်း ဒါမှမဟုတ် ယမမင်းက စောင့်ကြည့်နေပြီး အူလှိုက်အသည်းလှိုက် ကြိုဆိုနေမှာကတော့ အသေအချာပါပဲခင်ဗျာ။

■ ကိုသောင်း (ပညာရေး)

# တပ်တည်မြဲအမိန့်ကို ချိုးဖောက်ခြင်းမရှိဟု ကိုသက်မောင်မောင် ပြောဆို

**ရန်ကုန်၊ မတ် ၁၅**

'တပ်တည်မြဲအမိန့်' မလိုက်နာ ဟုဆိုကာ မိဘများနေထိုင်ရာ တပ်လိုင်းခန်းသို့ဝင်၊ ထွက်ခွင့်မပေးသည့်ကိစ္စ မိမိအနေနှင့် တပ်တည်မြဲအမိန့်ပါ စည်းကမ်းများ ချိုးဖောက်ခြင်းမရှိကြောင်း တပ်မတော်သားတစ်ဦး၏ သားဖြစ်သူ ပခုက္ကူတက္ကသိုလ် ကျောင်းသားများသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုသက်မောင်မောင်က မတ်လ ၁၅ရက်တွင် ရန်ကုန်မြို့သို့ လာရောက်သတင်းစာရှင်းလင်းစဉ် ပြောဆိုသည်။

တပ်မတော်ထုတ်ပြန်ချက် (မတ်လ ၁၃ရက်ထုတ်)ပါ တပ်တည်မြဲအမိန့်တွင် စစ်သည်အဆင့်အတန်း အားလုံးနှင့် မှီခိုသူမိသားစုဝင်များအားလုံး နိုင်ငံရေးပါတီများနှင့်ဆက်သွယ်ခြင်း၊ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ လုပ်ဆောင်ချက်များကို ဆန့်ကျင်မှုပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်ခြင်း၊ ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ ဆူပူမှုအတွက် အားပေးအားမြှောက်ပြုခြင်းများ မလုပ်ဆောင်ရန်သတ်မှတ်ထားကြောင်း ပါရှိသည်။

"ကျွန်တော်က နိုင်ငံရေးပါတီမှာ ပါဝင်နေတာလည်း မဟုတ်ဘူး။ အဖွဲ့ဝင်လည်း မဟုတ်ဘူး။ ဘယ်ပါတီနဲ့မှလည်း အဆက်အသွယ် မရှိဘူး။ ကျွန်တော်က ကျောင်းသားသမဂ္ဂမှာပါပြီး ကျောင်းသားထုအကျိုးကိုပဲ ထမ်းဆောင်တာဖြစ်တယ်။ ဒါကြောင့်မို့ ဒီထဲ သူတို့(တပ်မတော်) ပြောထားတဲ့အချက်တွေမှာပါတဲ့ တပ်တွင်းစည်းကမ်းတွေကို ချိုးဖောက်ခြင်းမရှိဘူး" ဟု ကိုသက်မောင်မောင်က ပြောကြားသည်။

ဖေဖော်ဝါရီလဆန်းပိုင်းက ရေစကြိုမြို့နယ် ဖူလုံကျေးရွာရှိ အမှတ် ၁၀၁ ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက် အမှတ် ၂၅၆ ခြေလျင်တပ်ရင်းမှ တာဝန်ရှိအရာရှိတစ်ဦးက တပ်ရင်းအတွင်း တက္ကသိုလ်တက်နေသည့် မှီခိုသား၊ သမီးများ၊ အုပ်ထိန်းသူများကို တက္ကသိုလ်၌အေးချမ်းစွာပညာသင်ကြားရေး ဆွေးနွေးခဲ့ပြီး အမိန့်ညွှန်ကြားချက်များကို သိရှိလိုက်နာရန် ရှင်းပြခဲ့ပြီး လိုက်နာမည့်အကြောင်း လက်မှတ်ရေးထိုးစေခဲ့သည်။

ထိုအခါ မောင်သက်မောင်မောင်နှင့် ၎င်း၏မိခင်ဖြစ်သူက အရာရှိထံလာရောက်ပြီး လက်မှတ်ရေးထိုးစေခြင်းနှင့်ပတ်သက်၍ မချေမငံပြန်လည်မေးမြန်းပြီး တပ်ရင်းဌာနချုပ်က ချမှတ်ထားသောအမိန့်များကို မလိုက်နာနိုင်ကြောင်းနှင့် ကျောင်းသားသမဂ္ဂတွင် ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်ဟု မတ်လ ၁၃ရက်တွင် တပ်မတော်က ရှင်းလင်းခဲ့သည်။

စည်းကမ်းများသည် တပ်မတော်တစ်ရပ်လုံးအတွက် ထုတ်ပြန်ထားခြင်းဖြစ်ပြီး ယင်းတို့ကို သိရှိလိုက်နာမှုသာ တပ်တွင်းလိုက်ပါနေထိုင်ခွင့်ရရှိမည်ကို တပ်မတော်သားအားလုံးနှင့် မှီခိုသူများအားလုံး သိရှိပြီးဖြစ်ကြောင်း၊ မောင်သက်မောင်မောင်နှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များသည် တပ်မတော်၏ အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

တပ်ထုတ်ပြန်ချက်ပါ တပ်မတော်မှီခိုသူသား၊ သမီးများနှင့် အုပ်ထိန်းသူများကို အေးချမ်းစွာပညာသင်ကြားရေး ပညာပေးဆွေးနွေးခဲ့ခြင်း မရှိသကဲ့သို့ တပ်ရင်းဌာနချုပ် စည်းကမ်းများကို လိုက်နာရန် လက်မှတ်ထိုးစေခြင်းမဟုတ်ဘဲ ကျောင်းသားသမဂ္ဂက နုတ်ထွက်ရန် ဝန်ခံကတိလက်မှတ်ထိုးခိုင်းခြင်း ဖြစ်ကြောင်း ပခုက္ကူတက္ကသိုလ် ရူပဗေဒ၊ ဒုတိယနှစ်ကျောင်းသား ကိုသက်မောင်မောင်က ပြောဆိုသည်။

ယင်းသမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ခိုင်မင်းက "သူတို့ရဲ့တပ်စည်းကမ်းအနေနဲ့ တပ်တည်မြဲ အမိန့်နဲ့ အရေးယူတယ်။ ဒါလုံးဝမဖြစ်သင့်ဘူးလို့ယူဆတယ်။ ဒီအမိန့်က နိုင်ငံသားတစ်ယောက်ရဲ့ရပိုင်ခွင့် အခွင့်အရေးတွေကိုပါ လွှမ်းမိုးစေတယ်ဆိုရင် တပ်မတော်မှီခိုသူမိသားစုတွေရဲ့ နိုင်ငံသားအခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေကိုပါလွှမ်းမိုးမယ်ဆိုရင် သူတို့ရဲ့ဘဝအာမခံချက်ကိုလည်းပေးရမယ်လို့ ကျွန်တော်တို့ အနေနဲ့ယူဆတယ်။ ခုတပ်မတော်ရဲ့ လုပ်ရပ်က ကျောင်းသားတွေနဲ့ တပ်မတော်သားတွေကြားကို ကွာဟမှုပိုပြီးကြီးသွားစေတယ်လို့ ကျွန်တော်တို့ ပခုက္ကူတက္ကသိုလ် ကျောင်းသားသမဂ္ဂက ယူဆပါတယ်" ဟု ပြောကြားသည်။

ကိုသက်မောင်မောင်အနေနှင့် ယခင်က ဖခင်ဖြစ်သူတာဝန်ကျရာ အမှတ် ၂၅၆ ခြေလျင်တပ်ရင်း ဝန်ထမ်းအိမ်ရာတွင် မိဘများနှင့်အတူ နေထိုင်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၁၁ ရက်နောက်ပိုင်းမှစ၍ မိဘများနေထိုင်သည့်တပ်အတွင်း ဝင်ထွက်ခွင့်မရခဲ့ဘဲ လက်ရှိတွင် ဘုန်းကြီးကျောင်းများနှင့် သူငယ်ချင်းများ၏ အဆောင်များတွင် အဆင်ပြေသလို နေထိုင်ရကြောင်း ၎င်းနှင့်နီးစပ်သူများထံမှ သိရှိရသည်။ ■

J-19



# လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲရာမှ မီးလောင်

**ရန်ကုန်၊ မတ် ၁၅**

လှိုင်သာယာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဦးပုညလမ်းနှင့်ပဒေသာ(၄)လမ်းထောင့်တွင် မတ်လ ၁၄ ညနေ ၅ နာရီမိနစ် ၄၀ ခန့်က လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲရာ စတင်မီးလောင်ခဲ့ပြီး နေအိမ်တစ်လုံး၊ (၈)ခန်းတွဲ လိုင်းခန်းတစ်ခုနှင့် ဆိုင်ခန်းလေးခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

ယင်းမီးလောင်မှုကြောင့် အလျားပေ ၄၀၊ အနံပေ ၂၀ ခန့်ရှိ အုတ်ညှပ်တစ်ထပ်နေအိမ်တစ်လုံး၊ အလျား ပေ ၄၀ အနံ ပေ ၂၀ ခန့်ရှိ အုတ်ညှပ်နှစ်ထပ်နေအိမ်လိုင်းခန်းတစ်ခု၊ အချိုရည် ကုန်မျိုးစုံရောင်းဝယ်ရေးစတိုးဆိုင်အပါအဝင် ဆိုင်ခန်းလေးခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၂စု၊ လူဦးရေ ၂၉ဦးတို့ကို ယင်းဦးပုညလမ်းရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းတွင် ခေတ္တယာယီစခန်းဖွင့်လှစ်ထားကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"အဆောင်မှာငှားနေတဲ့ အမျိုးသားတစ်ဦးက ဟင်းချက်အိုးကို ပလပ်ထိုးထားပြီး မေ့သွားလို့ ရှော့ခ်ဖြစ်လောင်တာလို့ သိရတယ်။ လိုင်းခန်းတစ်ခုရယ်၊ နေအိမ်တစ်လုံးရယ်၊ အရက်ပုလင်းမျိုးစုံရောင်းတဲ့ဆိုင်တစ်ဆိုင်၊ ဖုန်းပြုပြင်ရောင်းဝယ်ရေးဆိုင်တစ်ဆိုင်၊ ကုန်စုံဆိုင်တစ်ဆိုင်နဲ့ အပ်ချုပ်ဆိုင် တစ်ဆိုင်ပါသွားတယ်၊ လူထိမှုတော့မရှိပါဘူး" ဟု ယင်းမီးလောင်ရာ ဦးပုညလမ်းတွင် နေထိုင်သူ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးက ရှင်းပြသည်။

ယင်းမီးလောင်ရာနေရာသို့ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ကွပ်ကဲမှုယာဉ် ၄ စီး၊ အထောက်အကူပြုယာဉ် ၄ စီးဖြင့် လှိုင်သာယာမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များမှ ရပ်ကွက်နေပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း၊ ယင်းမီးလောင်မှုကြောင့် မီးပေါ့ဆသုံးစွဲသည်ဟုဆိုသော အသက် ၃၈ နှစ်အရွယ် အမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားသည်။ ■

J-16

# စစ်ကိုင်းတိုင်းတွင် ခရီးသွားလမ်းညွှန်ဆိုင်းဘုတ်နှင့် သင်္ကေတများ တပ်ဆင်ရန်စီစဉ်

**ရန်ကုန်၊ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရီးစဉ်ဒေသများကို လွယ်ကူစွာ သွားလာနိုင်ရန် ခရီးသွား လမ်းညွှန်ဆိုင်းဘုတ်များနှင့် လမ်းညွှန်သင်္ကေတများကို တပ်ဆင်ရန် စီစဉ်နေကြောင်း စစ်ကိုင်းတိုင်းဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ဦးအောင်သူက ပြောကြားသည်။

"ခရီးစဉ်ဒေသတွေကို အဓိကထားပြီးတော့ လမ်းညွှန်မြေပုံတွေ တပ်ဆင်မယ်၊ မြေပုံအရေးအတွက်နဲ့ တပ်ရမယ့်ဆိုဒ်တွေကို ဒေသတွင်းအဖွဲ့တွေရဲ့တင်ပြချက်တွေကိုကြည့်ပြီး လိုအပ်သလို တပ်ဆင်မှာပါ။ ဒီမတ်လထဲမှာ အပြီး တင်ပြဖို့ပြောထားတယ်" ဟု ၎င်းကဆိုသည်။

စစ်ကိုင်းတိုင်းတွင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအနေနှင့် ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရာတွင် အဆင်ပြေစေရန် ခရီးသွားလမ်းညွှန်ဆိုင်းဘုတ်များနှင့် လမ်းညွှန်သင်္ကေတများ တပ်ဆင်ခြင်းကို ကနဦး အနေနှင့် စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုစသည့်မြို့သုံးခုတွင် စတင်မည်ဖြစ်ပြီး ဘဏ္ဍာရေးအခြေအနေအရ နောက်ထပ်မြို့များကိုလည်း ထပ်မံတပ်ဆင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

"လမ်းညွှန်ဆိုင်းဘုတ် တပ်တာကောင်းပါတယ်။ အရေးကြီးတာပေါ့၊ ဖြစ်နိုင်ရင် ဒေသဆိုင်ရာမြေပုံ ထုတ်နိုင်ရင် ပိုကောင်းမယ်။ TOUR SITE တိုင်း လမ်းညွှန်မြေပုံတွေ ဆိုင်းဘုတ်တွေရှိရမယ်၊ ဒါမှ ခရီးသွားတွေအတွက်ပိုကောင်းတယ်" ဟု ဂျပန်ဘာသာဖြင့် ဧည့်လမ်းညွှန်လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

စစ်ကိုင်းတိုင်းအတွင်း လည်ပတ်နိုင်သည့် ခရီးသွားဇုန် ခြောက်ခု သတ်မှတ်၍ ခရီးစဉ် ငါးခုကို ရေးဆွဲ၍ ခရီးသွားဝင်ရောက်မှုမြင့်တက်ရန် ဆောင်ရွက်ထားကြောင်း စစ်ကိုင်းတိုင်းဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။

ခရီးသွားဇုန် ခြောက်ခုမှာ စစ်ကိုင်းဇုန်၊ ရွှေဘိုဇုန်၊ ကသာဇုန်၊ ခန္တီးဇုန်၊ ကလေးဇုန်နှင့် မုံရွာဇုန်ဟူ၍ သတ်မှတ်ခြင်း ဖြစ်သည်။

"စစ်ကိုင်းဒေသက ဒီနှစ်ထဲမှာ ပြည်တွင်းခရီးသွားတွေ စိတ်ဝင်စားမှုများလာတဲ့ ဒေသတစ်ခုပါ။ သွားတာလည်း မြင့်တက်လာတယ်" ဟု ပြည်တွင်း ခရီးသွားလုပ်ငန်းတစ်ဦးက ဆိုသည်။

ခရီးသွားဇုန် ခြောက်ခုတွင် ခရီးသည်များ လည်ပတ်ရန် နေရာများအဖြစ် အစေခံခံတပ်၊ အလောင်းမင်းတရားဦးအောင်ဇေယျ နန်းတော်၊ ကနောင်မင်းသားကြီး၏ သံရည်ကျိုစက်ရုံ၊ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင် ဟန်လင်းပျူမြို့ဟောင်း ဒေသများအပြင် သဘာဝအခြေခံ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ထမံသီ ဘေးမဲ့တော၊ ဖိုလ်ဝင်တောင်၊ ကဘော်ချိုင့်ဝှမ်းလွင်ပြင်နှင့် နာဂဒေသတို့ကို လည်ပတ်နိုင်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်သည်။ ■

J-14

# WEEKEND GUIDE

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ဖျော်ဖြေပွဲတွေ၊ ပြပွဲတွေကို လက်လှမ်းမီသလောက် စုစည်းပြောပြလိုက်ပါတယ်။

## ကလေးငယ်တွေအတွက် ထူးစီစဉ်ပေးထားတဲ့ ရန်ကုန်မြို့တွင်းခရီးစဉ်



ကလေးငယ်တွေအတွက် သီးသန့် ရန်ကုန်မြို့တွင်း လေ့လာနိုင်မယ့် ခရီးစဉ်တစ်ခုကို ပြောပြချင်တယ်။ ဒီခရီးစဉ်ကို ဂျူဗီနိုင်းက ကလေးငယ်တွေအတွက် သီးသန့်စီစဉ်ပေးတဲ့ ခရီးစဉ်လေးဖြစ်ပါတယ်။ ဒီခရီးစဉ်မှာ ကလေးငယ်တွေအတွက် အမျိုးသားပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ ရွှေတိဂုံဘုရားတို့ကို ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ကလေးငယ်တွေရဲ့ ဘေးနားကနေ သေချာလိုက်ထိန်းပေးမယ့်သူတွေ ပါဝင်ထည့်သွင်းထားမှာဖြစ်ပြီး တစ်နေရာရောက်တိုင်း အဲဒီနေရာနဲ့ ပတ်သက်တဲ့အကြောင်းတွေ၊ သမိုင်းကြောင်းတွေနဲ့ ယဉ်ကျေးမှုအကြောင်းတွေကို အသေးစိတ်ပြောပြပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် ကလေးငယ်တွေမေးချင်တဲ့အကြောင်းအရာတွေနဲ့ သိချင်တာတွေကိုလည်း အသေးစိတ်ရှင်းပြပေးသွားမှာဖြစ်ပြီး ပျော်ပျော်ရွှင်ရွှင်သွားနိုင်အောင် ကားပေါ်မှာ ပုံပြောပြပေးမယ့်အစီအစဉ်တွေနဲ့ ဂိမ်းကစားနိုင်မယ့် အစီအစဉ်တွေလည်း ထည့်သွင်းထားမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်မှာပါဝင်တဲ့ ဝန်ဆောင်မှုတွေက ကလေးငယ်တွေကိုအိမ်အရောက်လာခေါ်ပေးမှာဖြစ်ပြီး အစားအစာတွေက နေ့လယ်စာ၊ အဆာပြေမုန့်၊ အအေးတို့ ပါဝင်မှာပါ။ ဒါ့အပြင် အိမ်ကမိဘတွေ စိတ်မပူရအောင် ကလေးငယ်တွေနဲ့ ဖုန်းတစ်ကြိမ်ပြောနိုင်မယ့် အစီအစဉ်တွေလည်း ထည့်သွင်းထားမှာဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း ဆေးသေတ္တာနဲ့ အလုံခါတ်ပုံတွေကို ရိုက်ကူးပေးသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းလေ့လာနိုင်မယ့် ခရီးစဉ်ကို မတ်လ ၂၅ ရက်နေ့ နံနက် ၈ နာရီ အိမ်တွေကို လိုက်လံခေါ်ဆောင်မှာဖြစ်ပြီး ညနေ ၄နာရီခွဲမှာ ပြန်လည်ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ခရီးစဉ်တစ်ခုကို အသက် ၅ နှစ်အထက်နဲ့ အသက် ၁၆ နှစ်အောက်ကလေးငယ် ၂၅ ဦးသာ လက်ခံသွားမှာဖြစ်ပြီး ကလေးငယ်တစ်ဦးကို ၂၀,၀၀၀ ကျပ် ကျသင့်မှာ ဖြစ်ပါတယ်။ ခရီးစဉ်နဲ့ပတ်သက်ပြီး အသေးစိတ်သိချင်တယ်ဆိုရင်တော့ အမှတ် ၂၂၅၊ ကျိုက္ကဆံဘုရားလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန် ဖုန်း ၀၉-၄၅၆၄၄၈၂၅ ကို မေးမြန်းနိုင်ပါတယ်။

ခရီးစဉ်အတွက် ကြိုတင်လေ့လာနိုင်အောင် အမျိုးသားပြတိုက်နဲ့ တိရစ္ဆာန်ဥယျာဉ်ထဲမှာ လေ့လာနိုင်မယ့် အကြောင်းတွေကို ဖော်ပြပေးလိုက်ပါတယ်။



### တိရစ္ဆာန်ဥယျာဉ်

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရဲ့မူလအစ တည်နေရာဟာ ယခုလက်ရှိရန်ကုန်ဆေးရုံကြီးနေရာဖြစ်ပြီး ၁၈၈၂ ခုနှစ်က ဖယ်ရာပြတိုက်အမည်နဲ့ တောရိုင်းတိရစ္ဆာန်တွေကို ခင်းကျင်းပြသခဲ့တာဖြစ်တယ်။ ၁၉၀၆ ခုနှစ်မှာတော့ ဧက ၇၀ ခန့်ကျယ်ဝန်းတဲ့ ယခုရန်ကုန်တိရစ္ဆာန်ဥယျာဉ်နေရာကို ပြောင်းရွှေ့ခဲ့ပြီး ဝိတိုရိယဘုရင်မ ပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်လို့ အမည်တွင်ခဲ့တယ်။ နောက်ပိုင်းမှာတော့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အမည်ကို ပြောင်းလဲခဲ့ပြီး အများပြည်သူ အပန်းဖြေအနားယူနိုင်ဖို့ ဘက်စုံအားကစားကွင်းကိုလည်း တွဲဖက်ဖွင့်လှစ်ခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာကြီး စတင်ဖြစ်တည်ချိန်ကစလို့ လက်ရှိအချိန်ထိ ကမ္ဘာပေါ်မှာ တည်ရှိခဲ့တဲ့၊ တည်ရှိနေတဲ့ သက်ရှိသတ္တဝါတွေနဲ့ ကမ္ဘာကြီးရဲ့သမိုင်းကို ခင်းကျင်းပြထားတဲ့ သဘာဝသမိုင်းပြတိုက်ကိုလည်း ပူးတွဲဖွင့်လှစ်ထားတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာရှိနေတဲ့ သတ္တဝါမျိုးနွယ်တွေအားလုံးကိုတစ်နေရာတည်းမှာ စုစည်းထားတဲ့အတွက် သတ္တဗေဒကိုစိတ်ဝင်စား လေ့လာနေသူတွေအတွက် မဖြစ်မနေ သွားရောက်သင့်တဲ့နေရာတစ်ခုဖြစ်ပြီး အများပြည်သူအနေနဲ့လည်း ရှားပါးမျိုးစိတ်တွေ၊ မျိုးသုဉ်းပျောက်ကွယ်လုမျိုးနွယ်တွေကိုကြည့်ရှုလေ့လာပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီနိုင်မှာ ဖြစ်ပါတယ်။ ဒီဥယျာဉ်ထဲမှာ ကြောက်စရာကောင်းတဲ့ ခြင်္သေ့၊ ကျား၊ ကျားသစ်၊ မိကျောင်းတွေ၊ ချစ်စဖွယ် ကျေးငှက်သာရကာ၊ ယုန်၊ ပူးလေးတွေနဲ့ သတ္တဝါမျိုးနွယ်ပေါင်း ၁၀၀ ကျော်၊ သစ်ပင်၊ ခြုံနွယ်မျိုးပေါင်း ၂၀၀ ကျော်ကို မြင်တွေ့ရမှာပါ။ ခြေကျင်လျှောက်ကြည့်နိုင်သလို အပျော်စီး ဘာဂီကားလေးနဲ့ မိသားစုလိုက် စီးချင်သူတွေအတွက် မိနစ် ၃၀ ကြာ စီးနင်းလည်ပတ်နိုင်တယ်။ အပျော်စီး ဘာဂီကားစျေးနှုန်းတွေက မိသားစုလိုက် သီးသန့်စီးမယ်ဆိုရင်တော့ ၁၀ယောက်စီးအတွက် ၇၀၀၀ ကျပ်၊ ၅ယောက်စီးအတွက်က ၅၀၀၀ ကျပ်တို့ကို ကျသင့်မှာဖြစ်ပြီး တစ်ဦးချင်းစီကို ၅၀၀ ကျပ်နှုန်းနဲ့ ထွက်ပေးနေတာဖြစ်ပါတယ်။ အပျော်တမ်းစီးနိုင်မယ့် စက်ဘီးတွေ၊ နှစ်ယောက်နင်းနိုင်မယ့်စက်ဘီးတွေ ငှားနိုင်အောင် စီစဉ်ထားပါတယ်။ ဒါ့အပြင် ရန်ကုန်မှာ e-Bike စီးချင်သူတွေအတွက်လည်း တိရစ္ဆာန်ဥယျာဉ်ထဲကို အပျော်စီး e-Bike လေးနဲ့ လည်ပတ်နိုင်အောင် အခုနောက်ပိုင်းထားပေးထားတာ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အပျော်တမ်းဆော့ကစားနိုင်မယ့် တောင်တက်ကစားကွင်းမှာတော့ တောင်တွေတက်ရသလို ဘောလုံးတွေနဲ့ အလုဆင်ပေးထားတာမို့ အေးအေးဆေးဆေးဆော့ကစားချင်သူတွေအတွက် အဆင်ပြေစေမှာ ဖြစ်ပါတယ်။ ရေထဲမှာ ဆော့ကစားချင်တဲ့ ကလေးငယ်တွေအတွက်လည်း ဘောလုံးအကြီးထဲမှာ လူဝင်ပြီး ဆော့ကစားနိုင်မယ့် ကစားစရာတွေလည်း ထားပေးထားတာဖြစ်ပါတယ်။ နေ့စဉ် မနက် ၈ နာရီကနေ ညနေ ၆ နာရီအထိဖွင့်လှစ်ထားပြီး ဝင်ကြေးကိုတော့ လူကြီးတစ်ယောက်ကို ၁၀၀၀ ကျပ်နဲ့ ၅ နှစ်ထက် ကလေးငယ်အတွက်ကိုတော့ ၅၀၀ ကျပ်သတ်မှတ်ထားတာ ဖြစ်ပါတယ်။

### အမျိုးသားပြတိုက်

ပြတိုက်ထဲမှာ ဘာတွေခင်းကျင်းပြထားတယ်ဆိုတာသိဖို့အတွက် ဘေးနားက ပြောပြပေးသူ၊ ရှင်းပြပေးသူမရှိပေမယ့် ဘယ်အထပ်မှာ ဘာတွေရှိတယ်ဆိုတဲ့ အကျဉ်းချုပ်ကိုတော့ ပြတိုက်မြေညီထပ်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။ ပြတိုက်ရဲ့ မြေညီထပ်မှာ မြန်မာအက္ခရာနဲ့ လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ခန်းမဆောင်နဲ့ ရတနာပုံခေတ်ပြခန်းတို့ကို လေ့လာကြည့်ရှုမှတ်သားနိုင်ပြီး ထိုခန်းမဆောင်နဲ့ကပ်လျက် ရတနာပုံခေတ်ပြခန်းမှာတော့ မန္တလေး မြနန်းစံကျော်ရွှေနန်းတော်ပုံစံငယ်၊ ခါတ်ပုံ၊ ပန်းချီကားတွေ၊ မြန်မာမှုလက်ရာမြောက်လှတဲ့ နန်းတွင်းပရိဘောဂပစ္စည်းတွေနဲ့ ဘုရင်၊ မိဖုရား အစရှိသူတို့ရဲ့နန်းတွင်းဝတ်စားတန်ဆာတွေကို ခင်းကျင်းပြသထားတာ တွေ့ရပါတယ်။

ပြတိုက်ရဲ့ပထမထပ်မှာ မြန်မာသမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ဦးပြခန်း၊ သဘာဝသမိုင်းပြခန်း၊ မင်းခမ်းဝတ်ပစ္စည်းပြခန်းနဲ့ မြန်မာနိုင်ငံသမိုင်းတင်ခေတ်ပြခန်းတို့ရှိပြီး ရှေးခေတ်လူသားတို့ စတင်ဖြစ်ပေါ်လာပုံ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တွေအကြောင်းကို စိတ်ဝင်စားဖွယ် တွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ရှာဖွေတွေ့ရှိထားတဲ့ ရှေးခေတ်လူသားတွေရဲ့ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းတွေကိုလည်း တွေ့မြင်ရပြီး မြန်မာဘယ်ကစသလဲဆိုတဲ့ သမိုင်းသက်သေအထောက်အထားတွေကိုလည်း ဗဟုသုတအနေနဲ့ဖြစ်စေ၊ ထည့်သွင်းစဉ်းစားရမယ့်အချက်အနေနဲ့ဖြစ်စေ တွေ့မြင်ရပါတယ်။ 'မြန်မာအစ တကောင်းက' ဆိုသည့်အတိုင်း တကောင်းမြို့ဟောင်းအကြောင်း မှတ်တမ်းတင်ပြသထားတာကို တွေ့နိုင်ပြီး မြို့ပြနိုင်ငံတွေအဖြစ် ယဉ်ကျေးမှုထွန်းကားခဲ့တဲ့ ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းကြီးမြို့ဟောင်းနဲ့ သရေခေတ္တရာမြို့ဟောင်းတွေ အကြောင်းကိုလည်း တူးဖော်တွေ့ရှိထားတဲ့ လက်မှုပစ္စည်းအပိုင်းအစတွေ၊ သမိုင်းမှတ်တမ်းအထောက်အထားတွေနဲ့ ခင်းကျင်းပြသထားတာ တွေ့ရတယ်။ ဒီနောက်မှာတော့ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ရဲ့ နန်းတော်ပုံစံငယ်တွေကိုလည်း မှတ်သားဖွယ်ရာ တွေ့မြင်ရပါတယ်။ မင်းခမ်းဝတ်ပစ္စည်းပြခန်းမှာတော့ ရွှေသားအစစ်၊ ကျောက်မျက်ရတနာတွေ စီခြယ်ထားတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ရင်သပ်ရှုမောဖွယ် မြင်တွေ့ရမှာပါ။

ဒုတိယထပ်မှာတော့ မြန်မာဝါဂီနစ်ပြခန်းနဲ့ မြန်မာ့ရိုးရာ ကျေးလက်အနုပညာပြခန်းတို့ကို ဖွင့်လှစ်ပြသထားပြီး မြန်မာ့အနုပညာ ရုပ်သေး၊ ဇာတ်သဘင်တို့အကြောင်းကို လေ့လာမှတ်သားနိုင်သလို မြန်မာ့ရိုးရာဂီတ တူရိယာတွေဖြစ်တဲ့ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဆိုတဲ့ ဂီတတူရိယာပစ္စည်းမျိုးစုံကိုလည်း ဗဟုသုတအနေနဲ့ မှတ်သားနိုင်မှာပါ။ မြန်မာ့ရိုးရာ ကျေးလက်အနုပညာပြခန်းမှာတော့ ရှေးခေတ်မြန်မာ့ကျေးလက်ရဲ့ လူနေမှုပုံစံ၊ အသုံးအဆောင်ပစ္စည်းတွေကို စုံစုံလင်လင် ခင်းကျင်းပြသထားပြီး နှစ်သက်တမ်း ၁၀၀ ကျော်ရှိပြီဖြစ်တဲ့ လက်ရာမြောက်လှတဲ့ နွားလှည်းယာဉ်၊ လက်ထိုးရက်ကန်းစင်၊ ဆလုံလှေတို့ကို တအံ့တသြငေးမောရပြီး ယုံကြည်ကိုးကွယ်မှုဆိုင်ရာပစ္စည်း၊ ခရီးသွားလာမှုဆိုင်ရာပစ္စည်း၊ အိမ်သုံး/လက်သမားသုံးနှင့် အထွေထွေသုံးပစ္စည်းတို့ကို တွေ့ရပါတယ်။ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာပြခန်းနဲ့ မြန်မာပန်းချီခန်းမဆောင်က တတိယထပ်မှာရှိပြီး ရှေးဟောင်းအဆင်တန်ဆာပြခန်းမှာ ရွှေသားအတိပြီးတဲ့ လည်ဆွဲ၊ နားတောင်း၊ လက်စွပ် စတဲ့ ရှေးခေတ်လက်ရာတွေနဲ့ပြည့်နှက်နေတဲ့ အဖိုးတန်ရတနာတွေကို ခင်းကျင်းပြသထားပါတယ်။ မြန်မာပန်းချီခန်းမဆောင်မှာတော့ ရှေးခေတ်ပန်းချီလက်ရာတွေ၊ မြို့ဟောင်းတွေက တူးဖော်တွေ့ရှိတဲ့ ဂူနံရံပန်းချီတွေအပြင် အဖိုးတန်လက်ရာတွေကို ခံစားနိုင်မှာပါ။

ပြတိုက်ရဲ့စတုတ္ထအထပ်မှာတော့ ဗုဒ္ဓဆင်းတုတော်များပြခန်းနဲ့ တိုင်းရင်းသားလူမျိုးများယဉ်ကျေးမှုပြခန်းတို့ရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိတဲ့ လူများစု လူမျိုးတွေရဲ့ ဝတ်စားဆင်ယင်ပုံ၊ နေထိုင်မှုပုံစံနဲ့ အသုံးအဆောင်ပစ္စည်းတွေကို လေ့လာမှတ်သားရမှာဖြစ်ပါတယ်။

အမျိုးသားပြတိုက်ကို တနင်္လာနေ့နဲ့ အစိုးရရုံးပိတ်ရက်များမှလွဲလျှင် နေ့စဉ် မနက် ၉နာရီခွဲကနေ ညနေ ၄နာရီခွဲအထိ ဖွင့်လှစ်ထားပါတယ်။ ■



## ပန်းချီဆရာ ကျော်သူဝင်းရဲ့ 3rd Solo Show ပွဲ

ပန်းချီပြပွဲတွေသွားချင်သူတွေအတွက် ပန်းချီဆရာ ကျော်သူဝင်းရဲ့ 3rd Solo Show ပွဲကို ပြောပြချင်တယ်။ ဒီပွဲက ပန်းချီဆရာ ကျော်သူဝင်းရဲ့ သုံးကြိမ်မြောက်ပြသတာဖြစ်ပြီး လက်ရာမြောက်တဲ့ ပန်းချီကားချပ်တွေကိုကြည့်ရှုခံစားရမှာ ဖြစ်ပါတယ်။ ဒီပွဲကို မတ်လ ၁၇ ရက်နေ့ကနေ မတ်လ ၂၅ ရက်နေ့၊ မနက် ၁၀ နာရီကနေ ညနေ ၆ နာရီအထိ Gallery 65 ပန်းချီပြခန်း အမှတ် ၆၅၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်မှာပြုလုပ်သွားမှာဖြစ်ပါတယ်။ ■



## အကြီးဆုံးအိမ်ရာ အရောင်းပြပွဲ

အိမ်ရာတွေကို ဘဏ်တွေနဲ့ချိတ်ဆက်ဝယ်ယူချင်သူတွေအတွက် အခုညွှန်ပေးချင်တာကတော့ အကြီးဆုံး အိမ်ရာအရောင်းပြပွဲကြီးကို ပြောပြချင်တယ်။ ဒီပွဲမှာ အိမ်ရာစီမံကိန်း ၃၀၀ ကျော်ကို ဘဏ်တွေနဲ့ ချိတ်ဆက်ဝယ်ယူနိုင်မယ့်အစီအစဉ်တွေ၊ ပရိုမိုးရှင်းအစီအစဉ်တွေနဲ့ တခြားစိတ်ဝင်စားဖွယ် အစီအစဉ်တွေ ထည့်သွင်းထားတာဖြစ်ပါတယ်။ ဒီပွဲကို မတ်လ ၁၆ ရက်နေ့ကနေ မတ်လ ၁၈ ရက်နေ့၊ မနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ တပ်မတော်ခန်းမမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## Nestle Cerelac စားကြစို့ ပွဲတော်



ကလေးငယ်တွေနဲ့ မိဘတွေ အတူတကွဆင်နွှဲနိုင်မယ့် Nestle Cerelac စားကြစို့ ပွဲတော်ကို ညွှန်းချင်တယ်။ ဒီပွဲမှာ ကလေးငယ်တွေအတွက် ဆော့ကစားနိုင်မယ့် ပျော်ရွှင်စရာဂိမ်းအစီအစဉ်တွေ၊ မေမေတို့အတွက် အာဟာရပြည့်ဝစေမယ့် ပြင်ဆင်ချက်ပြုတ်နည်းတွေနဲ့ ဗဟုသုတရစေမယ့် အစီအစဉ်တွေ ပါဝင်မှာဖြစ်ပြီး ကလေးငယ်တွေရဲ့ဖျော်ဖြေမှုအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီပွဲကို မတ်လ ၁၈ ရက်နေ့၊ မနက် ၁၁ နာရီကနေ ည ၈နာရီအထိ မန္တလေးမြို့ရှိ Mingalar Mandalay ပရိုမိုးရှင်းဧရိယာမှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ■

## တနင်္ဂနွေနေ့တိုင်း စီစဉ်ထားတဲ့ Novotel ဟိုတယ်ရဲ့ ဘူဖေးအစီအစဉ်

အစားအစာတွေကို ဘူဖေးအစီအစဉ်နဲ့ စားချင်သူတွေအတွက် Novotel ဟိုတယ် ငါးလွှာမှာရှိတဲ့ The Square ရဲ့ Splash Brunch အစီအစဉ်လေးကို ညွှန်းချင်တယ်။ ဒီအစီအစဉ်လေးက လတ်ဆတ်တဲ့ ပင်လယ်စာတွေဖြစ်တဲ့ ပုစွန်၊ ကဏန်း၊ ကမာ စတဲ့ ပင်လယ်စာတွေကို ခင်းကျင်းထားတာဖြစ်ပြီး ဘေးမှာလည်း ပင်လယ်စာအသုပ်တွေအပြင် အရွက်အစုံမျိုးစုံကိုလည်း တွဲစားနိုင်အောင် စီစဉ်ထားတာဖြစ်ပါတယ်။ ပင်လယ်စာတွေနဲ့ ဘေးကပ်ရပ်မှာလည်း တခြားနိုင်ငံတွေရဲ့ နာမည်ကြီးအစားအစာတွေ မြည်းစမ်းကြည့်နိုင်မှာဖြစ်ပါတယ်။ ဂျပန်အစားအစာတွေဖြစ်တဲ့ ဆူရှီအစားအစာတွေ၊ ရေဘဝဲကြော်၊ Sashimi တွေကို စားနိုင်မှာဖြစ်ပြီး မြန်မာ့အစားအစာကြိုက်သူတွေအတွက်လည်း မြန်မာ့ရိုးရာအသုပ်စုံနဲ့ တခြားမုန့်မျိုးစုံတွေလည်း စားနိုင်မှာပါ။ ဒါ့အပြင် အကင်ကြိုက်သူတွေအတွက် လတ်လတ်ဆတ်ဆတ် စားနိုင်အောင် ကြိုက်နှစ်သက်တဲ့အသားတွေကို ချက်ချင်းလှီးခိုင်းပြီး ကင်ခိုင်းနိုင်မှာဖြစ်ပါတယ်။ ထမင်းနဲ့တွဲဖက်စားဖို့ ဟင်းအမယ်တော်တော်များများ စီစဉ်ထားပြီး တွဲဖက်သောက်ဖို့ စွပ်ပြုတ်တွေလည်း စီစဉ်ပေးထားပြန်တယ်။ အချိုပွဲတွေအနေနဲ့က ကိတ်မျိုးစုံ၊ အသီးမျိုးစုံ၊ ပူတင်း စတဲ့ အဆာပြေစားနိုင်မယ့် အချိုပွဲတော်တော်များများလည်း ရှိပါတယ်။ သောက်စရာတွေအနေနဲ့က ဖျော်ရည်မျိုးစုံနဲ့ ကြိုက်နှစ်သက်တဲ့ Cocktail တစ်မျိုးမျိုးကိုလည်း ဧည့်ခံထားပြန်တယ်။ ကလေးငယ်တွေ ပျော်ပျော်ရွှင်ရွှင်စားနိုင်အောင် မျက်နှာပန်းချီခြယ်ပေးတဲ့အစီအစဉ်တွေလည်း ထည့်သွင်းထားပြီး ကလေးငယ်တွေဆော့ကစားနိုင်အောင် ကစားကွင်းလေးပါ စီစဉ်ထားပါသေးတယ်။ လူတစ်ယောက်ကို ဒေါ်လာ ၃၉ ကျသင့်မှာဖြစ်ပြီး ကလေးငယ်တွေအတွက် ၆ နှစ်ကနေ ၁၂ နှစ်အောက်ဆိုရင်တော့ တစ်ဝက်ပဲပေးရမှာဖြစ်ပါတယ်။ ဒီအစီအစဉ်လေးက တနင်္ဂနွေနေ့ တစ်ရက်သာစီစဉ်ထားတာဖြစ်ပြီး ကြိုတင်ဘိုကင်လုပ်ချင်ရင်တော့ ဖုန်း ၀၉-၂၅၁၁၈၅၉၈၉ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■

# Suspicious Partner





ဒီတစ်ပတ်တော့ 'Suspicious Partner' လို့ အမည်ရတဲ့ ကိုရီးယားအချစ်၊ ဒရာမာဇာတ်လမ်းတွဲလေးကို ညွှန်းပေးချင်ပါတယ်။ ဘုံဟီး (နမ်ဂျီဟွန်း) က ဥပဒေရေးရာ သုတေသနနဲ့ လေ့ကျင့်ရေးတက္ကသိုလ်မှ ကျောင်းသူတစ်ယောက်ပါ။ တစ်ရက်မှာတော့ ဘုံဟီးက ရထားပေါ်မှာ ဂျီဝူး(ဂျီချန်ဝူး) နဲ့ ဆုံစည်းခဲ့ပါတယ်။ ဘုံဟီးရဲ့တင်ပါးကို တခြားအမျိုးသားတစ်ယောက်က ကိုင်ခဲ့ပေမယ့် ဘုံဟီးကတော့ သူ့အနားမှာရှိနေတဲ့ ဂျီဝူးက ကိုင်ခဲ့တယ်ထင်ပြီး ပြစ်တင်ပြောဆိုရာကနေ သူတို့နှစ်ယောက် အချင်းများခဲ့ကြပါတယ်။

ဘုံဟီးဆီကို လူစိမ်းတစ်ယောက်က စာတို (Message) ပို့ပြီး ရည်းစားဖြစ်သူ ဟီဂျွန်းက အခြားမိန်းကလေးတစ်ယောက်နဲ့ ခြေရှုပ်နေတဲ့အကြောင်းကို အသိပေးလာခဲ့ပါတယ်။ ဘုံဟီးက မယုံချင်ပေမယ့်လည်း ဟီဂျွန်း ရှိနေတယ်လို့ သိထားတဲ့ ဟိုတယ်ကို လိုက်သွားရာမှာတော့ မိန်းကလေးတစ်ယောက်နဲ့ ခြေရှုပ်နေတာကို မျက်မြင်တွေ့ခဲ့ရပါတယ်။ ဟီဂျွန်းကို ရွံ့ချင်တဲ့ ဘုံဟီးက ဟိုတယ်ထဲမှာ တိုက်မိတဲ့ ပထမဆုံးလူနဲ့ ညလိုက်အိပ်မယ်လို့ပြောဆိုပြီး ထွက်လာရာမှာတော့ ရထားပေါ်မှာ စကားများခဲ့တဲ့ ဂျီဝူးနဲ့တိုက်မိခဲ့ပါတယ်။

တကယ်တော့ ဂျီဝူးက ဟိုတယ်မှာ ဧည့်သည်တစ်ယောက်နဲ့ လာတွေ့တာဖြစ်ပြီး ဘုံဟီးတို့စုံတွဲရဲ့ ဖြစ်ရပ်ကိုလည်း မြင်တွေ့ခဲ့ပါတယ်။ ကိုယ်တိုင် ချစ်သူရဲ့ သစ္စာဖောက်ခြင်းကို ခံခဲ့ရတဲ့ ဂျီဝူးက ဘုံဟီး အရှက်မရစေဖို့အတွက် တိုက်မိချင်ယောင်ဆောင်ပြီး ကူညီပေးခဲ့တာပါ။ နောက်ပိုင်းမှာတော့ ရထားပေါ်က ဖြစ်ရပ်အမှန်ကိုလည်း ဘုံဟီးက နားလည်သွားခဲ့ပြီး သူ့အမှားအတွက် ဂျီဝူးကိုလည်း တောင်းပန်ခဲ့ပါတယ်။ ရေစက်မကုန်ကြသေးတဲ့ဘုံဟီးနဲ့ ဂျီဝူးက နောက်သုံးလအကြာမှာတော့ ပြန်လည်ဆုံစည်းခဲ့ကြပါတယ်။ အမှုအခင်းတွေကို စုံစမ်းစစ်ဆေးရတဲ့ အရာရှိတစ်ယောက်ဖြစ်တဲ့ ဂျီဝူးဆီကိုဘုံဟီးက အလုပ်သင်ဝန်ထမ်းအနေနဲ့ ရောက်လာခဲ့တာပါ။

ရထားပေါ်မှာ စတွေ့ကတည်းက အထင်လွဲစရာတွေရှိခဲ့တဲ့ သူတို့နှစ်ယောက်က ဆရာနဲ့တပည့်အဖြစ် ပြန်လည်ဆုံတွေ့ရာမှာလည်း သိပ်ပြီးအစေးမကပ်လှပါဘူး။ သစ္စာဖောက်သွားတဲ့ ရည်းစားဟောင်း ဟီဂျွန်းကို အခဲမကျေနိုင်သေးတဲ့ ဘုံဟီးက သူတို့စုံတွဲကိုတွေ့တိုင်း သတ်ပစ်မှာဖြစ်ကြောင်း ကြိမ်းဝါးပြောဆိုလေ့ရှိပါတယ်။ တစ်ညမှာတော့ စတိုးဆိုင်တစ်ခုမှာ လိုအပ်တဲ့ ပစ္စည်းတွေထွက်ဝယ်ပြီး တိုက်ခန်းကိုပြန်လာတဲ့ ဘုံဟီးက အခန်းဝမှာ ဓားထိုးခံရပြီး လဲကျသေဆုံးနေတဲ့ ရည်းစားဟောင်း ဟီဂျွန်းကို တွေ့ခဲ့ရာမှာတော့ ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာ ဆက်လက်ရှုစားရမှာပါ။ ဒီဇာတ်လမ်းတွဲကို ဒါရိုက်တာ ပွဲခ်ဆန်ဟိုက ရိုက်ကူးထားပြီး ဂျီချန်ဝူး၊ နမ်ဂျီဟွန်းနဲ့ ခွဲတေဂျွန်းတို့ အဓိက ပါဝင်သရုပ်ဆောင်ထားပါတယ်။ ■

# ဘိုးတော်ဘိန်းစား ဘာဘူ

ဒီတစ်ပတ်တော့ ဟာသကားကြည့်ချင်သူတွေ အတွက် ဘိုးတော်ဘိန်းစားဘာဘူ ဇာတ်ကားလေးကို ညွှန်းချင်တယ်။ ဒီကားမှာ မင်းခေတ်တေး (လူမင်း) အောင်မြင်တဲ့စာရေးဆရာတစ်ဦးပါ။ ခင်သက်ဆု (ခိုင်နှင်းဝေ) နဲ့ပုလဲဆု (ဆုလာဘ်) တို့ညီအစ်မတွေက မိဘတွေမရှိတော့ချိန်မှာ ခင်သက်ဆုရဲ့လောင်းကစားအလွန်လုပ်တာတွေကြောင့် မိဘတွေထားခဲ့တဲ့ အတွင်းပစ္စည်းတွေ ဟာ ကုန်လုနီးပါးဖြစ်နေခဲ့တယ်။ ညီမဖြစ်သူဆီကနေ ငှားလာတဲ့ရွှေဆွဲကြိုး ဖဲဝိုင်းမှာ ရှုံးသွားတာကြောင့် စိန်ဆွဲကြိုးအတုရှာ ဝယ်ပေးပြန်တယ်။ တစ်ရက်မှာတော့ ဖုန်းပြောလာတဲ့ မင်းခေတ်တေးကို ပုလဲဆုက ဝင်တိုက်လိုက်တာ ဖုန်းကျကွဲသွားတယ်။ မင်းခေတ်တေးက ဖုန်းအလျော်ပေးဖို့ပြောတာကြောင့် သူမ စိန်ဆွဲကြိုးကိုချွတ်ပေးပြီး ဖုန်းပြင်ပြီးတာနဲ့ ပြန်လာယူမယ့် အကြောင်းပြောခဲ့တယ်။ မင်းခေတ်တေးက သူငယ်ချင်းတွေကို အဲဒီအကြောင်းပြောပြပြီး ဆွဲကြိုးပြချိန်မှာ စိန်အတုဖြစ်နေမှန်း သိလိုက်ရတယ်။ ဒီလိုနဲ့ ပုလဲဆုက ဖုန်းပြင်ပြီးလို့ မင်းခေတ်ကိုပြန်ပေးဖို့လုပ်ချိန်မှာ လိပ်စာကတ်ပျောက်နေခဲ့တယ်။ အဲဒီလိပ်စာကတ်အကြောင်း အစ်မဖြစ်သူကိုမေးချိန်မှာ ဖုန်းသွားပြန်မပေးဖို့နဲ့ သူမ ဝယ်ပေးထားတဲ့စိန်ဆွဲကြိုးက အတုကြီးဆိုတဲ့အကြောင်း ရှင်းပြခဲ့တယ်။ မင်းခေတ်တေးကလည်း စိန်ဆွဲကြိုးအတု ကြီးပေးသွားပြီး သူ့ဖုန်းကို ပုလဲဆု လိမ်ယူသွားတယ် လို့ ထင်နေပြန်တယ်။ တစ်ရက်မှာတော့ ညီမဖြစ်သူရဲ့ကံဇာတာအကြောင်း ဗေဒင်သွားမေးချိန်မှာ ဗေဒင်ဆရာက မင်းခေတ်တေးရဲ့ဦးလေး ဖြစ်နေခဲ့ပြန်တယ်။ တကယ်တော့ မင်းခေတ်တေးတို့ရဲ့ဘိုးဘွားပိုင်ကျောက်စိမ်းဆွဲကြိုးကို ခင်သက်ဆုက မင်းခေတ်တေးရဲ့ညီမဖြစ်သူထံကနေ ခဏငှားပြီး လိမ်ယူသွားခဲ့တာပါ။ မင်းခေတ်တေးကလည်း သူတို့ရဲ့ဘိုးဘွားပိုင်ပစ္စည်းကို သူတို့ညီအစ်မဆီကနေ ဘယ်လိုမျိုး ပြန်ယူမလဲဆိုတာ ဆက်လက်ကြည့်ရှုရမှာ ဖြစ်ပါတယ်။ ဒီကားကို ဒါရိုက်တာ ရာဝင်အိုးက ရိုက်ကူးထားတာဖြစ်ပြီး သရုပ်ဆောင် လူမင်း၊ ခိုင်နှင်းဝေနဲ့ ဆုလာဘ်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားတာပါ။ ■






# Taylor Swift ရဲ့ Delicate

ဒီတစ်ပတ်တော့ ကမ္ဘာကျော် အမျိုးသမီးအဆို တော် Taylor Swift သီဆိုထားတဲ့ 'Delicate' လို့ အမည်ရတဲ့ Music Video အသစ်လေးကို ညွှန်းပေးချင်ပါတယ်။ ဒီသီချင်းက Taylor Swift ရဲ့ Reputation အယ်လ်ဘမ်မှာပါဝင်တဲ့ သီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ Taylor Swift က 2018 I Heart Radio Music Awards ဆုပေးပွဲမှာ တစ်နှစ်တာအတွင်း အကောင်းဆုံးအမျိုးသမီး အဆိုတော်ဆုကို လက်ခံရရှိ ပြီးတဲ့နောက်မှာ 'Delicate' သီချင်းရဲ့ Music Video ကို ဖြန့်ချိပေးခဲ့တာလည်း ဖြစ်ပါတယ်။ သီချင်းအကြောင်းအရာကတော့ ကောင်မလေး တစ်ယောက်က ချစ်သူကောင်လေးအနေနဲ့ သူ့ရဲ့အပေါ်ယံ အောင်မြင်မှုတွေ၊ အတိတ်က အရိပ်တွေ၊ နာမည်ဂုဏ်သတင်းတွေကိုဖယ်ခွာချပြီး ပကတိအရှိအတိုင်း လက်ခံ ချစ်ပေးစေချင်တဲ့အကြောင်း၊ အချစ်ဆိုတာ နူးညံ့သိမ်မွေ့လွန်းတဲ့အရာဖြစ်ကြောင်း ရေးဖွဲ့ထားတဲ့ သီချင်းလေးပါ။ ဂီတဗီဒီယိုမှာတော့ Taylor Swift က အောင်မြင်မှု၊ ကျော်ကြားမှုတွေကနေ ခဏတာ ထွက်ပြေးပြီး ချစ်ရတဲ့သူနဲ့ သွားတွေ့တဲ့အကြောင်းလေးကို ပုံဖော်ရိုက်ကူးထားပါတယ်။ Taylor Swift ရဲ့ အမာခံ ပရိသတ်တွေ ဆိုရင်တော့ 'Delicate' သီချင်း ဗီဒီယိုကိုလည်း ငြိကြဦးမှာပါ။ ■

ယမခ Technology
လုပ်ငန်းသုံး Car GPS ခြေရာခံစနစ်
YANMAKHA
Professional GPS Tracking System
No. 155, West Race Course Rd, Bahan Tsp, Yangon.
E-Mail : contact@yanmakha.com
Phone : (09) 45 33 666 77, 45 33 666 88, 45 33 666 99



ဓာတ်ပုံ- ဝင်းထွန်းနိုင်

# “လက်ရှိအချိန်မှာတော့ မင်းသားရဲ့မျက်နှာကို ရောင်းရတဲ့ ဈေးကွက် ဖြစ်ပါတယ်”

## ဝါရင့်သရုပ်ဆောင် ဆွေဇင်ထိုက်နဲ့ တွေ့ဆုံခြင်း

ဝင်းထွန်းနိုင်

**‘မုဒြာခေါ်သံ’ ရုပ်ရှင်ဇာတ်ကား အထူးပွဲမှာ ဝါရင့် သရုပ်ဆောင်ဆွေဇင်ထိုက်က မီဒီယာတစ်ခုကို ဖြေဆိုခဲ့တဲ့ အင်တာဗျူးမှာ ပါဝင်တဲ့ စကားလုံးတချို့ကြောင့် အနုပညာလောကမှာ ဂယက်ရိုက်မှုတွေ ရှိခဲ့ပါတယ်။ ရုပ်ရှင်လောကရဲ့လက်ရှိအခြေအနေ၊ မြန်မာဇာတ်ကားတွေရဲ့အရည်အသွေးပိုင်းနဲ့ ပတ်သက်ပြီး သရုပ်ဆောင် ဆွေဇင်ထိုက်ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: ‘မုဒြာရဲ့ ခေါ်သံ’ ရုပ်ရှင်ကားရဲ့Press Show ကိုတက်ရောက်အားပေးဖြစ်ပုံနဲ့ ဇာတ်ကားရဲ့အရည်အသွေးပိုင်းကို သုံးသပ်ပေးပါဦး။**

**SZH:** ကျွန်မက လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်လောက်က မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုပြီး Workshop တစ်ခု လုပ်တယ်။ ကျွန်မက မြန်မာဇာတ်လမ်းများကို မြန်မာကရိုက်ပြီး မြန်မာအနှစ်သာရတွေ၊ မြန်မာ့ယဉ်ကျေးမှုတွေပါတဲ့ အင်္ဂလိပ်စကားပြောဇာတ်လမ်း တစ်ခုကို လိုချင်တယ်ဆိုပြီးပြောခဲ့တယ်။ အဲ့ဒီအချိန်မှာ ဒီကားကို ထုတ်ရိုက်တဲ့ ပရိုဂျူဆာလည်းပါပါတယ်။ သူကနေမှ အစ်မလိုချင်တာကိုဖြစ်အောင် လုပ်ပေးမှာပေါ့ဆိုပြီး ပြောသွားပါတယ်။ နောက် သူတို့အနေနဲ့ ဒီကားလေးကိုရိုက်ဖြစ်တယ်၊ ရိုက်တော့လည်း ခရစ္စတီးနားတို့နှစ်ယောက်က ဒီကားရဲ့ဖွင့်ဖွင့်ချင်းဇာတ်ဝင်ခန်းမှာ ပါပေးဖို့ ကျွန်မကို ပြောပါတယ်။ ကျွန်မက အင်္ဂလိပ်စကားပြောဇာတ်လမ်း တစ်ပုဒ်ကိုရိုက်ပေးပါလို့ သူတို့ကို တောင်းဆိုထားတာဖြစ်တဲ့အတွက်ကြောင့် ဝင်ပါပေးပါတယ်။ ဒီကားကို ဆင်ဆာတင်တဲ့အပိုင်းတွေ မှာလည်း ဝင်ပြီးတော့ကူညီပေးပါတယ်။ နောက် သူတို့ Trial Show လုပ်တုန်းကလည်း ကျွန်မသွားကြည့်ပါတယ်၊ Trial Show တုန်းကတော့ အသံတွေဘာတွေကို သိပ်ပြီးသတိမထားမိဘူးပေါ့နော်၊ ဒီကားရဲ့Rep Carpet မှာကျတော့မှ သေသေချာချာ လိုက်ကြည့်ပါတယ်။ ကျွန်မတို့က ကားကောင်းတယ်၊ မကောင်းဘူးဆိုတာကို ကြည့်ရတာ Tool တွေ ရှိတယ်လေ။ ဇာတ်ရုပ်တွေရဲ့ ဇာတ်ကောင်စရိုက်ကို ကြည့်ရတာရှိတယ်၊ သရုပ်ဆောင်တွေရဲ့အရည်အသွေး ကနေမှ ဇာတ်လမ်းကို ဘယ်လောက်ထိ ဖော်ပြသွားလဲ ဆိုတာကိုကြည့်ရပါတယ်။ နောက်တစ်ခုက ဇာတ်ကားရဲ့ နည်းပညာပိုင်းကို ကြည့်ရပါတယ်။ အသံတွေကို ဘယ်လိုယူသွားသလဲ၊ အရုပ်တွေကို ဘယ်လိုယူသွားသလဲပေါ့နော်။ ဒီကားကို ကြည့်တဲ့အချိန်မှာတော့ ကျွန်မတော်တော်လေးကို ကျေနပ်ပါတယ်။

**Voice: အန်တီပြောခဲ့တဲ့ ‘ရွာသားရိုက်ရင် ရွာလက်ရာထွက်မယ်၊ မြို့သားရိုက်ရင် မြို့လက်ရာထွက်မယ်’ ဆိုတဲ့ စကားအပေါ် နောက်ဆက်တွဲ ဝေဖန်မှုဂယက်တွေလည်း ရှိခဲ့တယ်နော်။**

**SZH:** ဒါကတော့ ကျွန်မကြည့်ခဲ့တဲ့အမြင်နဲ့ ကျွန်မရဲ့ ယုံကြည်မှုကိုပြောတာပါ။ လူတိုင်းကတော့ ကိုယ့်ယုံကြည်မှုကို ကိုယ်ပြောလို့ရပါတယ်။ ကိုယ့်ယုံကြည်မှုဆိုတာ ကိုယ်ဘယ်သူလဲဆိုတာကို ဖော်ပြတာဖြစ်ပါတယ်။ ကိုယ် ဘယ်လောက်ထိအောင် နက်နက်နဲနဲ တွေးသလဲဆိုတာကို ဖော်ပြတာလည်းဖြစ်ပါတယ်။ အဓိကကတော့ ကိုယ့် ရွာကိုပဲ အတင်းခြံစည်းရိုးခတ်နေလို့မရတော့တဲ့အချိန်လေ။ ကျွန်မတို့ကမြေကြီးကိုသာ ခြံစည်းရိုးခတ်လို့ရမယ်၊ တိမ်ပေါ်ကနေလာတဲ့ Information က ခြံစည်းရိုးခတ်လို့ မရတော့ဘူး။ အဲ့ဒါကြောင့် ကျွန်မတို့က ရွာသားလုပ်မလား၊ ကမ္ဘာသားလုပ်မလားဆိုတာကို ကိုယ့်ဘာသာကိုယ် ရွေးချယ်ရမှာဖြစ်ပါတယ်။ ကျွန်မတို့လည်း ရွာသူပါပဲ၊ အပြင်ကိုထွက်သွားတဲ့အခါကျရင် တောကလာတဲ့လူတွေလိုပဲလေ။ သူများ ဘာပြောနေသလဲ၊ သူ့ရဲ့အတွေးအခေါ်က ဘယ်လိုရှိနေသလဲ၊ သူ့ရဲ့အယူအဆက ဘယ်လိုရှိနေသလဲ၊ ကိုယ့်ရဲ့ရှိရင်းစွဲအနေအထားကို ဘယ်လိုပြင်ရင် ရသလဲဆိုတာ ကြည့်ရပါတယ်။ ကိုယ့်နေရာမှာပဲ ကိုယ်နေချင်တဲ့လူလည်းနေပေါ့၊ နေခွင့်ရှိပါတယ်။

**Voice: မြန်မာ့ရုပ်ရှင်လောကကို အရင်ခေတ်ကနဲ့ အခုခေတ် နှိုင်းယှဉ်ကြည့်ရင်ရော ဘယ်လိုကွာခြားမှုတွေရှိတယ်လို့ မြင်လဲ။**

**SZH:** ကျွန်မတို့ခေတ်တုန်းကတော့ အနုပညာဟာ အနုပညာအတွက်ပဲဖြစ်ရမယ်၊ ကိုယ်ထုဆစ်လိုက်တဲ့ အနုပ ညာဟာ ကိုယ့်ရဲ့ပုံရိပ်ဖြစ်တယ်၊ ကိုယ်ဖန်တီးလိုက်တဲ့အနုပညာလက်ရာတွေနဲ့ ကိုယ့်ဘဝကို ရှင်သန်ကြမယ်ဆိုတဲ့ အတွေးတစ်ခုနဲ့ ကြီးပြင်းခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်မတို့လည်း အစတုန်းမှာ မြန်မာပြည်ထဲမှာပဲ သင်ယူခဲ့ရ တာပါ။ နောက်တစ်ခုက လက်ရှိခေတ်မှာ အကူအညီတွေက အများကြီးရတယ်။ ခုရိုက်ရင် ခုကြည့်လို့တောင် ရတယ်။ ကိုယ်တွေတုန်းကတော့ စိတ်ကူးတွေနဲ့ ရိုက်ကြရတာလေ။ ဒါရိုက်တာကလည်း အရုပ်ကိုပြန်ကြည့်ခွင့်မရှိ ဘူး။ တည်းဖြတ်ပြီးလို့ Trial Show ကျမှကြည့်ရတာမျိုးဆိုတော့ အားလုံးကတူညီတဲ့ စိတ်ကူးတွေနဲ့ ကောင်းတဲ့ အရည်အသွေးမီတဲ့ကားကိုရစေရမယ်ဆိုတဲ့ ရည်မှန်းချက်တွေထားပြီး Teamwork နဲ့ လုပ်ကြတယ်။ လက်ရှိမှာတော့ ဈေးကွက်ကလည်း အမျိုးမျိုးရှိတဲ့အခါကျတော့ အမျိုးမျိုးတွေ လုပ်ကြတာပေါ့နော်။ အဲ့ဒါကြောင့် ဇာတ်ရုပ်အပေါ်မှာလည်း သစ္စာမရှိနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့တုန်းက ဈေးကွက်က ဇာတ်လမ်းအမျိုးအစားကို ရောင်းတဲ့ဈေးကွက်ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ မင်းသားရဲ့ မျက်နှာကို ရောင်းရတဲ့ဈေးကွက် ဖြစ်ပါတယ်။

**Voice: မြန်မာနိုင်ငံက ဒါရိုက်တာ အများစု၊ အနုပညာရှင်အများစုက စု၊ တု၊ ပြုပုံစံနဲ့ သွားကြတာများတော့ တင်ဆက်မှုပိုင်းမှာ စနစ်တကျ တတ်မြောက်ထားတဲ့ လူတွေနဲ့တော့ ကွာဟနိုင်တဲ့အတွက် နားလည်ပေးစေချင်တယ်လို့ ပြောကြတဲ့အပေါ်ရော ဘယ်လို မြင်လဲ။**

**SZH:** ကျွန်မကတော့ မူရင်းကိုပဲ စိတ်ဝင်စားပါတယ်။ ကျွန်မအနေနဲ့ ဇာတ်ညွှန်းသင်တန်းများကို သင်ပြပေးတဲ့အခါမှာလည်း မူရင်းကိုပဲပြပါတယ်။ ကိုယ် ဘယ်လိုစားသလဲ၊ ကိုယ် ဘယ်လိုနေသလဲ၊ ကိုယ် ဘယ်လိုတန်ဖိုးထားသလဲဆိုတာမျိုးတွေကို ကိုယ့်ရဲ့ ရပ်ရွာမှာရှိတဲ့ Location တွေနဲ့ ပြရတာဖြစ်ပါတယ်။ အနုပညာဟာ အနုပညာအတွက်ပဲဆိုရင်တော့ ဒါတွေကို ပြရမှာဖြစ်ပါတယ်။ စု၊ တု၊ ပြုဆိုတာက ဗဟုသုတတွေကို အရင်စုရတယ်။ နောက် ကောင်းတဲ့လူတွေလုပ်သွားတာကိုလည်း အတုယူရတယ်။ အတုယူပြီးသွားရင်တော့ ကိုယ့်ရဲ့ စတိုင်အနေနဲ့ တီထွင်ရတယ်လေ။ ဒါပေမဲ့ ကျွန်မတို့ဆီမှာကတော့ New Version လည်းမဟုတ်ဘူး၊ ကျောရိုးယူတာလည်း မဟုတ်ဘဲနဲ့ ကော်ပီကိုဖြစ်နေတယ်။ ကျွန်မတို့ လည်းရိုက်ဖူးပါတယ်၊ ‘အဖေ့တစ်ခု၊ သားတစ်ခု’ ရုပ်ရှင်ကားမျိုးဆို ချာလီချက်ပလင်ရဲ့ လက်တစ်ဝါးလောက်ရှိတဲ့ စာအုပ်လေးကို တည်မှီပြီးတော့ ထည့်တာပဲလေ။ ဒါပေမဲ့ ကြည့်လိုက်လို့ရှိရင် မြန်မာ့ယဉ်ကျေးမှုအားလုံးပါတယ်။ New Version ဆိုတာကတော့ ကျွန်မအရင်တုန်းက ရိုက်ခဲ့တဲ့ ဘယ်ပန်းချီရေးလို့ မမီ’ ရုပ်ရှင်ကားမျိုးပေါ့နော်။ ဒီကားဆို နောက်လူတွေနဲ့ ရိုက်ကြတယ်လေ။ Version အသစ်နဲ့ လူအသစ်နဲ့ ရိုက်ကြတာပေါ့နော်။ အဲ့ဒီလိုမျိုးရိုက်တဲ့အခါမှာလည်း ကွဲပြားသွားရမှာတွေရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပန်းချီကားတစ်ကားကို ပုံစံတူခိုးပြီးဆွဲရင်တောင်မှ အဲ့ဒါက New Version ဖြစ်တယ်။ သူက မူရင်းမဟုတ်ဘူး၊ ထပ်တူကျအောင် ထုတ်လို့မရဘူး။ လက်ရှိမှာတော့ တစ်ခါတလေဆိုရင် မူရင်းရုပ်ရှင်ကို ဖွင့်ကြည့်လိုက်၊ အဲ့ဒီကားထဲကကင်မရာအယူအဆနဲ့ စကားလုံးအတိုင်း ပြောတာမျိုးတွေရှိတယ်။ ဒါမျိုးတွေကတော့ အနုပညာရှင်မဆန်ဘူးလို့ထင်ပါတယ်။ အနုပညာဟာ သက်လုံကောင်းဖို့ လိုပါတယ်။ ခဏတစ်ဖြုတ်တက်လာပြီး မြန်မြန်ပြန်ကျသွားရင်လည်း မကောင်းဘူးလေ။ သက်လုံကောင်းတဲ့လူကတော့ အနုပညာအပေါ်မှာ သစ္စာရှိမယ်ဆိုရင် ရေရှည်သွားနိုင်ပါတယ်။ ကိုယ့်အနုပညာလမ်းကြောင်းကို ကိုယ်လျှောက်တဲ့ အချိန်မှာ ကျွန်မကတော့ ကိုယ့်ရဲ့ ခြေလှမ်း တစ်လှမ်းပြီး တစ်လှမ်းကိုပဲ စိတ်ဝင်စားတယ်။ ကိုယ့်ရှေ့ကနေသွားလို့လည်း စိတ်မပူဘူး၊ နောက်ကနေ လိုက်နေလို့လည်း စိတ်မပူဘူး။ ဘေးကလူတွေရှိနေလို့လည်း ကျွန်မ မကြောက်ဘူး။ အနုပညာသမားစစ်ရင် သတ္တိရှိရပါမယ်။

**Voice: ‘ဥပါယ်တံမျဉ်’ ရုပ်ရှင်ကားနဲ့ ‘မုဒြာရဲ့ခေါ်သံ’ ရုပ်ရှင်ကားတွေ ထွက်ပြီးမှာ မြန်မာကားကြိုက်တဲ့ ပရိသတ်ကိုက နှစ်ပိုင်းကွဲသွားကြတဲ့အပေါ် အမြင်လေးကိုလည်း သုံးသပ်ပေးပါဦး။**

**SZH:** နိုင်ငံတိုင်းနိုင်ငံတိုင်းမှာ Mainstream ဆိုတဲ့ Commercial Movie ရိုက်တဲ့ အုပ်စုက တစ်အုပ်စု၊ အနုပညာကိုရိုက်တဲ့အုပ်စုက တစ်အုပ်စု ရှိတယ်။ ကျွန်မကတော့ ၂၀၁၂ ခုနှစ်ကတည်းက စွဲစွဲမြဲမြဲ ပြောတယ်၊ Independent Filmmaker နဲ့ Mainstream ပေါင်းလိုက်လို့ရှိရင် ရုပ်ရှင်အဖွဲ့ကြီး၊ ရုပ်ရှင်ဈေးကွက်ကြီးက ကြီးထွားလာမယ်။ ဘာဖြစ်လို့လဲဆိုတော့ Mainstream Filmmaker တွေမှာက အတွေ့အကြုံတွေရှိတယ်၊ Independent Filmmaker တွေမှာက ဆန်းသစ်တဲ့ အိုင်ဒီယာတွေ ရှိတယ်။ အတွေ့အကြုံရှိတဲ့ ရှေ့မျိုးဆက်က နောက်မျိုးဆက်ရဲ့ထူးခြားတဲ့အတွေးအခေါ်တွေနဲ့ ပေါင်းလိုက်လို့ရှိရင် အကောင်းချည်းထွက်လာမှာပါ။ ဘာလို့မပေါင်းနိုင်ကြတာလဲမသိဘူး။

**Voice: ကိုယ်ကိုယ်တိုင်က ဆင်ဆာအဖွဲ့မှာ လူကြီးတစ်ယောက်အနေနဲ့ ဇာတ်ကားတွေကို အများကြီးကြည့်နေရတာဆိုတော့ မြန်မာ့ရုပ်ရှင်အနေအထားက တက်ရိပ်ပြနေလား၊ ကျရိပ်ပြနေလား။**

**SZH:** လက်ရှိ မြန်မာ့ရုပ်ရှင်ကတော့ ကြည့်တဲ့လူတွေကြိုက်တာကို ဈေးကွက်ကနေထုတ်ပြနေကြတာပေါ့နော်။ သူက Commercial ပုံစံမျိုးဖြစ်သွားတာကိုး။ နောက်တစ်ခုက ကြည့်တဲ့လူကလည်းပဲ ဖျော်ဖြေရေးအနေနဲ့ပဲ လာကြည့်တယ်။ တိုင်းပြည်ရဲ့ ပုံရိပ်တစ်ခု၊ တန်ဖိုးထားစရာတစ်ခု၊ အနုပညာတစ်ခု အနေနဲ့ လာကြည့်တာမဟုတ်ဘူး။ သူ့ရဲ့ဘဝမှာ ပင်ပန်းတာတွေ၊ ဆင်းရဲစရာတွေကနေ အချိန်နှစ်နာရီစာလောက်ကို အဲကွန်းထဲမှာ လာနေကြတာပေါ့နော်။ အဲ့ဒီလိုလူတွေက အများစုဖြစ်ပါတယ်။ အနုပညာကိုအနုပညာအနေနဲ့ ခံစားတဲ့လူတွေက မဟုတ်ကြဘူး။ အဓိက လက်ရှိမြန်မာ့ရုပ်ရှင်ကတော့ လက်မှတ်ဝယ်ကြည့်တဲ့လူတွေနောက်ကို လိုက်နေရတာပေါ့နော်။ ■

## ဂျွန်နယူးမန်းရဲ့ အားပြည့်အင်ပြည့် သီချင်းအသစ် Fire In Me

ပေါ်ပြူလာယဉ်ကျေးမှုထဲမှာ အားကောင်းကောင်းနဲ့ ထိပ်ကပြေးနေတဲ့ အောင်မြင်ရေးလမ်းကြောင်းပေါ်ကို တက်ရန် ကြိုးစားဖို့ သီချင်းတစ်ပုဒ်တော့ ထပ်ထွက်လာပြန်ပါပြီ။

Soul ဂီတ တေးသံရှင် ဂျွန်နယူးမန်း တစ်ယောက်ကတော့ Fire In Me ဆိုတဲ့ တေးသီချင်းသစ်ကို ချပြခဲ့ပြီး ဗီဒီယို MTV ပါ ထွက်လာတာဖြစ်ပါတယ်။

စိတ်ခွန်အားတက်ကြွအောင်အားပေးထားတဲ့ သီချင်းစာသားတွေဖြစ်ပြီး အောင်မြင်ရေးကို စိတ်ဝင်စားကြတဲ့ ပေါ်ပြူလာယဉ်ကျေးမှုထဲက လူငယ်ပရိသတ်ကို ဦးတည်ထားပုံရပါတယ်။

ဂျွန်နယူးမန်းဟာ ဗြိတိန် ယော့ခ်ရှိုင်းယားနယ်သား တေးသံရှင်တစ်ဦးဖြစ်ပြီးတော့ သီချင်းရေးခြင်း၊ တူရိယာ တီးခတ်ခြင်းတို့ကိုလည်း လုပ်ဆောင်ပါတယ်။

Soul၊ Northern Soul နဲ့ pop စတဲ့ ဂီတအမျိုးအစားတွေကို ဖန်တီးသီဆိုတတ်သူ ဖြစ်ပါတယ်။

၂၀၁၅ မှာ ဒုတိယမြောက် အယ်လ်ဘမ်ထွက်ပြီးတော့ ငြိမ်ချက်သားကောင်းနေတဲ့ ဂျွန်နယူးမန်းဟာ အောင်မြင်တဲ့ single များစွာနဲ့ ပရိသတ်လက်ခံမှုကို ရရှိထားတဲ့ အနုပညာရှင် တစ်ဦးလည်း ဖြစ်ပါတယ်။

UK တေးဂီတဗီဒီယိုဆုနှစ်ခုရရှိထားတဲ့ ကမ္ဘာ့ဂီတ ဇာတ်ခုံပေါ်က တက်သစ်စ လူငယ်တစ်ဦးဖြစ်ပါတယ်။

❍

F-02



# အိမ်ထောင်သက် ၁၅ နှစ်ပြည့်ခဲ့ပြီ ဖြစ်တဲ့ ကိုခန့်နိုင်နဲ့ ခိုင်သင်းကြည်တို့ ဇနီးမောင်နှံ


ဓာတ်ပုံ- ခိုင်သင်းကြည် Facebook Page

**ရန်ကုန်၊ မတ် ၁၅**

အနုပညာလောကမှာ ပရိသတ်တွေ အားကျရတဲ့ စုံတွဲတစ်တွဲ ဖြစ်တဲ့ ကိုခန့်နိုင်နဲ့ သရုပ်ဆောင် ခိုင်သင်းကြည်တို့ ဇနီးမောင်နှံက အိမ်ထောင်သက် ၁၅ နှစ် ပြည့်ခဲ့ပြီလည်း ဖြစ်ပါတယ်။

"ကျွန်တော်နဲ့ သူက RC2 မှာ တွေ့ပြီး ဖူးစာဆုံခဲ့ကြတာပါ။ အိမ်ထောင်သက်ကတော့ ၁၅ နှစ်ရှိပါပြီ။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု ရှိမယ်၊ ကိုယ်ချင်းစာစိတ် ရှိမယ်ဆိုရင်တော့ ရေရှည် လက်တွဲလို့ရမှာပါ" လို့ ကိုခန့်နိုင်က ထပ်လောင်းပြောကြားပါတယ်။

အိမ်ထောင်သက် ၁၅ နှစ်တိုင် ခင်ပွန်းဖြစ်သူက လိုအပ်တာတွေကို ဖြည့်စွမ်းပေးပြီး၊ အနုပညာအလုပ်အပေါ်ကိုလည်း နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ရကြောင်း၊ ချစ်ရတဲ့ မိသားစုနဲ့အတူ ဘဝတစ်သက်တာလုံး ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းသွားချင်ကြောင်း ခိုင်သင်းကြည်က ပြောကြားပါတယ်။

"မခိုင်တို့ကျတော့ အိမ်ထောင်သက်လည်း ကြာနေပြီဆိုတော့ သိပ်ညှိစရာ မလိုတော့ဘူး။ အရင်တုန်းကတော့ ညှိခဲ့ရတာတွေရှိပါတယ်။ အခုချိန်မှာတော့ သူ့အကြိုက်လည်း ကိုယ်သိ၊ ကိုယ့်အကြိုက်လည်း သူသိဆိုတော့ ပိုပြီး အဆင်ပြေပါတယ်" လို့ ၎င်းကဆိုပါတယ်။



# စုံတွဲတေးစီးရီး တစ်ခွေ ထွက်ဖို့ရှိတဲ့ အောင်လ နဲ့ ဝိုင်းစုခိုင်သိန်း

**ရန်ကုန်၊ မတ် ၁၅**

နာမည်ကျော် အနုပညာရှင်ချစ်သူ စုံတွဲတစ်တွဲဖြစ်တဲ့ အောင်လနဲ့ ဝိုင်းစုခိုင်သိန်းတို့က စုံတွဲတေးစီးရီး တစ်ခွေထွက်ရှိဖို့အတွက် အစီအစဉ်ရှိကြောင်း တေးသံရှင် အောင်လက The Voice ကို ပြောကြားပါတယ်။

"အခုလောလောဆယ်ကတော့ စီစဉ်တုန်းပဲ ရှိပါသေးတယ်။ ဘယ်လို သီချင်းမျိုး တွေထည့်မလဲ ဆိုတာကတော့ သူနဲ့ နှစ်ယောက်တိုင်ပင်ရပါဦးမယ်။ သကြ်န်ပြီးရင်တော့ ကျွန်တော့်ရဲ့တစ်ကိုယ်တော်ခွေ 'အသုံးတော်ခံ' ထွက်ဖို့ရှိပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းစီးရီးမှာတော့ စုံတွဲသီချင်းတွေ တစ်ဝက်လောက် ပါဝင်မှာဖြစ်ပြီး တစ်ကိုယ်တော်သီချင်းလေးတွေလည်းထည့်ဖို့ စိတ်ကူးရှိကြောင်း၊ သီချင်းတွေကတော့ နှစ်ယောက်လုံးနဲ့ လိုက်ဖက်မယ့် သီချင်းမျိုးတွေ ရွေးချယ်မှာဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောကြားပါတယ်။

"ဝိုင်းစုတို့ နှစ်ယောက် လက်တွဲဖို့ကတော့ အချိန်ယူရပါဦးမယ်။ နှစ်ယောက်လုံးမှာလည်း အနုပညာအလုပ်လေးတွေ လုပ်စရာရှိသေးတယ်။ အလုပ်လေးတွေ ပြီးတော့မှ အိမ်ထောင်ရေးကိစ္စကို စဉ်းစားမှာပါ။ လက်ရှိမှာတော့ သူလည်း သူ့အလုပ်သူလုပ်၊ ဝိုင်းစုလည်း ကိုယ့်အလုပ်ကိုယ်လုပ်ပေါ့" လို့ ၎င်းက ဆိုပါတယ်။


soompi.com

# ကိုရီးယား ဇာတ်လမ်းတွဲ 'Mother' ကိန်းစ်နိုင်ငံတကာ ရုပ်သံဇာတ်လမ်းတွဲ ပွဲတော်မှာ ပြသမယ်

**ဆိုးလ်၊ မတ် ၁၅**

ပြင်သစ်နိုင်ငံမှာ ဧပြီလ ၄ ရက်နေ့ကနေ ၁၁ ရက်နေ့အထိ ကျင်းပသွားမယ့် ကိန်းစ်နိုင်ငံတကာ ရုပ်သံဇာတ်လမ်းတွဲပွဲတော်မှာ ကိုရီးယားဇာတ်လမ်းတွဲ 'Mother' ကို ပြသသွားမှာဖြစ်ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

ယင်းပွဲတော်မှာ ပါဝင်ပြသဖို့အတွက် နိုင်ငံတကာက ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲ ဆယ်ခုကို ဆန်ခါတင် ရွေးချယ်ခဲ့တာဖြစ်ပြီး tvN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသခဲ့တဲ့ 'Mother' ရုပ်သံဇာတ်လမ်းတွဲလည်း ပါဝင်ခဲ့တာ ဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲက မိခင်ရဲ့နှိပ်စက်ညှဉ်းပန်းခံရတဲ့ ကလေးငယ်တစ်ယောက်ရဲ့အဖြစ်ကို မကြည့်ရက်တဲ့ အမျိုးသမီးတစ်ယောက်က ကလေးငယ်ကို ပြန်ပေးဆွဲသွားပြီး အတူတကွ ထွက်ပြေးခဲ့ရာမှာတော့ ရဲတွေရဲ့လိုက်လံဖမ်းဆီးခံရတဲ့ အကြောင်းကို ပုံဖော်ရိုက်ကူးထားတာ ဖြစ်ပါတယ်။

အပိုင်း ၁၆ ပိုင်းပါဝင်တဲ့ 'Mother' ရုပ်သံဇာတ်လမ်းတွဲရဲ့ နောက်ဆုံးပိုင်းကိုတော့ လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းက ထုတ်လွှင့်ပြသခဲ့ပါတယ်။ ဂျပန်ရုပ်သံဇာတ်လမ်းတွဲတစ်ခုကို ပြန်လည်ဆန်းသစ် ရိုက်ကူးထားတဲ့ 'Mother' ဇာတ်လမ်းတွဲကိုတော့ ကိန်းစ်နိုင်ငံတကာဇာတ်လမ်းတွဲပွဲတော်မှာ ဧပြီလ ၉ ရက်နေ့မှာ ပြသသွားမှာပါ။

# မင်းသား၊ မင်းသမီးတွေကို ဇာတ်ပို့ဆု မပေးချင်ရင်တော့ ခေါင်းဆောင်တွေပဲ ရိုက်ခိုင်းမှ ရမယ်ဆိုတဲ့ ချစ်စနိုးဦး


ဓာတ်ပုံ- ဝင်းထွန်းနိုင်

**ရန်ကုန်၊ မတ် ၁၅**

မကြာမီကျင်းပပြုလုပ်တော့မယ့် အကယ်ဒမီပေးပွဲမှာ ဇာတ်ပို့ဆုကို ဇာတ်ပို့သရုပ်ဆောင်တွေပဲ ပေးသင့်တယ်ဆိုပြီး တောင်းဆိုနေကြတဲ့အပေါ် ဇာတ်ပို့ဆုနဲ့ အကယ်ဒမီရရှိထားတဲ့ သရုပ်ဆောင်ချစ်စနိုးဦးက မင်းသား၊ မင်းသမီးတွေကို ဇာတ်ပို့ဆုမပေးချင်ရင်တော့ ခေါင်းဆောင်တွေပဲ ရိုက်ခိုင်းမှရမယ်လို့ The Voice ကို ပြောကြားပါတယ်။

"အမှန်အတိုင်းပြောရရင် ဇာတ်ပို့သရုပ်ဆောင်တွေဘက်က ကြည့်တော့လည်း ဟုတ်ပါတယ်။ သူတို့မှာလည်း ဇာတ်ပို့အနေနဲ့ပဲ အကယ်ဒမီမျှော်လင့်ချက်ရှိတာပါ။ ကိုယ်တွေ မင်းသား၊ မင်းသမီးတွေက ဇာတ်ဆောင်ဆုရှိရဲ့ သားနဲ့ ဆင်းဆင်းပြီးတော့ ယူနေသလိုမျိုးဖြစ်နေတယ်။ ဒါပေမဲ့ အစ်မတို့က ခေါင်းဆောင်နေရာကချည်းပဲလည်း ကားတိုင်းကျတော့ မရနိုင်ဘူးလေ။ အစ်မတို့မှာ ဇာတ်ကိုပို့ပေးရတာလည်းရှိတယ်။ အဲ့ဒါကြောင့် ကိုယ့်ကိုပို့ပေးရမယ့်ဇာတ်လာငှားရင်တော့ပို့ပေးရမှာပေါ့နော်။ ဇာတ်ပို့ဆုကို မပေးချင်ဘူးဆိုရင်တော့ မင်းသား၊ မင်းသမီးတွေကို ခေါင်းဆောင်တွေပဲ ရိုက်ခိုင်းမှ ရမယ်နဲ့တူတယ်" လို့ ၎င်းကထပ်လောင်းပြောပါတယ်။

လက်ရှိမှာ အကယ်ဒမီတစ်ကြိုသတင်းထွက်နေတဲ့အနုပညာရှင်တွေက အများကြီးရှိနေပြီး ကိုယ်တိုင်ကတော့ ရသင့်ရထိုက်တဲ့လူတွေအားလုံးကို ရစေချင်ကြောင်း၊ အကယ်ဒမီဆိုတာက တော်ရုံနဲ့လည်းမရဘဲ ကံနဲ့လည်း ဆိုင်တာကြောင့် ဘယ်သူတွေကံထူးသွားကြမလဲဆိုတာကို ရင်ခုန်နေရကြောင်း သရုပ်ဆောင်ချစ်စနိုးဦးက ပြောထားပါတယ်။

"အကယ်ဒမီကို သုံး၊ လေးဆုလောက်ရထားတဲ့ လူတောင်မှ လိုချင်သေးလားဆိုရင် လိုချင်သေးတယ် ပြောကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကယ်ဒမီဆိုတာက အနုပညာသမားတိုင်းရဲ့ မှတ်တိုင်ပဲလေ။ ကိုယ့်ရဲ့ကြိုးစားမှုကို ပရိသတ်ကရော နိုင်ငံတော်ကပါ အသိအမှတ်ပြုတဲ့ဆုလည်းဖြစ်တော့ လိုချင်ကြတာပေါ့။ အခွင့်အရေးမရလို့သာ မရကြတာပါ၊ အစ်မလည်း အခွင့်အရေးသိပ်မရတဲ့ထဲမှာပါတယ်။ အစ်မကတော့ အကယ်ဒမီကို ထပ်ပြီး လိုချင်ပါသေးတယ်" လို့ ၎င်းကပြောပါတယ်။

# Google ကို ထူထောင်သူများ မောင်းသူမဲ့ လေပေါ်တက္ကစီတီထွင်

**ဝါရှင်တန်၊ မတ် ၁၅**

Google အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီကြီးကို ထူထောင်သူ လာရီပိတ်သည် Cora အမည်ရှိ မောင်းသူမဲ့ လေပေါ်တက္ကစီကို တီထွင်ပြီး ပွဲထုတ်ပြသခဲ့ကြောင်း Bloomberg Businessweek သတင်းတွင် ဖော်ပြထား သည်။


Cora

Cora မောင်းသူမဲ့ လေယာဉ်လေးများကို လာမည့် ၂၀၂၂ ခုနှစ်မှ Uber သယ်ယူပို့ဆောင်ရေးကုမ္ပဏီ၏ အစီအစဉ်ဖြင့် ပြေးဆွဲရန် စီစဉ်ထားကြောင်း ယင်းသတင်းကဆိုသည်။

ယင်းမောင်းသူမဲ့ လေယာဉ်ထုတ်လုပ်ရေးအတွက် လာရီပိတ်က ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပေးထားပြီး လေယာဉ် တက္ကစီတွင် ပန်ကာ ၁၂ လုံးတပ်ဆင်ထားကာ အထက်သို့ တည့်တည့်အတက်အဆင်းများ ပြုလုပ်ပြီး ပျံသန်းလျှင် လေယာဉ်ပုံစံအတိုင်း တစ်ဟုန်ထိုး ပျံသန်းနိုင်ရန် စီစဉ်ထားသည်။

Cora လေယာဉ်ငယ်လေးများကို အမြင့်ပေ ၅၀၀ မှ ၃၀၀၀ အတွင်း တစ်နာရီလျှင် မိုင် ၁၁၀ နှုန်းဖြင့် မြေပြင် အခြေစိုက်စခန်းများမှ ဆော့ဖ်ဝဲများဖြင့် ထိန်းကျောင်းကာ ခရီးသည်သွားလိုသည့် နေရာသို့အရောက် ပို့ဆောင် ပေးမည်ဖြစ်သည်။

လေယာဉ်စမ်းသပ်ပျံသန်းမှုကို နယူးဇီလန်နိုင်ငံတွင် ပြုလုပ်ရာ အစိုးရက ခွင့်ပြုခဲ့ပြီး နိုင်ငံအတွင်း ပထမဆုံး မောင်းသူမဲ့ တက္ကစီကို စတင်စမ်းသပ်ပျံသန်းစေခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်သည်။

Cora လေယာဉ်ကို Kitty Hawk ကုမ္ပဏီက တီထွင်ခဲ့ခြင်းဖြစ်ပြီး ယခင် Google X အဖွဲ့ခေါင်းဆောင် ဆီဘက်စတီးယန်းသူရမ် ထူထောင်ထားသည့် ကုမ္ပဏီလည်းဖြစ်သည်။

Kitty Hawk ကုမ္ပဏီသည် နယူးဇီလန်နိုင်ငံသို့ ၂၀၁၇ ခုနှစ် အောက်တိုဘာလကတည်းက မောင်းသူမဲ့ တက္ကစီကို ပို့ထားသော်လည်း အစိုးရက ယခုမှ ပျံသန်းခွင့်ပေးသဖြင့် စမ်းသပ်ပျံသန်းပြခဲ့သည်။

Cora လေယာဉ်များသည် ခရီးသည် နှစ်ဦးတင်ဆောင်နိုင်ပြီး ၆၂ မိုင်အကွာအဝေးအထိ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် ပျံသန်းမှုများကို ထိန်းကျောင်းမည့် ကွန်ပျူတာသုံးလုံး တပ်ဆင်ထားပြီး တစ်လုံးပျက်ပါက နောက်တစ်လုံးကဆက်ပြီး ထိန်းချုပ်လုပ်ဆောင်ပေးနိုင်ရန် စီစဉ်ထားသည်။

Google အကြီးအကဲ လာရီပိတ်သည် Cora လေယာဉ်လေးများကို တီထွင်ထုတ်လုပ်ရန်အတွက် ဒေါ်လာ သန်း ၁၀၀ ရင်းနှီးမြှုပ်နှံပေးထားကြောင်း Bloomberg Businessweek တွင်ရေးသားထားသည်။ ■

# တရုတ်ပညာရှင်များ ကိုယ်ပျောက် ဆူပါသတ္တုလွှာထည်များ တီထွင်

**ဘေကျင်း၊ မတ် ၁၅**


REX

တရုတ်နိုင်ငံမှ ပညာရှင်များသည် လေယာဉ်တည်ဆောက်ရာတွင် အသုံးပြုသော ရန်သူများထောက်လှမ်း၍ မရနိုင်သည့် ဆူပါသတ္တုတစ်မျိုးကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ကြောင်း တရုတ်အသံလွှင့်ဌာန China Central Television သတင်းတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း AFP သတင်း၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံ ရှန်ဇန်းတွင် သတ္တုထည်တစ်မျိုးကို တီထွင်ရာ၌ ယင်းသတ္တုသည် အာရုံခံထောက်လှမ်းရန် မလွယ်သဖြင့် လက်ရှိ စစ်တိုက်ဂျက်လေယာဉ် J-20 ပေါ်တွင် အုပ်မိုးပြီး စတင်အသုံးပြုထားကြောင်း ယင်းသတင်းက ဆိုသည်။

ဆူပါသတ္တုကို Metamaterials ဟုခေါ်ပြီး အရေးပါသည့် ပစ္စည်းများအပေါ်တွင် အုပ်ထားပေးလိုက်သည်နှင့် ခေတ်ပေါ် အနီအောက်ရောင်ခြည်များကိုပင် ရောင်ကွင်းသွားနိုင်ပြီး မည်သို့မှထောက်လှမ်းရေး ကိရိယာများဖြင့် ပုံဖော်ဖမ်းဆီးရန် မဖြစ်နိုင်ကြောင်း CCTV သတင်းတွင် ထုတ်ပြန်ခဲ့သည်။

ယခုအခါ တရုတ်ပညာရှင်များက ယင်း Metamaterials သတ္တုလွှာများကို ကိုယ်ပျောက်သတ္တုလွှာများအဖြစ် ထုတ်လုပ်နိုင်နေပြီဖြစ်သည်။

ကိုယ်ပျောက်သတ္တုကို Materials သိပ္ပံပညာရှင် ကျင်ရှီးက လျှို့ဝှက်ထားသည့် ဓာတ်ခွဲခန်းတစ်ခုတွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး လေယာဉ်အများအပြားတွင် စတင်တပ်ဆင်အသုံးပြုလျက်ရှိသည်။

သတ္တုလွှာချပ်တစ်ချပ်လျှင် အရှည် ၈၀ စင်တီမီတာ၊ အကျယ် ၆၀ စင်တီမီတာရှိပြီး ဖလင်ပြားကဲ့သို့ပါးလွှာကာ အလွန်ပေါ့ပါးပြီး အခြားသတ္တုတစ်မျိုးဖြစ်သည့် ကြေးနီများဖြင့် တွဲဖက်အသုံးပြုရကြောင်း ထုတ်ပြန်သည်။

ဆူပါသတ္တုအချပ်လွှာသည် ထောင်ပေါင်းများစွာသော မိုက်ခရိုအမှုန်များဖြင့် ဖွဲ့စည်းထားပြီး သာမန်မျက်စိဖြင့် ထိုအမှုန်များကို မမြင်နိုင်ပေ။

တရုတ်ပညာရှင်များက ထုတ်လုပ်သည့် နည်းစနစ်များကို ထုတ်ပြန်ကြေညာခြင်း မပြုဘဲ နိုင်ငံအတွင်း ကာကွယ်ရေးဌာန လေယာဉ်များတွင် တပ်ဆင်အသုံးပြုရန် ရည်ရွယ်ထားကြောင်း ထုတ်ပြန်ကြေညာသွားခဲ့ သည်။

ယင်းဆူပါသတ္တုလွှာများကို ရှန်ဇန်းရှိ ၂၀၁၁ ခုနှစ်ကတည်းက ထူထောင်ထားခဲ့သော နိုင်ငံတော်ပိုင် အလုပ်ရုံ တစ်ခုတွင် ထုတ်လုပ်နေခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံထုတ် သတင်းများတွင် မတ်လ ၁၁ ရက်နေ့က ရေးသား ဖော်ပြထားသည်။ ■

## NEWS IN BRIEF

### အပြုံးကိုကြည့်ပြီး ကျား၊ မ ခွဲခြားပြောနိုင်မည့် AI စနစ်တီထွင်

အင်္ဂလန်မှ ဘရက်ဖို့ဒ်တက္ကသိုလ်သုတေသီများသည် ဉာဏ်ရည်တု AI စနစ်တစ်မျိုးကို တီထွင်လိုက်ပြီး လူသားတို့၏ အပြုံးများကို ပိုင်းဖြတ်စေနိုင်ရုံမက ယောကျ်ား၊ မိန်းမခွဲခြားပြနိုင်စွမ်းအထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း Computer Graphics ဂျာနယ်တွင် ဖော်ပြထားသည်။

ပညာရှင်များက လိင်ပြောင်းသူများ ခေတ်စားလာနိုင်သည့် အနာဂတ်တွင် ကွန်ပျူတာနည်းပညာဖြင့် လိင်အမျိုး အစားကိုအလွယ်တကူ ခွဲခြားနိုင်စေရန် ရည်ရွယ်ပြီး တီထွင်ဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

ကျား၊ မ ဓာတ်ပုံပေါင်းများစွာ၏ အပြုံးများကို ကွန်ပျူတာက ခွဲခြားမှတ်သားနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး နောက် မျက်နှာများ၏ ကွဲပြားသော အပြုံးများကို မျက်လုံးတစ်ဝိုက်နှင့် နှာခေါင်းအောက်၊ ပါးစပ် ဝန်းကျင်တွင် ပုံရိပ်ဖမ်းပြီး ခွဲခြားနိုင်ခြင်းဖြစ်သည်ဟု ပညာရှင်များကပြောကြားသည်။ ■

### ဦးနှောက်ကိုခွဲစိတ်နေစဉ် ဦးနှောက်အတွင်းပိုင်း စစ်ဆေးခြင်းအား iPhone များကို အသုံးပြု

ဘရာဇီးနိုင်ငံ ဆောပေါလိုတက္ကသိုလ်မှ သုတေသီများသည် iPhone များကို ခွဲစိတ်ခန်းများတွင် အထောက်အကူပြုပစ္စည်းများအဖြစ် အသုံးပြုပြီး အကြိမ် ၄၀ ကျော်ကို အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ကြောင်း AP သတင်းတွင်ဖော်ပြထားသည်။

ဦးနှောက်အတွင်း အစိတ်အပိုင်းများကို စစ်ဆေးရာတွင် သေးငယ်သော ပစ္စည်းလေးများကို ထည့်သွင်း စစ်ဆေးရာ၌ iPhone များသည် များစွာအထောက်အကူပေးပြီး ကြည်လင်ပြတ်သွားစွာပုံများကို ဖော်ထုတ်ပြသနိုင်ခြင်းကြောင့် သုံးစွဲခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဦးနှောက်အတွင်း ရောဝင်နေသည့် လူနာများနှင့် အကျိတ်ဖယ်ရှားရေး လုပ်ငန်းများတွင် နာကျင်မှုနှင့် ထိခိုက်မှုများ အတတ်နိုင်ဆုံး ကင်းစေရန်အတွက် စက်ပစ္စည်းအသေးစားလေးများကိုဦးနှောက်အတွင်း ထည့်သွင်း လုပ်ဆောင်ရာတွင် iPhone များသည် အကောင်းဆုံး အထောက်အကူဖြစ်စေကြောင်း ဆရာဝန်များကပြောကြားသည်။ ■

### အိုးမဲ့အိမ်မဲ့များအတွက် ၂၄ နာရီအတွင်း ပုံဖော်ဆောင်ပေးနိုင်မည့် ပုံနှိပ်အိမ်စနစ်တီထွင်

အနာဂတ်အိမ်များကို အင်္ဂတေအား ပုံဖော်မင်နေရာတွင် အသုံးပြုပြီး သာမန်အဆောက်အဦငယ်များကို ၂၄ နာရီအတွင်း တည်ဆောက်ပေးနိုင်မည့် စနစ်တစ်ခုအား အိုးအိမ်မဲ့များအတွက် တီထွင်လုပ်ဆောင်နိုင်ခဲ့ကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

အမေရိကအလယ်ပိုင်း၊ အယ်လ်ဆာဗေးဒိုးမှ New Story ဆိုသည့်အဖွဲ့သည် ၁၈ လအတွင်း အိမ်ရာ အလုံးပေါင်း ၁၀၀ ကို အကောင်အထည်ဖော်ပေးရမည့် လုပ်ငန်းတွင် Vulcan ဟု ခေါ်သည့် အကြီး ပရင်တာ ကြီးများကို တီထွင်ပြီး ဘိလပ်မြေများဖြင့် နံရံပုံဖော်လုပ်ငန်းကို လုပ်ဆောင်ပြီး ၂၄ နာရီအတွင်း အိမ်တစ်လုံးကျ ပေါ်ထွက်နိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ပေ ၆၀ ပတ်လည်အကျယ် အိမ်ဝင်းအတွင်း အိပ်ခန်းတစ်ခန်းပါ အဆောက်အဦငယ်တစ်လုံးကို ဒေါ်လာ ၁၀၀၀၀ နှုန်းဖြင့် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း AFP သတင်းတွင် ရေးသားထားသည်။ ■

### မကြာသောကာလတွင် ဒရုန်းယာဉ်ငယ်များဖြင့် အိမ်တိုင်ရာရောက် ပစ္စည်းပို့စနစ်များ စတင်နိုင်မည်ဟုဆို

အမေရိကန်ပြည်ထောင်စုတွင် မကြာသော လအနည်းငယ်အတွင်း ကုန်ပစ္စည်းအမှာများကို အိမ်တံခါးရှေ့အရောက် ပို့ဆောင်ပေးနိုင်မည့် ဝန်ဆောင်မှုစနစ်ကို စတင်လာဖွယ်ရှိကြောင်း The Wall Street Journal သတင်းတွင် ဖော်ပြထားသည်။

ယင်းဝန်ဆောင်မှုလုပ်ငန်းအတွင် ဆီလီကွန်တောင်ကြားမှ နည်းပညာကုမ္ပဏီကြီးတစ်ခုနှင့် လေကြောင်း ကုမ္ပဏီကြီးတို့ပူးပေါင်းပြီး အစိုးရထံတင်ပြထားရာ မကြာမီခွင့်ပြုဖွယ်ရှိကြောင်း ယင်းသတင်းကဆိုသည်။

အမေရိကန်လေကြောင်းစီမံအုပ်ချုပ်မှုအဖွဲ့ (FAA) အနေနှင့် ယမန်နှစ်ကတည်းက လေကြောင်းကတစ်ဆင့် ဒရုန်းယာဉ်များနှင့် ပါဆယ်ပစ္စည်းများကို ပို့ဆောင်ခွင့်အား ခွင့်ပြုပေးမည်ဟု ကတိပေးထားပြီး ဒေသဆိုင်ရာ အာဏာပိုင်များအနေနှင့် ဥပဒေကြောင်းအရ အဖြေရှာနေဆဲဖြစ်ကြောင်း WSJ တွင်ရေးသားထားသည်။ ■

### သီရိလင်္ကာနိုင်ငံတွင် ဆိုရှယ်မီဒီယာများ ပိတ်သိမ်းထားခြင်းအား ပြန်ဖွင့်ပေး

သီရိလင်္ကာနိုင်ငံတွင် လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် ဆိုရှယ်မီဒီယာများကို အသုံးပြု၍ မရစေရန် တစ်ပတ်ခန့် ပိတ်ပင်ခဲ့ပြီးနောက် မတ်လ ၁၄ ရက်နေ့က ပြန်ဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

မတ်လပထမပတ်အတွင်းလောက်ကတည်းက ကမ္ဘာလှည့်ခရီးသည် အများဆုံး လာရောက်ရာဒေသဖြစ်သည့် ကန်ဒီဒေသတွင် အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့ပြီး လူနှစ်ဦးသေဆုံးခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

ထိုသို့အကြမ်းဖက်မှုများ ဖြစ်ပွားရာတွင် Facebook ပေါ်သို့ မမှန်သတင်းများ ဖြန့်နေကြသော ဘာသာရေးဆိုင်ရာ အဓိကရုဏ်းများ ပိုမိုဖြစ်ပွားလာမည်ကို စိုးရိမ်သဖြင့် အစိုးရက မတ်လ ၇ ရက်နေ့ကတည်းက Facebook ကို ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ ■

# ဗီတိုသုတ စာစုများ



## နားထောင်ပေးသူ

ကိုဂျိုးသည် သားအငယ်ဆုံးဖြစ်ပြီး၊ အစ်ကိုနှစ်ယောက် အစ်မတစ်ယောက်ရှိသည်။ အငယ်ဆုံးသားဖြစ်သဖြင့် မိဘများ အသည်းစွဲအချစ်ခံရသူလည်းဖြစ်သည်။ အစ်ကိုနှစ်ယောက်တွင် တစ်ဦးက အင်ဂျင်နီယာ၊ တစ်ဦးက တက္ကသိုလ်ဆရာ၊ အစ်မက ဆရာဝန် ဖြစ်သဖြင့် အားလုံးပညာတော်ကြသည်ဟုပြောရမည်။

ကိုဂျိုးကို တစ်အိမ်လုံးက အလိုလိုက်ထားသဖြင့် လူဆိုးလေးတစ်ယောက်ဖြစ်နေရသည်။ ကျောင်းတွင် ပြဿနာရှာ၊ ရပ်ကွက်တွင်း ပြဿနာရှာနှင့် လူဆိုးလေးတစ်ယောက်ဖြစ်နေသော်လည်း မိဘများက ချစ်ရှာသည်။

ကျောင်းတွင်လည်း ပြဿနာကောင်၊ စာမေးပွဲအကြိမ်ကြိမ်ရှုံး၊ ကျောင်းအုပ်ကြီးရုံးခန်းသို့ မကြာခဏရောက်သဖြင့် တစ်ကျောင်းလုံးကလည်း ကိုဂျိုးဆိုလျှင် မသိသူမရှိ။ ကျောင်းမှ ပညာရည်မှတ်တမ်းတွင်လည်း အဆင့် C နှင့် D ကမတက်။

သားဖြစ်သူ ဖြစ်ချင်တိုင်းဖြစ်နေသည်ကို မိဘနှင့် ညီအစ်ကိုမောင်နှမများက စိတ်မချမ်းသာကြသော်လည်း ချစ်လွန်းသဖြင့် အရိပ်တကြည့်ကြည့် အလိုလိုက်ထားကြသည်။

တစ်နေ့တွင် ဘုရားကျောင်းမှပြန်လာသည့် မိဘများကို ဆရာမတစ်ဦးက နှုတ်ဆက်လိုက်ပြီး

“သားက သိပ်တော်တာပဲ၊ မယုံနိုင်လောက်အောင်ပဲ” ဟုပြောလိုက်လေသည်။

မိဘများက လူမှားနေပြီထင်သဖြင့် သေသေချာချာမေးကြည့်မှ ကိုဂျိုး၏ အတန်းပိုင်ဆရာမဖြစ်နေကြောင်း သိလိုက်ရသည်။

နောက်တစ်နေ့တွင် အိမ်သို့ ပညာရည်မှတ်တမ်းရောက်လာသည်။ ကိုဂျိုးပညာရည်မှတ်တမ်းတွင် အဆင့် A ရသည့် ဘာသာလေးခု၊ အဆင့် B ရသည့်ဘာသာက သုံးခုဖြစ်နေကြောင်း တွေ့လိုက်ရသည်။

မိဘများက မယုံကြည်နိုင်သဖြင့် ကျောင်းသို့လိုက်သွားကာ ကျောင်းအုပ်ဆရာကြီးနှင့်တွေ့ဆုံပြီး အကျိုးအကြောင်း မေးမြန်းစုံစမ်းရသည်။ ကျောင်းအုပ်ကြီးက-

“ဟုတ်တယ်ဗျ၊ သူပြောင်းလဲသွားပြီ။ သူ့ကိုပြင်လိုက်တဲ့သူကတော့ ကျွန်တော့်သမီးပဲ။ သူက မသန်စွမ်းသူတွေ ကျောင်းမှာ စာသင်ပေးနေရတဲ့ ဆရာမလေ။ ခု ကျောင်းပိတ်တုန်းပြန်လာရင်းက မောင်ဂျိုးကိုတွေ့တော့ သူပြုပြင်ပေးမယ်ဆိုပြီး လမ်းကြောင်းတည့်ပေးလိုက်တာ” ဟုပြောလိုက်သည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီးက ပြောပြောဆိုဆိုနှင့် -

“သမီးရေ” ဟုလှမ်းခေါ်လိုက်ပြီး ကိစ္စရှိသဖြင့် တောင်းပန်ပြီး အပြင်သို့ ထွက်သွားသည်။

ကျောင်းရုံးခန်းအတွင်းသို့ ဆရာမလေးက ခေါင်းကလေးငုံ့ကာ ဝင်လာသည်။ ဆရာမလေးသည် ကိုဂျိုးမိဘများရှေ့တွင် သိမ်မွေ့စွာထိုင်ရင်း စာရွက်တစ်ရွက်ယူကာ စာတစ်ကြောင်းချရေးလိုက်သည်။

“ကျွန်မနာမည် မနှင်းဆီပါ။ စကားမပြောနိုင်ပါ။ သိလိုသည်များကို စာရေးပြောခွင့်ပြုပါ” ဟူ၍ဖြစ်သည်။

ဖခင်ဖြစ်သူက မိခင်ဘက်သို့လှည့်ပြီး

“ဆရာမလေးက စကားမပြောတတ်ဖူးပဲ” ဟု ပြောလိုက်သည်။

အနီးတွင်ထိုင်နေသော ကိုဂျိုးက

“ဆရာမလေးက မပြောတတ်ပေမယ့် နားထောင်ပေးတတ်တယ်ဖေဖေ။ သူ ကျွန်တော်ပြောတာမှန်သမျှ တစ်လုံးမကျန် နားထောင်ပေးတယ်။ ဖေဖေနဲ့ မေမေတို့လည်း ဆရာမလေးလို သားပြောသမျှ နားထောင်ပေးရင် သိပ်ကောင်းမှာပဲ” ဟု ပြောလိုက်လေသည်။ ■

**(Ref: Ms Rose, The Listener)**

**Myanmar-Educo**

## သစ်ဆွေးတုံးများ၏ အနာဂတ်

ရုပ်သံအစီအစဉ်တစ်ခုက တင်ဆက်တဲ့ ဆွေးနွေးပွဲတစ်ခုကို နားထောင်လိုက်ရတယ်။ ဆရာကြီးတစ်ယောက်ဆွေးနွေးတဲ့အထဲမှာ

‘သစ်ဆွေးတုံးကို ပန်းပုထုလို့ မရဘူး’ ဆိုတဲ့ စကားကိုတော့ ကြိုက်မိတယ်။

ကျန်တာတွေကတော့ ဦးဆောင်ဆွေးနွေးသူတွေပါ ကိုယ်လိုရာ ကိုယ်ပြောနေလို့ သဘောသိပ်မကျမိပါဘူး။ အဲဒီဆွေးနွေးပွဲတစ်ခုလုံးမှာ -

‘သစ်ဆွေးတုံးကို ပန်းပုထုလို့မရဘူး’ ဆိုတဲ့ စကားတစ်ခွန်းပဲ စွဲကျန်ခဲ့တယ်။

ဟုတ်ပါတယ် . . . သစ်ဆွေးတုံးကို ပန်းပုထုလို့ မရပါဘူး။

ပန်းပုထုတယ်ဆိုတာ စူး၊ ဆောက်တွေနဲ့ ထုဆစ်ရတာ ဆိုတော့ ကြေလွယ် ပဲ့လွယ်တာပေါ့။

တိုင်းပြည်မှာကလည်း မသုံးတာကြာလို့ ဆွေးသွားတဲ့ သစ်သားတွေ ဘယ်လောက်များနေပြီလဲမှမသိတာ။ သစ်ကလည်းပွ၊ စောစောစီးစီး သုံးလို့ရတဲ့နေရာတွေမှာ အသုံးမခံကြရဘဲ မိုးထဲလေထဲ ပစ်ထားလိုက်တော့ သစ်သားတုံးတွေက သစ်ဆွေးတုံးတွေ ဖြစ်ခဲ့ရပြီပေါ့။

ဂျပန် Documentary ကားလေးတစ်ကားကြည့်ဖူးတယ်။ ပန်းချီကျောင်းကြီးတစ်ကျောင်းမှာ ဆရာက ကျောင်းသားတွေကို တောထဲခေါ်သွားပြီး ပန်းပုထုဖို့ ကိုယ်ကြိုက်တဲ့သစ်တုံးတွေကို ကိုယ်တိုင်ရွေးခဲ့ကြလို့ ပြောလိုက်တယ်။

ကျောင်းသားတွေလည်း ပန်းပုထုလို့ရမယ့် သစ်သားတွေကို ပျော်ရွှင်စွာ ဖြတ်တောက်ပြီးတော့ ယူခဲ့တာပေါ့။ အဲဒီ အချိန်မှာ ကျောင်းသားတစ်ယောက်က သစ်ဆွေးတုံးကြီးတစ်တုံးကို ထမ်းပြီးတော့ တောထဲက ထွက်လာတယ်။

ဆရာက “မင်းထမ်းလာတာ သစ်ဆွေးကြီး ဖြစ်ပုံမလား” လို့ မေးလိုက်တယ်။

ကျောင်းသားက “ဆွေးတာကို ပစ်ထားလိုက်ရင် သုံးမရပိုဖြစ်သွားမှာပေါ့။ ကျွန်တော် ကြိုးစားကြည့်မယ်” လို့ ပြောလိုက်တယ်။

ကျောင်းသားတွေ စတူဒီယိုထဲမှာ ပန်းပုတွေထုကြတယ်။ သူတို့ နောက်ဆုံးနှစ်အတွက် လက်မှတ်ဟာ သူတို့ ဖန်တီးတဲ့ အနုပညာလက်ရာပေါ်မှာ တည်နေတယ်။ ဒါကြောင့် ကျောင်းသားတွေ စူး၊ ဆောက်တွေသွေးပြီး တက်ကြွနေကြတယ်။

သစ်ဆွေးတုံးထမ်းလာတဲ့ ကျောင်းသားက ဘာ စူး၊ ဆောက်မှ မကိုင်ဘူး။ တစ်နေရာမှာ သစ်ဆွေးတွေကို သစ်သားတူနဲ့ဖွဖွလေး အမှုန့်ဖြစ်အောင်ထုနေတယ်။ အားလုံး အမှုန့်တွေကို အလုံအလောက်ရတော့ ထမင်းရည်နဲ့ရောပြီး နယ်တယ်။ စိတ်ကြိုက်အနေအထားရတော့ သူကပုံစံသွင်းတယ်။

သူပုံဖော်လိုက်တာက ကောင်းကင်ပေါ်ကို လက်ဆန့်တန်းထားတဲ့ ကျောင်းသားလေးတစ်ယောက်။ လွတ်လပ်မှုနဲ့ ပျော်ရွှင်မှုအပြည့် ကျောင်းသားလေးတစ်ယောက်။ ပြီးတော့ သူက ပုံဖော်ထားတဲ့ အရုပ်ကို ‘The Future’ လို့ အမည်ပေးပြီး ဆရာ့ဆီကို သွားတင်ပြလိုက်တယ်။

ထုထောင်းပြီး အမှုန့်ဖြစ်နေတဲ့ သစ်ဆွေးတုံးတွေမှာလည်း အနာဂတ်ရှိပါတယ်။ ပုံဖော်ပေးနိုင်သေးတဲ့သူတွေ မရှိသေးလို့ပါ။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ ဆွေးသွားအောင် ပစ်ထားသူတွေပဲရှိပြီး၊ အသုံးချလို့ ရအောင် မလုပ်ပေးနိုင်သေးတော့ အနာဂတ်တွေဟာ ပျောက်နေရလို့ပါ။ ■

**Myanmar-Educo**




သတင်းကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၇

# ရုရှားကလည်း ဗြိတိန်သံတမန်များကို လက်တုံ့ပြန် နှင်ထုတ်သွားမည်

**မော်စကို၊ မတ်၁၅**

ဗြိတိန်နိုင်ငံအတွင်းရှိ ရုရှားသံရုံးဝန်ထမ်း ၂၃ ဦးကို နှင်ထုတ်ခဲ့သည့်ဖြစ်ရပ်အပေါ် လက်တုံ့ပြန်သည့် အနေနှင့် ရုရှားကလည်း ဗြိတိန်သံတမန်များကို လက်တုံ့ပြန် နှင်ထုတ်သွားမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသွားခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြထားသည်။

နှင်ထုတ်ခြင်းမှာမကြာမီ ကြိမ်းသေပေါက် ဖြစ်ပွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့က ပြောကြားခဲ့သည်။

ဗြိတိန်တွင် ခိုလှုံနေသော ရုရှားသူလျှိုဟောင်းနှင့် သမီးဖြစ်သူကို ရုရှားလုပ်အာရုံကြောအတွင်း ထိုးဖောက်ဝင်ရောက်နိုင်သောဓာတုအဆိပ် (Nerve Agent) ဖြင့် လုပ်ကြံရန် ကြိုးပမ်းမှု ဖြစ်ပွားခဲ့ပြီးနောက် မော်စကိုကဖြေရှင်းချက် မပေးခဲ့သည့်အတွက် ဗြိတိန်က ရုရှားသံရုံးဝန်ထမ်းများကို နှင်ထုတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရုရှားဘက်ကမူပတ်သက်မှုမရှိဟု ငြင်းဆိုထားပြီး ဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေ၏ စွဲချက်များမှာ ရူးမိုက်ရာကျကြောင်း ဝေဖန်ခဲ့သည်။

ဗြိတိန်၏ ရပ်တည်ချက်သည် တာဝန်မဲ့ရာ ကျလွန်းပြီး သက်သေသက္ခာယလည်း မရှိဟု ရုရှားက ဝေဖန်ခဲ့သည်။




ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဗြိတိန်သံရုံး

လက်တုံ့ပြန်သည့်အနေနှင့် ဗြိတိန်သံရုံးဝန်ထမ်းများကို နှင်ထုတ်မည့် အစီအစဉ်မည်သည့်အချိန်တွင် ဖြစ်ပေါ်လာမည်နည်းဆိုသောမေးခွန်းကို ရုရှားနိုင်ငံခြားရေးဝန်ကြီးက "မကြာခင်ဖြစ်လာမှာပါ။ ကျွန်တော် ဒါကိုတော့ ကတိပေးနိုင်ပါတယ်" ဟုဖြေကြားခဲ့သည်။

ဗြိတိန်ထောက်လှမ်းရေးအတွက် သူလျှို ကိုယ့်ဘက်သားလုပ်ပေးခဲ့သည်ဆိုသော ရုရှားသူလျှိုဟောင်း ဆာဂေးဆကရီပဲလ် (၆၆ နှစ်) နှင့် သမီးဖြစ်သူ ယူလီယာစကရီပဲလ် ( ၃၃ နှစ်) တို့သည် ရှော့ပင်းမောလ်တစ်ခုရှိ ခုံတန်းပေါ်တွင် အဆိပ်မိ မေ့မြောနေခဲ့သောကြောင့် ဆေးရုံတင်ပို့ခဲ့ရသည်။

သုံးစွဲသည့် အဆိပ်မှာ ရုရှားတွင် နိုဗီချော့ဟုထင်ရှားသော ဓာတုအဆိပ်တစ်မျိုးဖြစ်သည်ဟု တွေ့ရှိခဲ့သည်။

ယခုဖြစ်စဉ်တွင် ရုရှားဘက်က အဆိပ်ခတ်သည်ဟု ယူဆရန်မှတစ်ပါး အခြားနည်း ကောက်ချက်ချစရာမရှိဟု ဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေကပြောကြားခဲ့ပြီး မတ်လ ၁၃ ရက်နေ့ ညနေပိုင်းနောက်ဆုံးထားပြီး ဖြေရှင်းချက်ပေးရန် ရုရှားအစိုးရကို တောင်းဆိုခဲ့သည်။

ရုရှားကမူ ဗြိတိန်အနေနှင့် ဓာတုလက်နက်ကွန်ဗင်းရှင်းပါ အတိုင်းတုံ့ပြန်ရန် ၁၀ ရက် အချိန်ပေးသည့် တရားဝင်တောင်းဆိုမှုမျိုး လုပ်ဆောင်ခဲ့ပါကမူ ရုရှားဘက်က ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်ဟု ဖြေရှင်းခဲ့သည်။

သို့သော်လည်း ၁၃ ရက်နေ့အထိ ရုရှားဘက်မှ မတုံ့ပြန်သောအခါ ဗြိတိန်က ရုရှားသံရုံးဝန်ထမ်းများကို နိုင်ငံတွင်းမှ နှင်ထုတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

■ F-03

## မြောက်ကိုရီးယားသို့ ဗုံးခံပစ္စည်းများ ပို့သည်ဆိုသည့် စင်ကာပူကုမ္ပဏီနှစ်ခုကို အစိုးရစစ်ဆေး

**စင်ကာပူစီးတီး၊ မတ် ၁၄**

ကုလသမဂ္ဂကချမှတ်ထားသော ကုန်သွယ်ရေးဆိုင်ရာ ပိတ်ဆို့အရေးယူထားမှုများကို ဖောက်ဖျက်ကာမြောက်ကိုရီးယားသို့ ဗုံးခံကုန်ပစ္စည်းများတင်သွင်းခဲ့သည်ဆိုသည့် စင်ကာပူကုမ္ပဏီနှစ်ခုကိုအစိုးရက စစ်ဆေးလျက်ရှိကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ဟု CNA သတင်းတစ်ရပ်က ဖော်ပြထားသည်။

"ကျွန်တော်တို့ အာဏာပိုင်များက ကုမ္ပဏီများကို စစ်ဆေးရေးဝင်နေပါတယ်။ စုံစမ်းစစ်ဆေးနေဆဲမို့ အသေးစိတ်ကို မထုတ်ပြန်နိုင်သေးပါဘူး" ဟုစင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအရာရှိက CNA သတင်းဌာနကို ပြောကြားသွားသည်။

"ကုလသမဂ္ဂစုံစမ်းအစီရင်ခံအဖွဲ့ UN panel နဲ့ စင်ကာပူဟာနီးကပ်စွာ အလုပ်လုပ်လျက်ရှိပြီး အကူအညီလည်း ပေးနေပါတယ်" ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားခဲ့သည်။

ကုမ္ပဏီနှစ်ခုမှာ OCN နှင့် T Specialist တို့ဖြစ်ပြီး ညီနောင်ကုမ္ပဏီများဖြစ်ကာ ဒါရိုက်တာတစ်ဦးတည်းက စီမံခန့်ခွဲနေခြင်းဖြစ်သည်။

ကုလသမဂ္ဂ စောင့်ကြည့်အစီရင်ခံသည့် အဖွဲ့က ပေါက်ကြားလာသည့် အစီရင်

စာ-23

## လက်ယာစွန်း AfD ပါတီကို အရွယ်ကျုံ့သွားစေလိုသည်ဟု အန်ဂလာမာကယ်လ်ပြောဆို



**ဘာလင်၊ မတ် ၁၅**

ဗုဒ္ဓဟူးနေ့က စတုတ္ထမြောက်သက်တမ်းအဖြစ် တရားဝင် အာဏာရယူပြီးနောက် ပထမဆုံးပြုလုပ်သော အင်တာဗျူးတွင် ဂျာမနီနိုင်ငံ အဓိပတိမာကယ်လ်က သူမကို ဖယ်ရှားရန် အကြိမ်ကြိမ် တောင်းဆိုနေသော လက်ယာစွန်း AfD ပါတီထံ ရောက်သွားသော မဲများကို ပြန်ရရန် ရည်မှန်းထားသည်ဟု ပြောကြားလိုက်ကြောင်း DW သတင်းတွင် ဖော်ပြထားသည်။

"ကျွန်မတို့ရဲ့ရည်မှန်းချက်ကတော့ အဲဒီပါတီကို မဲပေးခဲ့ကြသူတွေရဲ့ပြဿနာတွေကို ဖြေရှင်းပေးဖို့ပါပဲ။ ဆိုလိုတာက သူတို့ရဲ့ အရေးအတွက် လျှော့ချပစ်ချင်တာပါ။ သူတို့ကို ဂျာမန်ပါလီမန်အပြင်ကို ထုတ်ပစ်ဖို့ပါပဲ" ဟု သူမက ARD ရုပ်သံသို့ ပြောကြားသည်။

သို့ရာတွင် သူမတို့အစိုးရ၏ အဓိကရည်မှန်းချက်မှာ ဂျာမန်မဲဆန္ဒရှင်များ ရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းပေးရေးဖြစ်သည်ဟု မာကယ်လ်က အလေးထားပြောကြားသွားသည်။

မာကယ်လ်သည် ပါလီမန်တွင် ပွတ်ကာသီကာ ကိုးမဲအသာဖြင့် စတုတ္ထမြောက်သက်တမ်းအတွက် အာဏာရရှိသွားခြင်းဖြစ်သည်။

လျှို့ဝှက်မဲပေးစနစ်ဖြစ်သော်လည်း သူမ၏ CDU ပါတီနှင့် မဟာမိတ် SPD ပါတီတို့မှ အမတ်အချို့က သူမကို ကန့်ကွက်မဲပေးခဲ့ကြသည်ကို ရလဒ်များက ညွှန်ပြနေသည်။

မာကယ်လ်၏ CDU ပါတီနှင့် မဟာမိတ် SPD ပါတီတို့သည် စက်တင်ဘာလ ရွေးကောက်ပွဲတွင် အထိနာကာ AfD ပါတီထံ မဲများ ဆုံးရှုံးသွားခဲ့ကြသည်။ လူကြိုက်များလာသော လက်ယာစွန်း AfD ပါတီသည် ရွေးကောက်ပွဲတွင် ၁၂ ဒသမ ၆ ရာခိုင်နှုန်း အနိုင်ရရှိကာ လွှတ်တော်တွင်းသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့ပြီး လက်ရှိတွင် အကြီးဆုံး အတိုက်အခံပါတီဖြစ်နေသည်။

AfD နိုင်ငံရေးသမားများက မာကယ်လ်၏ ဒုက္ခသည်ဆိုင်ရာ မူဝါဒများကို အထူးသဖြင့် ကန့်ကွက်ခဲ့ကြပြီး သူမ ရာထူးမှ နုတ်ထွက်ပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့ကြသည်။

ဗုဒ္ဓဟူးနေ့က ပါလီမန်တွင် မဲခွဲနေစဉ် AfD ပါတီဒုဥက္ကဋ္ဌ၏ လက်ထောက်တစ်ဦးသည် "မာကယ်လ်နုတ်ထွက်ပေးရမယ်" ဟုရေးသားထားသည့် နဖူးစီးပိတ်စကိုထောင်ခဲ့သည့်အတွက် လွှတ်တော်ပရိသတ်ပွဲကြည့်စင်မှ မောင်းထုတ်ခြင်းခံခဲ့ရသည်။

အခြား AfD အမတ်တစ်ဦးမှာလည်း မာကယ်လ်ကို ကန့်ကွက်သည့် မဲကို ဓာတ်ပုံရိုက်ကာ twitter တွင် တင်ခဲ့မှုကြောင့် ဒဏ်ငွေချမှတ်ခြင်းခံရသည်။ ၎င်းက 'ငါတို့အဓိပတိမဟုတ်' ဟူသော စာကြောင်းကိုလည်း ပုံ၏အောက်တွင် ရေးသားခဲ့သည်။ လွှတ်တော်စည်းမျဉ်းများအရ မဲများကို လျှို့ဝှက်ထားရမည်ဖြစ်သည်။

■ F-04

**စာ-22 မြောက်ကိုရီးယားသို့ ဗိုမ်ခံပစ္စည်းများ ပို့သည်ဆိုသည့် စင်ကာပူကုမ္ပဏီနှစ်ခုကို အစိုးရ စစ်ဆေးမှုအဆက်**

ခံစာအရ ၂၀၁၁ နှင့် ၂၀၁၄ ခုနှစ်အကြား အဆိုပါကုမ္ပဏီများ၏ မြောက်ကိုရီးယား ဘဏ် ဒေဒေါင်ချေးငွေဘဏ်တွင် ဖွင့်ထားသော ဘဏ်စာရင်းများအတွင်းသို့ လွှဲငွေ အမေရိကန်ဒေါ်လာ ၂ သန်းဖိုးအထိ ရှိကြောင်း BBC သတင်းတစ်ရပ်က ရေးသားထားသည်။

ယင်းသို့ ငွေအလွှဲရှိခြင်းမှာမြောက်ကိုရီးယားသို့ ကုန်စည်များပို့ဆောင်ခြင်းကြောင့် ဖြစ်သည်ဟု သတင်းက ဖော်ပြထားသည်။

မြောက်ကိုရီးယားကိုပိတ်ဆို့အရေးယူမှုနှင့်ပတ်သက်၍ နောက်ဆုံးအစီရင်ခံစာကို လုံခြုံရေးကောင်စီသို့ တင်ခဲ့ပြီးယခုသီတင်းပတ်အကုန်တွင် ထုတ်ပြန်ဖြန့်ချိမည်ဖြစ်သည်။

ကုလသမဂ္ဂပိတ်ဆို့အရေးယူမှုများအရ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဇိမ်ခံပစ္စည်းများ မြောက်ကိုရီးယားသို့ တင်သွင်းခြင်းကို တားမြစ်ထားသည်။

စင်ကာပူနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကြောင့် လိုက်နာရန်ရှိသည်များကို အလေးအနက်ထား အကောင်အထည်ဖော်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

"လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကိုသက်ရောက်စေမယ့်ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်တဲ့ မည်သူတစ်ဦးတစ်ယောက်ကိုမဆို၊ ဘယ်လိုအဖွဲ့အစည်းကိုမဆို စင်ကာပူက အရေးယူသွားမှာဖြစ်ပါတယ်" ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအရာရှိက ပြောကြားသွားသည်။

■ F-02

# ဗြိတိန်တွင်ဖြစ်ပွားသော အဆိပ်ခတ်မှုတွင် ရုရှား တာဝန်ရှိသည်ဟု အမေရိကန်ယုံကြည်

**ဝါရှင်တန်၊ မတ် ၁၅**

အင်္ဂလန်တောင်ပိုင်း ဆာလစ်စဗျူရီတွင် ရုရှားသူလျှိုဟောင်းတစ်ဦးနှင့် သမီးဖြစ်သူတို့ အာရုံကြောအဆိပ်ဖြင့် လုပ်ကြံခံရမှုတွင် မော်စကိုက တာဝန်ရှိသည်ဟု အမေရိကန်က ယုံကြည်ကြောင်း ဗုဒ္ဓဟူးနေ့က လုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးတွင် အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေက ပြောကြားလိုက်ကြောင်း DW သတင်းတွင်ဖော်ပြထားသည်။




ရုရှားသူလျှိုဟောင်း ဆာဂျီစခရီပယ်နှင့် သမီးဖြစ်သူ ယူလီယာတို့သည် ဆာလစ်စဗျူရီတွင် အဆိပ်ဖြင့် လုပ်ကြံခံရပြီးနောက် ဆေးရုံတွင် ကုသမှုခံယူနေပြီး အခြေအနေ စိုးရိမ်ရသည်ဟု သိရှိရသည်။ အသုံးပြုခဲ့သော အဆိပ်မှာ ဆိုဗီယက်ခေတ်သုံး အာရုံကြောအဆိပ် နိုဗီချော့ခ်ဖြစ်သည်ဟု ဗြိတိန်အာဏာပိုင်များက စစ်ဆေးတွေ့ရှိထားသည်။

အမေရိကန်သမ္မတထရမ့်က ဗြိတိန်ကို ထောက်ခံအားပေးရန် ကတိပြုထားပြီး ယခုကိစ္စတွင် ပူးပေါင်းဆောင်ရွက်ရန် ရုရှားကို တိုက်တွန်းထားသည်။

ရုရှားသံအမတ်ကြီး ဗာဆီလီနီဗင်ဇီယာက "ဒီအမှုမှာ ရုရှားကပတ်သက်မှု မရှိပါဘူး။ ဖုံးကွယ်စရာလည်း မရှိပါဘူး။ ကြောက်စရာလည်း မရှိပါဘူး" ဟု ပြောကြားသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေသည် ထိုအမှုနောက်ကွယ်တွင် ရုရှားရှိနိုင်သည်ဟု ပြောကြားကာ စစ်အေးခေတ်အဆိပ်ကို ဗြိတိန်တွင် မည်သို့ အသုံးပြုခဲ့သည်ကို ရှင်းလင်းချက်ပေးရန် တောင်းဆိုပြီး ကိစ္စကို ရေးကြီးခွင်ကျယ်ဖြစ်အောင် ဖန်တီးနေသည်ဟု ရုရှားသံအမတ်က ပြောကြားသည်။

"ကျွန်တော်တို့ရာဇသံပေးတဲ့စကားမျိုးတွေ မသုံးပါဘူး။ ဒီအဆိပ် နမူနာနဲ့ ရုရှားပါဝင်မှု သက်သေ အထောက်အထားတွေကိုသာ စစ်ဆေးနိုင်ဖို့ ပို့ပေးပါလို့ ဗြိတိန်ကို တောင်းဆိုပါတယ်" ဟု ၎င်းက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့တွင် အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေက "ဒီကိစ္စအတွက် တာဝန်ရှိတဲ့ ရုရှားက တာဝန်ယူဖို့လိုပါတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့ ချက်ချင်း အရေးယူဆောင်ရွက်မှု မရှိဘူးဆိုရင် ဓာတုအဆိပ်သုံးတဲ့ကိစ္စတွေဟာ ဆာလစ်စဗျူရီနဲ့တင် အဆုံးမသတ်ဘဲ ထပ်ပေါ်လာပါလိမ့်မယ်" ဟု ပြောကြားသွားသည်။

ယခုပြဿနာ ဖြေရှင်းရေးအတွက် အကူအညီပေးကြရန် လုံခြုံရေးကောင်စီအဖွဲ့ဝင်များကို ဗြိတိန်သံအမတ်ကြီး ဂျိုနသန်အယ်လန်က မေတ္တာရပ်ခံထားသည်။

"ဆာဂျီစကရီပယ်တို့ သားအဖကို လုပ်ကြံဖို့ ကြိုးစားမှုအတွက် ရုရှားနိုင်ငံက တာဝန်ရှိတယ်ဆိုတဲ့ ကောက်ချက်ဟာ ကွဲလွဲစရာ မရှိတဲ့ တစ်ခုတည်းသော ကောက်ချက်ဖြစ်ပါတယ်။ နိုဗီချော့ခ် အဆိပ်ကိုအသုံးပြုတာဟာ ဓာတုလက်နက်တားမြစ်ရေးစာချုပ်ကို ဖောက်ဖျက်တာဖြစ်ပါတယ်။ ဒီကိစ္စဟာ အရပ်သားတွေ အသက်အန္တရာယ်ဖြစ်အောင် မဆင်မခြင် လုပ်ဆောင်မှု ဖြစ်ပါတယ်" ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

ယခုကိစ္စအတွက် ဓာတုလက်နက်တားမြစ်ရေးအဖွဲ့ထံသို့ ရှင်းလင်းချက်ပေးရန် အင်္ဂါနေ့ညအထိ အချိန်သတ်မှတ်ထားခြင်းကို လျစ်လျူရှုခဲ့မည် ဆိုပါက ရုရှားသံတမန် ၂၃ ဦးကို နှင်ထုတ်မည်ဟု ဝန်ကြီးချုပ် ထရီဇာမေက ဗုဒ္ဓဟူးနေ့က သတိပေးပြောကြားထားသည်။

■ F-04

## ကမ္ဘာ့သားရိုင်း ထက်ဝက်ခန့်မှာ ရာသီဥတုဖြိမ်းခြောက်မှုကို ခံနေရ

**ဆစ်ဒနီ၊ မတ် ၁၅**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် တစ်ကမ္ဘာလုံးရှိ သားရိုင်းတိရစ္ဆာန် မျိုးစိတ်များ၏ ၅၀ ရာခိုင်နှုန်းခြိမ်းခြောက်ခံရလျက်ရှိသည်ဟု ကမ္ဘာ့သားရိုင်းထိန်းသိမ်းရေးဌာန WWF ၏ မကြာသေးခင်က ထုတ်ပြန်လိုက်သော အစီရင်ခံစာက ဖော်ပြထားသည်။

ကမ္ဘာ့ဇီဝမျိုးကွဲစုံ ရှင်သန်ပေါက်ဖွားရာ နေရာ ၃၅ ခုကို WWF က တက္ကသိုလ်နှစ်ခုနှင့် ပူးပေါင်းလေ့လာခဲ့ပြီးအဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အမေဇုန်နှင့် မဒါဂတ်စကားရေဝေရေလွှဲဒေသစသည့် သဘာဝဇီဝမျိုးကွဲစုံဒေသတို့တွင်လည်း အလားတူအခြေအနေမျိုး ကြုံနေရသည်ဟု လေ့လာချက်ကဖော်ပြထားသည်။




အဆိုပါဒေသတို့တွင် အပူချိန်က မြင့်တက်လျက်ရှိရာတွင် ဒေသခံသဘာဝ သားရိုင်းများအနေနှင့် ဆိုးဝါးစွာထိခိုက်ခံစားနေရခြင်းဖြစ်သည်ဟု လေ့လာချက်က ဖော်ပြထားသည်။

ကမ္ဘာ့အပူချိန်သည် နောက်ထပ် ၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ထပ်တက်မည်ဆိုပါက ထိုဒေသများရှိသားရိုင်းမျိုးများ၏ ၅၀ ရာခိုင်နှုန်းသည် ၂၀၈၀ တွင် မျိုးတုံးပျောက်ကွယ်မှုနှင့် ကြုံရဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

ပါရီသဘောတူညီချက်က ချမှတ်ထားသည့် စက်မှုကင်းစင်အဆင့် အပူချိန်ထက် ၂ ဒီဂရီခန့်တက်လျှင်ပင် သားရိုင်းတိရစ္ဆာန်များအတွက် ထိခိုက်ပြီးသားဖြစ်သည်။

အဆိုပါအခြေအနေ၌တွင်ပင် ၂၅ ရာခိုင်နှုန်းသော မျိုးစိတ်များအနေနှင့် ခြိမ်းခြောက်ခံရနိုင်သော အခြေအနေရှိနှင့်နေပြီးဖြစ်သည်။

အာဖရိကဆင် သို့မဟုတ် ပန်ဒါဝက်ဝံတို့သည် ၎င်းတို့ နေထိုင်ရာ၊ သားပေါက်ရာ သဘာဝနေရာများတွင် လုံးဝ ကွယ်ပျောက်သွားဖို့ရှိနေသည်။

ရာသီဥတုပူပြင်းလာခြင်းဒဏ်ကို ကုန်းနေ၊ ရေနေသတ္တဝါများ၊ အပင်များ၊ တွားသွားကောင်များပင်လျှင် ခက်ခဲစွာ ကြံ့ကြံ့ခံနေကြရသည်။

အပူချိန်မြင့်ခြင်းကြောင့် ငှက်များ ဆောင်းခိုခြင်းအတွက် စားကျက်နေရာခိုအောင်းရာများ ခက်ခဲလာသည်ကိုလည်း အစီရင်ခံစာက ထောက်ပြထားသည်။■F-02



# CRIME/ ACCIDENT

## YBS ပေါ်တွင် ယာဉ်မောင်းတစ်ဦး ရုတ်တရက်သေဆုံး

**ရန်ကုန်၊ မတ် ၁၅**

YBS အမှတ်(၆၈)ဂိတ်ရှိ ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် မတ်လ ၁၄ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်កအသက် ၅၉ နှစ်အရွယ် YBS ခရီးသည်တင်ယာဉ်မောင်း အမျိုးသားတစ်ဦး ရုတ်တရက်သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းတွင် နေထိုင်သူ ဦးစောလှသိန်းသည် ယင်းနေ့က YBS အမှတ်(၆၈)ခရီးသည်တင်ယာဉ်ကို မောင်းနှင်ရန် နံနက် ၄ နာရီခန့်က ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းရှိ ဂိတ်သို့ရောက်ရှိလာပြီး ခေါင်းမူးသည်ဟုဆိုကာ ယာဉ်ပေါ်တွင် အိပ်နေကြောင်း၊ နံနက် ၆ နာရီခွဲခန့်၌ ယာဉ်နောက်လိုက် သွားရောက်နှိုးစဉ်တွင်မှ သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ရွှေပြည်သာကနေ နည်းပညာတက္ကသိုလ် လှိုင်သာယာဘက်ဆွဲတာ။ ယာဉ်ထွက်ဖို့ ယာဉ်နောက်လိုက်ကသွားနှိုးတဲ့ အချိန်မှာ နှိုးမရတာနဲ့လိုင်းကြီးကြပ်ဆီသတင်းပို့ပြီး စစ်ဆေးကြည့်တော့မှ သေဆုံးနေတာကို တွေ့ခဲ့ရတာပါ။ အရက်ဖြတ်ထားတာ သုံးရက်လောက်ရှိပြီလို့ သိရတယ်။ သွေးတိုးရောဂါကြောင့် သေဆုံးတယ်လို့ ယူဆရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကရှင်းပြသည်။

၎င်းသေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ရုပ်အလောင်းကို အင်းစိန် ဆေးရုံကြီးမှ PR- 01 ဖြင့်လက်ခံစစ်ဆေးနေပြီး လှော်ကားနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၉/၁၈ ဖြင့် အမှုဖွင့်စစ်ဆေးနေသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ၂၀၁၇ ခုနှစ်တွင် သေမှုသေခင်းပေါင်း ၁၃၀၀ ကျော်ရှိခဲ့ပြီး ရုတ်တရက်သေဆုံးမှုများနှင့်ပတ်သက်၍ စစ်ဆေးရာ ရောဂါကြောင့် ရုတ်တရက်သေဆုံးသူ ၂၉၇ ဦး၊ အရက်အမူးလွန်သေဆုံးသူ ၁၈၆ ဦး၊ ရုတ်တရက်ထိခိုက်သေဆုံးသူ ၃၁ ဦး ရှိကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ သေမှုသေခင်းဖွင့်စစ်ဆေးသည့်အမှုပေါင်း ၁၉၃ မှုရှိခဲ့ပြီး ရောဂါကြောင့် ရုတ်တရက်သေဆုံးသူ ၄၄ ဦး၊ အရက်အမူးလွန်သေဆုံးသူ ၁၆ ဦး၊ ရုတ်တရက်ထိခိုက်သေဆုံးသူ ၆ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထုတ်ပြန်ချက် စာရင်းများအရ သိရသည်။

■ J 16

## YBS ပေါ်တွင် ခါးပိုက်နှိုက်နေသူ သုံးဦးကို ဖမ်းမိ

**ရန်ကုန်၊ မတ် ၁၅**




တင်မျိုး(ခ)စယိုင်နှင့် သက်သေခံပစ္စည်းများ

ကျော်ကြီး၊ ချမ်းမြို့တက်တို့နှင့်သက်သေခံပစ္စည်းများ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းရှိ ကားကြီးဂိတ်မှတ်တိုင်နှင့် တံတားဖြူမှတ်တိုင်တို့တွင် မတ်လ ၁၄ ရက်နေ့က YBS ယာဉ်ပေါ်ပါ ခရီးသည်များထံမှ လက်ကိုင်ဖုန်းနှင့် ငွေများ နှိုက်ယူခဲ့သော ခါးပိုက်နှိုက် အမျိုးသား သုံးဦးကို ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

မြို့တွင်းပြေးဆွဲနေသည့် ခရီးသည်ယာဉ်များပေါ်တွင် ခါးပိုက်နှိုက်မှုများ မကြာခဏ ဖြစ်ပွားနေသောကြောင့် ခါးပိုက်နှိုက်ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရန် ရဲတပ်ဖွဲ့ ခရီးသည်အသွင်ယူ၍ YBS ယာဉ်များပေါ် လိုက်ပါစီးနင်းပြီး စုံစမ်းခဲ့ရာ မတ်လ ၁၄ ရက် နံနက် ၉ နာရီက အမှတ်(၂) လမ်းရှိ ကားကြီးဂိတ်မှတ်တိုင်တွင် YBS (၆) ယာဉ်တစ်စီးပေါ်မှ အမျိုးသားတစ်ဦး၏ Samsung အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်တစ်သောင်းခုနစ်ထောင်ကို နှိုက်ယူခဲ့သော ခါးပိုက်နှိုက်အမျိုးသား နှစ်ဦးကို ဖမ်းမိခဲ့သည်။

ယင်းနောက် နာရီဝက်ခန့်အကြာတွင် အမှတ်(၂)လမ်းရှိ တံတားဖြူမှတ်တိုင်တွင် YBS ၆၀ ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ အမျိုးသားတစ်ဦး၏ ဂျင်းဘောင်းဘီအိတ်ကပ်ထဲမှ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် တစ်သောင်းသုံးထောင်ကို နှိုက်ယူခဲ့သော အမျိုးသားတစ်ဦးကို ထပ်မံဖမ်းမိခဲ့သည်။

အဆိုပါ ဖမ်းမိသည့် အသက် ၃၀ နှစ်ကျော်ကြီး(ခ) ကျော်သက်နိုင် အပါအဝင် အမျိုးသားသုံးဦးကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့မ ရဲစခန်းတွင် ခါးပိုက်နှိုက်အမှုများဖြင့် အရေးယူထားပြီး အခြားကျူးလွန်ထားသည့် ခါးပိုက်နှိုက်အမှုများ ရှိမရှိကို တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

## မှုခင်းသတင်းတိုများ

■ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အောင်မင်္ဂလာဈေးနောက်လမ်းပေါ်တွင် မတ် ၁၄ ရက် နံနက် ၁၀ နာရီ ခွဲခန့်က မိသားစုနှင့်ကွဲကွာနေပြီး အရက်အလွန်အကျွံသောက်စားနေသည်ဟုဆိုသော အသက် ၅၁ နှစ်အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာမတွေ့ရဘဲ ရုတ်တရက်သေဆုံးနေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို မြောက်ဥက္ကလာပဆေးရုံကြီးသို့ပို့ဆောင်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ယင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေသည်။

■ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပတ္တမြားလမ်းရှိ တိုက်ခန်းတစ်ခုတွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ဖမ်းယူရရှိသည့် ငါး/ပုစွန်များကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး ပို့ဆောင်ပေးမည်ဟုဆိုကာ ကြိုတင်ငွေ ကိုးရာခြောက်ဆယ့်သုံးသိန်း ထုတ်ယူသွားပြီး ငါး/ပုစွန်များပေးသွင်းခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်နေသည်ဟုဆိုသော လင်မယားနှစ်ဦးကို ယင်းမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့် မတ်လ ၁၃ ရက်နေ့က အမှုဖွင့်တိုင်ကြားထားသည်။

■ မှော်ဘီမြို့နယ်၊ ရန်ကုန်-ပြည်လမ်းအတိုင်း မြောက်မှတောင်သို့မောင်းနှင်လာသော အနက်ရောင်ဆိုင်ကယ်တစ်စီးသည် မတ်လ ၁၄ ရက် နံနက် ၂ နာရီခွဲခန့်က မိုင်တိုင်အမှတ်(၂၄/၄)နှင့်(၂၄/၅)ကြားအရောက် ၎င်းရှေ့မှမောင်းနှင်သွားလာနေသော ယာဉ်တစ်စီးကိုဝင်တိုက်ရာ ဆိုင်ကယ်စီးနင်းသူ အသက် ၅၀ အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီးနောက်မှစီးနင်းလိုက်ပါလာသူ အသက် ၅၀ အရွယ် အမျိုးသားတစ်ဦး ထိခိုက်ပေါက်ပြဲဒဏ်ရာများဖြင့် မှော်ဘီမြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် တင်ပို့ကုသထားရသည်။

■ လှည်းကူးမြို့နယ်၊ ရန်ကုန်-ပဲခူးလမ်းအတိုင်း ပဲခူးဘက်မှ ရန်ကုန်ဘက်သို့မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးသည် မတ်လ ၁၃ ရက် ည ၈ နာရီခန့်က လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ပန်းချယ်ရီမှတ်တိုင်အလွန်အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်ဘေးရပ်ထားသော တွဲကားအားဝင်တိုက်ရာ ဆိုင်ကယ်မောင်းနှင်သူ အသက် ၃၂ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး နောက်မှ စီးနင်းလိုက်ပါလာသူ အသက် ၃၁ နှစ်အရွယ် အမျိုးသားတစ်ဦး ထိခိုက်ပေါက်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။

■ လှိုင်သာယာမြို့နယ်၊ အပြင်ပဒံကျေးရွာအုပ်စု၊ မြစိမ်းရောင် ကျေးရွာ၊ မြစိမ်းရောင်အိမ်ရာဝင်းအနီး ဘုတာရုံဝင်းအတွင်းတွင် မတ်လ ၁၄ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က ၃ ဧကခန့်ရှိ မြက်ခြောက်ကိုင်းတောအား မီးလောင် ခဲ့ရာ ယင်းမြို့နယ် မီးသတ်ဖွဲ့ဝင် ၃၀ ကျော်ခန့်နှင့်အတူ ဒေသခံပြည်သူများက ၁ နာရီခန့်အကြာ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း၊ ယင်းမီးလောင်မှုကြောင့် လူ၊ အဆောက်အအုံနှင့် ပစ္စည်းများ ထိခိုက်ဆုံးရှုံးခြင်း မရှိကြောင်း သိရသည်။

J 16

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃(ရန်ကုန်)၊
၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# ရခိုင်ဂေဇက်ဂျာနယ်မှ ဝန်ထမ်းများ သုံးလစာပေးရေး တောင်းဆို

**စစ်တွေ၊ မတ် ၁၅**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထုတ်ဝေသည့် ရခိုင်ဂေဇက်ဂျာနယ်ကို အစိုးရအဖွဲ့က ရပ်နားထားသောကြောင့် သတင်းထောက်များနှင့် ဝန်ထမ်းများက နစ်နာကြေး သုံးလစာပေးရန် တောင်းဆိုထားကြောင်း တာဝန်ခံအယ်ဒီတာ ဒေါ်ချစ်ချစ်ချောက ပြောကြားသည်။

အဆိုပါသတင်းဌာနမှ တာဝန်ခံအယ်ဒီတာဖြစ်သူ ဒေါ်ချစ်ချစ်ချောက နုတ်ထွက်ခွင့်တင်ပြလာခြင်းအပေါ် အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မတ်လ ၉ ရက်နေ့မှစ၍ ရပ်နားလိုက်ပြီး မီဒီယာဝန်ထမ်းများကို မတ်လကုန်အထိသာ လစာပေးမည်ဖြစ်ကြောင်း၊ မီဒီယာလုပ်ငန်းပစ္စည်းများကိုလည်း မတ်လ ၁၂ ရက်နေ့အပြီး အပ်နှင်းရမည်ဖြစ်ကြောင်း အမိန့်စာထုတ်ပြန်ခဲ့သည်။

ယင်းသို့အမိန့်စာထုတ်ပြန်အပြီး မတ်လ ၁၂ ရက်နေ့တွင် မီဒီယာလုပ်ငန်းသုံးပစ္စည်းများကို အစိုးရအဖွဲ့ထံ အပ်နှင်းလိုက်ပြီး မတ်လ ၁၄ ရက်နေ့က မီဒီယာဝန်ထမ်းများက အလုပ်သမားနစ်နာကြေး သုံးလစာပေးရမည်ဟု ပြည်နယ်ဝန်ကြီး ဦးကျော်လွင်ကို တောင်းဆိုထားကြောင်း သတင်းထောက် ဒေါ်အေးအေးသန်းက ပြောကြားသည်။

"တာဝန်ခံက အခြားလုပ်ငန်းတစ်ခုရှိလို့ နုတ်ထွက်ခွင့်တင်လို့ ယာယီရပ်နားထားလိုက်တာ အဲဒီနေရာမှာ ကျွမ်းကျင်ဦးဆောင်သူတွေမရှိလို့ရပ်ထားတဲ့သဘောဖြစ်တယ်။ ပစ္စည်းတွေလည်း ထိန်းသိမ်းထားတဲ့ သဘောပါ။ ဝန်ထမ်းတွေ သုံးလစာတောင်းတာတော့ ကျွန်တော်မသိသေးဘူး"ဟု ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင် ကပြောဆိုသည်။

အဆိုပါ သတင်းဌာန၌ ဝန်ထမ်းစုစုပေါင်းကိုးဦးရှိပြီး တစ်လလျှင်ဂျာနယ်တစ်စောင်ထုတ်ဝေလျက်ရှိကြောင်း၊ အလုပ်သမား အခွင့်အရေးအရ ဝန်ထမ်းများအနေနှင့်သုံးလစာ နစ်နာကြေးရသင့်ကြောင်း သတင်းထောက်များက ပြောဆိုသည်။

NLD အစိုးရတက်လာပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတာဝန်ထမ်းဆောင်ရာ ပြည်နယ်စည်ပင်ဝန်ကြီးဟောင်း ဦးမင်းအောင်က ယင်းသတင်းဌာနကို ဦးစီးတာဝန်ခံ၍ ၂၀၁၆ ခုနှစ် ဧပြီလက စတင်တည်ထောင်ခဲ့သည်။ ■ **R-22**


ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂


The VOICE Daily CARTOON




# Classifieds

ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅ ၇၇၂

| | | | | |
|---|---|---|---|---|
| [illegible] | [illegible] | ရတနာငွေ (ကွမ်းယာဆိုင်) [illegible] Ph: 09-771298566 | နေပြည်တော် (ဆိုင်ကယ်ရောင်းဝယ်ရေး) [illegible] Ph: 09-2036268 | စိမ်းနဝါ (ကွမ်းယာ) [illegible] Ph: 09-444000536 |
| နိုင်စိုးနှင့်ညီများ [illegible] Ph: 09-259053321 | ဝေဖြိုးအောင် [illegible] Ph: 09-402543444 | ကံကောင်း [illegible] Ph: 09-797500698 | ဇာနည်ဦး [illegible] Ph: 09-2037993 | နှင်းဆုံ [illegible] Ph: 09-402519641, 09-258083141 |
| နောင်ရိုး [illegible] Ph: 09-91043934 | စိုးမိုးရတနာ [illegible] Ph: 09-402743820 | ဗိုလ်ဂို (အုတ်၊ ထုံး၊ သဲ၊ ကျောက်) [illegible] Ph: 09-2063401 | ချမ်းမြေ့အောင် (အုတ်၊ ထုံး၊ သဲ၊ ကျောက်) [illegible] Ph: 09-254021785 | နိုင် (အုတ်၊ ထုံး၊ သဲ၊ ကျောက်) [illegible] Ph: 09-2037411 |
| နန်းဇော (အုတ်၊ ထုံး၊ သဲ၊ ကျောက်) [illegible] Ph: 09-444021437 | ဝိတောက်ရိုင် (အုတ်၊ ထုံး၊ သဲ၊ ကျောက်) [illegible] Ph: 09-776733355 | စိုးချစ် (အုတ်၊ ထုံး၊ သဲ၊ ကျောက်) [illegible] Ph: 09-968677070 | ရွှေနန်းမြင့် (အုတ်၊ ထုံး၊ သဲ၊ ကျောက်) [illegible] Ph: 09-43161801 | သစ္စာမွန် (အုတ်၊ ထုံး၊ သဲ၊ ကျောက်) [illegible] Ph: 09-43061381 |
| ကောင်းမြတ် [illegible] Ph: 09-5173040 | ဒေါ်ခင်မြင့် [illegible] Ph: 09-977799861 | ကိုကျော်မိုး [illegible] Ph: 09-797779776 | စံပြ [illegible] Ph: 09-402523078 | မချိုမ [illegible] Ph: 09-256525134 |
| ဗြဟ္မစိုရ် [illegible] Ph: 09-794711344 | ဦးသောင်းညွန့် [illegible] Ph: 09-780780617 | ကိုကုလားကြီးနှင့်ညီများ [illegible] Ph: 09-256053782 | ယွန်းရွှေလှာ [illegible] Ph: 09-777792240 | အောင်ပန်း [illegible] Ph: 09-768558082 |



Photo - nyi nyi win

အင်းတော်မြို့နယ်အတွင်း ထွင်းထုနေသည့် စည်တော်ကြီးကို တွေ့ရစဉ်။

# အင်းတော်တွင် အလျား ၁၁ ပေခန့်ရှိ စည်တော်ကြီး ထွင်းထု

**ကလေး၊ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ လက်ပံကုန်းကျေးရွာတွင် အလျား ၁၁ ပေခန့်ရှိသော စည်တော်ကြီးကို ကျပ်သိန်း ၅၀ ကျော် အကုန်အကျခံ၍ ထွင်းထုမည်ဖြစ်ကြောင်း ဆရာပွဲ မြန်မာ တူရိယာအမျိုးမျိုးရောင်းဝယ်ရေးမှ ဦးကျော်ညွန့်က ပြောကြားသည်။

အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက်ရှိ သုသာန်ဟောင်းကိုဖျက်ကာ ကားကြီးကွင်းပြုလုပ်ရန် ရှင်းလင်းရာမှ ခုတ်ထားသည့် ကုက္ကိုပင်ကို တောင်းယူ၍ အဆိုပါစည်တော်ကို ပြုလုပ်ခြင်းဖြစ်ပြီး မတ်လ ၁၅ ရက်နေ့တွင် အခေါင်းထွင်းခြင်းနှင့် လုံးပတ်ပြုလုပ်ခြင်းစသည့်အကြမ်းထည်လုပ်ငန်းပြီးစီးလုနီးပါးဖြစ်နေပြီဖြစ်သည်။

အဆိုပါ စည်တော်ပြုလုပ်နေခြင်းသည်ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်များအနေနှင့် မြန်မာ့တူရိယာ လက်မှုပညာကို သိရှိလေ့လာနိုင်စေရန်ဖြစ်ပြီး စည်တော်ထုလုပ်ပြီးပါက ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများသည့် စစ်ကိုင်းတိုင်းအတွင်းရှိ ဘုရားကျောင်းများသို့ လှူဒါန်းမည်ဖြစ်ကြောင်း ဦးကျော်ညွန့်က ပြောဆိုသည်။

"ကျွန်တော့် တစ်သက်မှာ ဒီလိုစည်မျိုးလုပ်လည်းမလုပ်ဖူးဘူး။ လုပ်လည်းလုပ်နိုင်ဖို့ မလွယ်ဘူး။ တကယ့်တကယ်အခွင့်အရေးကြုံတုန်းမှာ သမိုင်းတစ်ခုကျန်ခဲ့အောင်ဆိုပြီး မိဘကို ရည်စူးပြီးပြုလုပ်လှူဒါန်းမယ်လို့ ရည်မှန်းထားတာပါ"ဟု ၎င်းက ဆိုသည်။

စည်တော်သည် အလျား ၁၀ ပေ ၈ လက်မ၊ ထိပ်ဝတစ်ဖက် (စည်မျက်နှာပြင်) အကျယ် ၅ ပေ ၄ လက်မရှိမည်ဖြစ်ပြီး စည်တော်ကြီး ထိပ်နှစ်ဖက် (စည်မျက်နှာ) အဝကို နွားသားရေဖြင့်ကြက်၍ ထိပ်ဝနှစ်ဖက်စလုံးကို ထိပ်ဝမှ သုံးပေစီအကွာထိ စည် မျက်နှာပြင်နှင့် တစ်ဆက်တည်း သားရေဖုံး အုပ်မည်ဖြစ်သည်။

ထိပ်ဝနှစ်ဖက် သားရေဖုံးအုပ်ပြီးကျန်သည့် အလယ်နေရာ သစ်သားစည်နေရာတွင် မြတ်စွာဘုရား၏ ၁၀၈ ကွက် ဗုဒ္ဓခြေတော်စက်လက္ခဏာကို နတ်သားလေးပါးက ပူဇော်နေသည့်ပုံ ထွင်းထုမည်ဖြစ်ပြီး ယင်းစည်တော်ထုလုပ်မှုကို ခြောက်လခန့်အချိန်ယူပြုလုပ်မည်ဖြစ်ကာ စုစုပေါင်း ခန့်မှန်း ကုန်ကျငွေ ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အကြား ကုန်ကျနိုင်ကြောင်း ဦးကျော်ညွန့်က ပြောကြားသည်။ ■R-20

# တမူးတွင် ဖမ်းဆီးရမိထားသည့် ဆူညံအိတ်ဇောများ ဖျက်ဆီး

**ကလေး၊ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုစဉ်ကာလနှင့် ပြီးခဲ့သည့်သင်္ကြန်ကာလအတွင်းက ဖမ်းဆီးရမိထားသည့် ဆူညံအိတ်ဇောများကို ဖျက်ဆီးခဲ့ကြောင်း တမူးမြို့ရှိ အမှတ် (၁၀၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့စုမှူး ရဲအုပ်နေထွန်းအောင်က ပြောကြားသည်။

မတ်လ ၁၅ ရက်နေ့ နံနက် ၉ နာရီခန့်က တမူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း ဆိုင်ကယ်အိတ်ဇော စုစုပေါင်း ၂၂၃ ခုကို ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး၊ ယင်းအိတ်ဇောများသည် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုစဉ်ကာလ၊ သင်္ကြန်ကာလနှင့် ၂၀၁၈ ခုနှစ်တက္ကသိုလ်ဝင်တန်းဖြေဆိုကာလအတွင်း ဖမ်းဆီးထားသည့် အိတ်ဇောများဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"ဒီဟာတွေ မတပ်ဖို့မဖမ်းခင် ပညာပေးလုပ်ထားတာတွေရှိတယ်။ ပညာပေးကာလမှာဆိုရင် ဒီအိတ်ဇောတွေကို တစ်ခါတည်းလဲခိုင်းတယ်။ ဖမ်းဆီးတဲ့ကာလမှာလည်း တရားရုံးမှာ ဒဏ်ငွေဆောင်ပြီးရင် ကောင်းတဲ့ အိတ်ဇောနဲ့လဲပြီး ပြန်လွှတ်တယ်။ အဲဒီလို ဖမ်းဆီးထားတဲ့ အိတ်ဇောတွေကို ဖျက်ဆီးတာ"ဟု တပ်ဖွဲ့စုမှူး ရဲအုပ်နေထွန်းအောင်က ဆိုသည်။

ယင်းသို့စည်းကမ်းမဲ့ဆိုင်ကယ်များကို ဖမ်းဆီးကာ ဒေသခံပြည်သူများကို အသံဆူညံမှုဖြစ်စေသည့် အိတ်ဇောများကို ဖျက်ဆီးသည့်အပေါ် ကြိုဆိုကြောင်း တမူးမြို့ဒေသခံပြည်သူများက ပြောကြားသည်။ ■R-20

# ရန်ကုန်-မန္တလေး အမြန်လမ်း ADB ချေးငွေဖြင့် အဆင့်မြှင့်မည်

**တောင်ငူ၊ မတ် ၁၅**

ရန်ကုန်-မန္တလေး အမြန်လမ်းကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ချေးငွေဖြင့် ရန်ကုန်မှ ပဲခူးတိုင်းအတွင်းရှိ ဘောနတ်ကြီးအထိလမ်းပိုင်းကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားသည်။

မတ်လ ၁၄ ရက်နေ့က ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပုလဲမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ ရန်ကုန်-မန္တလေးအမြန်လမ်းတစ်လျှောက် လိုအပ်နေသောအဆင့်မီ ဖြည့်စွက်ထောက်ပံ့အင်္ဂါရပ်များ(Road Furniture and Facilities) ဖြည့်ဆည်းပြီး စည်းကမ်းအားနည်းချက်များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိ မေးမြန်းခြင်းကို ဒုတိယဝန်ကြီးက ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့အဆင့်မြှင့်မည့် လမ်းပိုင်းသည် ရန်ကုန်မြို့ '၀' မိုင်မှ ဘောနတ်ကြီးကျေးရွာ မိုင် ၄၀ လမ်းပိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသော လမ်းမကြီးဖြစ်ရန် နိုင်လွှန်ကတ္တရာ(AC) ခင်းခြင်း၊ Raised Medium မှ Depressed Median သို့ ပြောင်းလဲပြီး ၂ ဒသမ ၅ မီတာရှိ အတွင်းနှင့် အပြင်လမ်းပခုံးပြုလုပ်ခြင်း၊ ခြံစည်းရိုးခတ်ခြင်းများ သာမကအပြည်ပြည်ဆိုင်ရာ Standard ဖြစ်သည်အထိ တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်လင်းက ရှင်းပြပြောဆိုသည်။

ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်နေခြင်းကြောင့် လူသေဆုံးမှုများဖြစ်ပွားနေသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို အဆင့်မြှင့်တင်ရန် နိုင်ငံတကာမှ ကုမ္ပဏီများကို ဖိတ်ခေါ်ကမ်းလှမ်းထားကြောင်း အမြန်လမ်းပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာမှူးကြီး ဦးကြည်ဇော်မြင့်က ပြောကြားထားသည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်မှ စတင်ဖောက်လုပ်ခဲ့သည့်အဆိုပါအမြန်လမ်းမကြီးသည် ၃၃၆ မိုင်ခန့် ရှည်လျားပြီး ရန်ကုန်-နေပြည်တော် လမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ်လတွင် လည်းကောင်း၊ နေပြည်တော်၊ စကားအင်းလမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့တွင် လည်းကောင်း စတင်ဖွင့်လှစ်ချိန် မှ ယနေ့အထိနေ့စဉ် ယာဉ်စီးရေ ၁၀,၀၀၀ ကျော်ဖြတ်သန်းသွားလာနေကြောင်း အမြန်လမ်းပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာမှူးရုံးထံမှ သိရသည်။

■ R-15

# တရားမဝင် ကျွဲသယ်လာသောအဖွဲ့ကိုဖမ်းမိ

**ကျိုင်းတုံ၊ မတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်းမြို့နယ် မိုင်းပျဉ်း-ကျိုင်းတုံကားလမ်းမြို့အဝင်ဂိတ်တွင် မတ်လ ၁၄ ရက် ညပိုင်း ၇ နာရီခန့်က တရားမဝင် ကျွဲများသယ်ဆောင်လာသည့်အဖွဲ့ကို ဖမ်းမိကြောင်း မိုင်းပျဉ်း မြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါဂိတ်တွင် တပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့က ပိတ်ဆို့စစ်ဆေးရာမှ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားငါးဦးတို့က ကျွဲ ၁၄ ကောင်ကို တရားမဝင်သယ်ဆောင်လာသည်ကို ဖမ်းမိခဲ့ကြောင်း၊ အသက် ၁၈နှစ်မှ ၅၄ နှစ်အရွယ်ရှိ ကျွဲများသယ်ဆောင်လာသူ ၆ ဦးကို အရေးကြီး ကုန်စည်ဥပဒေ ပုဒ်မ ၅ ဖြင့် အရေးယူထားကြောင်း ကျိုင်းတုံမြို့ ပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

■R-16



ဓာတ်ပုံ - SPTH

# ကော့ကရိတ်ရှိ ဂေါက်ကလပ်ကို ပန်းခြံအဖြစ်အဆင့်မြှင့်မည်

**ဘားအံ၊ မတ် ၁၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၊ အမှတ် (၃) ရပ်ကွက်ရှိ ဗိုလ်ချုပ်ပန်းခြံဂေါက်ကလပ်ကို အများပြည်သူများ အပန်းဖြေအနားယူရာ နေရာတစ်ခုအဖြစ် သန့်ရှင်းသပ်ရပ်စွာ တည်ရှိရေးအတွက် အဆင့်မြှင့်တင်ခြင်းနှင့် ခေတ်မီ ကလေးကစားကွင်းများ ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ပြောကြားသည်။

မတ်လ ၁၄ ရက်နေ့ကျင်းပသည့် ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ပထမနေ့အစည်းအဝေးတွင် ကော့ကရိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးမင်းကိုခိုင်၏ ကော့ကရိတ်မြို့သည် ခရိုင်မြို့ဖြစ်ပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ အများပြည်သူများ အလွယ်တကူ အပန်းဖြေအနားယူနိုင်မည့် ပန်းခြံတစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ ဆိုသည့် မေးခွန်းကို စီမံ၊ ဘဏ္ဍာနှင့် စည်ပင်ဝန်ကြီးကအထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ကော့ကရိတ် ဂေါက်ကလပ်ကို ပန်းခြံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရေး ခေတ်မီ ကလေးကစားကွင်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့တွေနဲ့ စည်ပင်ကော်မတီတွေနဲ့ညှိနှိုင်းပြီးတော့ အဆင့်မြှင့်သွားမယ်၊ လက်ရှိမြေနေရာဟာ ကျယ်ဝန်းပြီးတော့ လုံလောက်တယ်၊ စီမံချက်တစ်ရပ်ရေးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်တယ်" ဟု ဦးသန်းနိုင်က ပြောဆိုသည်။

ထိုသို့အဆင့်မြှင့်တင်ရာတွင် နှစ်ရှည်ရန်ပုံငွေထည့်သွင်းဆောင်ရွက်ခြင်း (သို့မဟုတ်) အကျိုးတူပူးပေါင်း ဆောင်ရွက်မည့်လုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပန်းခြံအတွင်း ရှုခင်းကြည့်နေရာများပြုလုပ်ခြင်း၊ ရေကန်ဟောင်းများကို ပြုပြင်မွမ်းမံခြင်း၊ ကန်ဘောင်တစ်လျှောက် ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးပြီး ခေတ်မီကလေး ကစားကွင်းတစ်ခု တည်ဆောက်ရန် လျာထားကြောင်း ၎င်းက ဆိုသည်။

"ပန်းခြံအဖြစ် အဆင့်မြှင့်တင်မယ်ဆိုတော့ ဂေါက်ကွင်းပတ်လည်က ဆိုင်ခန်းတွေကို အဆင့်မြှင့်တင်ပေးမှာလား၊ နေရာအစားထိုးပေးမှာလား၊ လျော်ကြေးပေးမှာလားတစ်ခုခုတော့ လုပ်ပေးရမှာပေါ့၊ စည်ပင်ကော်မတီကနေ ဆိုင်ခန်းတွေ ဖျက်သိမ်းပေးဖို့ တစ်ခါလုပ်သေးတယ်၊ ကျွန်တော်တို့ဆိုင်ခန်းပိုင်ရှင်တွေစုပြီး ဆန္ဒပြမယ်လုပ်ပြီးနောက်ပိုင်း ပြန်ငြိမ်သွားတာ" ဟု ယင်းဂေါက်ကလပ်အတွင်းမှ ဆိုင်ခန်းပိုင်ရှင် မန်းအောင်ကြိုင်က ပြောကြားသည်။

အဆိုပါဗိုလ်ချုပ်ပန်းခြံသည် ၁၂ ဒသမ ၁၉၆ ဧက ကျယ်ဝန်းပြီး ယခင်က ဘာသာပေါင်းစုံ သုသာန်ဟောင်းနေရာတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ထို့နောက် မြို့နယ်ဂေါက်ကလပ်အဖြစ် သတ်မှတ်ခဲ့ကြောင်း ယခု အကြိမ်တွင် မြေကျူးကျော်မှုများနှင့် ဆိုင်ခန်းများ ကျူးကျော်ဆောက်လုပ်မှုကြောင့် ပန်းခြံမှာအနားယူ အပန်းဖြေရန် အဆင်မပြေကြောင်း ကော့ကရိတ်မြို့ဒေသခံများက ဆိုသည်။ ■ R-17



ဓာတ်ပုံ - ငြိမ်းသူမင်း

# ကလေးမြို့တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန် ပျက်ကွက်သူ ၇၀၀ နီးပါးရှိ

**ကလေး၊ မတ် ၁၅**

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာတွဲနှစ်ခု ဖြေဆိုမှုအပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ဖြေဆိုရန် ပျက်ကွက်သူ ၇၀၀ နီးပါးရှိကြောင်း ကလေးမြို့နယ် ပညာရေးမှူးရုံးထံမှ သိရသည်။

မြို့နယ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရန် စာရင်းပေးထားသူ ၁၁၀၉၆ ဦးရှိပြီး စာမေးပွဲစသည့် မတ်လ ၇ ရက်နေ့တွင် လာရောက်ဖြေဆိုသူ ၁၀၄၃၈ ဦးရှိသည့်အတွက် စာမေးပွဲဖြေဆိုရန် ပျက်ကွက်သူ ၆၅၈ ဦးရှိခဲ့ကြောင်း၊ မတ်လ ၁၄ ရက်နေ့စာရင်းအရ စာမေးပွဲဖြေဆိုခဲ့သူ ၁၀၄၀၃ ဦးရှိခဲ့သဖြင့် ဖြေဆိုရန် ပျက်ကွက်သူ ၆၉၂ ဦးအထိရှိခဲ့ပြီး အဆိုပါစာရင်းအရ စတင်ဖြေဆိုသည့်ရက်တွင် ပျက်ကွက်ခဲ့သူထက် စာမေးပွဲနောက်ဆုံးရက်တွင် ပျက်ကွက်သူ ၃၄ ဦးအထိရှိခဲ့ကြောင်း ကလေးမြို့နယ် ပညာရေးမှူးရုံးထံမှ သိရသည်။

"အခြေအနေ အကြောင်းအမျိုးမျိုးတော့ရှိပေမယ့် အဓိကအားဖြင့်တော့ စာမရတာ" ဟု တက္ကသိုလ်ဝင်တန်းစာမေးပွဲ အခန်းစောင့်ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကလေးမြို့မှ အထက်တန်းပြ ကျောင်းဆရာ ဦးဆန်းမျိုးအောင်က ဆိုသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် ကလေးခရိုင်အတွင်းရှိ မင်းကင်းမြို့၊ ကလေးဝမြို့နှင့် ကလေးမြို့နယ်တို့တွင် စာစစ်ဌာန ၂၆ ခု ဖွင့်လှစ်ဖြေကြားခဲ့ပြီး မင်းကင်းမြို့နယ်မှ မြန်မာစာဖြေဆိုသည့်နေ့တွင် ပျက်ကွက်သူ ၁၄၁ ဦး ရှိပြီး စာမေးပွဲနောက်ဆုံးရက် ဖြေဆိုပြီးချိန်တွင် ၁၄၈ ဦးအထိ ပျက်ကွက်ခဲ့သဖြင့် ပျက်ကွက်သူ ၇ ဦးတိုးခဲ့ကြောင်း၊ ကလေးဝမြို့နယ်မှ မြန်မာစာ စတင်ဖြေဆိုသည့်နေ့တွင် စာမေးပွဲဖြေဆိုရန် ၆၂ ဦး ပျက်ကွက်ခဲ့ပြီး ဇီဝဗေဒနှင့် ဘောဂဗေဒ ဘာသာရပ် စာမေးပွဲဖြေဆိုသည့် မတ်လ ၁၄ ရက်နေ့အထိ စာရင်းအရ ပျက်ကွက်သူ ၆၄ ဦး ပျက်ကွက်ခဲ့သဖြင့် ပျက်ကွက်သူနှစ်ဦးတိုးခဲ့ကြောင်း ကလေးခရိုင် ပညာရေးမှူးရုံးထံမှ သိရသည်။ ■ R-20

# ထန်းတပင်၌ မူလတန်းကျောင်းသူကို အဓမ္မပြုရန်ကြံသူကို ဖမ်းဆီး

**တောင်ငူ၊ မတ် ၁၅**

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ဇရပ်ကြီးဒေသ ရွာလေးကုန်းကျေးရွာတွင် မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းက အသက် ၆ နှစ်အရွယ် မူလတန်း(KG) ကျောင်းသူကို အဓမ္မပြုကျင့်ရန် ကြံစည်သူကိုဖမ်းဆီးရမိကြောင်း ဇရပ်ကြီးနယ်မြေရဲစခန်းထံမှ သိရသည်။

"ကလေးကို အိမ်မှာ တစ်ယောက်တည်းထားခဲ့တုန်း လယ်ကွက်ထဲခေါ်ပြီး သားမယားကျင့်ဖို့ကြံစည်ခဲ့တာပါ။ ကလေးက ငိုယိုပြီး မိခင်ကို ပြန်တိုင်ခဲ့တာဖြစ်ပြီး တရားခံကို အခင်းဖြစ်ပြီးမကြာခင် ဖမ်းဆီးရမိခဲ့ပါတယ်" ဟု အဆိုပါစခန်းမှ ရဲအုပ်မျိုးမင်းထွန်းက ပြောကြားသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ကြံစည်သူ ရဲဝင်းကို ဇရပ်ကြီးနယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၆/၅၁၁ ဖြင့် အမှုဖွင့်လှစ်စစ်ဆေးဆောင်ရွက်နေကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■ R-15

# ဖြူး၌ ရဲတစ်ဦး ဘောလုံးကစားနေစဉ် အမောဖောက်သေဆုံး

**တောင်ငူ၊ မတ် ၁၅**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ညောင်ခြေထောက် ရထားဘူတာရဲကင်းတွင် တာဝန်ထမ်းဆောင်နေသည့် ဒုတပ်ကြပ်အဆင့်ရှိ ရဲတစ်ဦး မတ်လ ၁၄ ရက်နေ့ ညနေပိုင်းက ဖြူးမြို့နယ် မင်းဂံရိုးကျေးရွာ ဘောလုံးကွင်းတွင် ဘောလုံးကစားနေစဉ် အမောဖောက်ကာ လဲကျသေဆုံးကြောင်း ဖြူးမြို့မရဲစခန်းထံမှ သိရသည်။

ဒုတပ်ကြပ် ဇော်နိုင်ဆိုသူသည် အဖော်အမျိုးသားများနှင့် ဘောလုံးကန်နေစဉ် ဘောလုံးကွင်း ဂိုးတိုင်ဘေး မေ့လဲကျသွားသဖြင့် ဖြူးဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း အဆိုပါ ရဲစခန်းထံမှ သိရသည်။

ထိုသို့သေဆုံးခြင်းနှင့် ပတ်သက်၍ ဖြူးမြို့မရဲစခန်းက သေမှုသေခင်းအမှတ် ၅/၂၀၁၈ ဖြင့် အမှုဖွင့်လှစ်ကာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်စစ်ဆေးဆောင်ရွက်နေကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■ R-15

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက ...
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၈၃ (မန္တလေး)


ဓာတ်ပုံ - နေမင်းထက်

# လုပ်ငန်းလိုင်စင် ၈၀ ကျော် သက်တမ်းတိုးစနစ်ဖြင့် ခွင့်ပြု

**ဟသာ်တ၊ မတ် ၁၅**

စည်ပင်သာယာရေး ကော်မတီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်လုပ်ငန်း လိုင်စင်စီအဟောင်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အပိုင်း ၁၊ ပထမခြောက်လ အတွက် လုပ်ငန်းလိုင်စင် ၈၄ ခုကို သက်တမ်းတိုးစနစ်ဖြင့် မတ်လ ၁၄ ရက်နေ့က လုပ်ကိုင်ခွင့်ပြုချထားပေးခဲ့ကြောင်း ဟသာ်တမြို့နယ် စည်ပင်သာယာရေး အဖွဲ့ထံမှ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်လုပ်ကိုင်ခွင့်ရထားစဉ်က ကော်မတီ၏ သတ်မှတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ခဲ့သူများကို သက်တမ်းတိုးစနစ်ဖြင့် ချထားပေးခြင်းဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်ကို တစ်နှစ်စာအတွက် မဟုတ်ဘဲ ခြောက်လစာအတွက်သာ ချထားပေးခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

သက်တမ်းတိုးစနစ်ဖြင့် ဆွဲဝယ်ခြင်းမရှိသည့် လိုင်စင်များကို ဒုတိယအကြိမ်အဖြစ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း၊ ယင်းအပြင် လုပ်ငန်းလိုင်စင်များကျန်ရှိပါက အခြားနည်းစနစ်ဖြင့် တတိယအကြိမ် ရောင်းချမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဘုန်းလွင်က ပြောကြားသည်။

သက်တမ်းတိုးစနစ်တွင် သားသတ်လိုင်စင်၊ ကူးတို့လိုင်စင်၊ အပေါင်ဆိုင်လိုင်စင်၊ ဈေးကောက်လိုင်စင်၊ မြို့ဝင်ဘီးကောက်လိုင်စင်နှင့် အခြားလိုင်စင်များပါဝင်ပြီး လုပ်ငန်းပေါင်း ၈၄ ခုဖြစ်ကြောင်း ၎င်းက ရှင်းပြပြောဆိုသည်။

ကူးတို့လုပ်ငန်းလိုင်စင်များ အနေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် ရေယာဉ်စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီ အပါအဝင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရေယာဉ်မှတ်ပုံတင် လက်မှတ်ဆွဲဝယ်မည့် ကူးတို့လိုင်စင်၏ ရေယာဉ်အစီးရေတို့ကို တင်ပြနိုင်ရမည်ဖြစ်ကြောင်း ဟသာ်တမြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ဟသာ်တမြို့မှ အမဲသားသတ် လိုင်စင်၏ မူလလိုင်စင်ဈေးနှုန်းများအရ လုပ်ငန်းရပ်တည်ရန် အဆင်မပြေခြင်းကြောင့် သက်တမ်းတိုးလုပ်ကိုင်ခွင့်ကို မလုပ်နိုင်တော့ကြောင်း၊ ခြောက်လစာလုပ်ပိုင်ခွင့်အတွက် အနည်းဆုံး ကျပ်သိန်းနှစ်ရာအောက်ဖြင့် ရောင်းချမှသာလျှင် လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း လုပ်ငန်းရှင် ဦးနိုင်နိုင်က သုံးသပ်ပြောကြားသည်။ ■ R-13

# လွယ်ဂျယ်တွင် သိန်း ၃၀၀၀ ခန့်ရှိ ဘိန်းဖြူများကို ဖမ်းမိ

**ဗန်းမော်၊ မတ် ၁၅**

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့တွင် မတ်လ ၁၄ ရက်က သိန်း ၃၀၀၀ခန့်ဖိုးရှိ ဘိန်းဖြူများကိုဖမ်းမိခဲ့ကြောင်း လွယ်ဂျယ်နယ်မြေရဲစခန်းထံမှ သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းမှ မူးယစ်ဆေးဝါးများတင်ဆောင်ကာ မောင်းလာသော မော်တော်ယာဉ်ကို လွယ်ဂျယ်မြို့ လွယ်ဂျယ်ဈေးအနီး၊ တရုတ်- မြန်မာ နယ်စပ်လမ်းမပေါ်တွင် တာဝန်ရှိသူများက ဖမ်းမိခဲ့ကြောင်း ဗန်းမော်မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ခါးလီက ပြောသည်။

အဆိုပါ ဘိန်းဖြူများကို မူဆယ်မြို့နေသူ ကိုယောဆက်(ခ)ရီရွှင်တဲ့ (၂၂နှစ်)က သယ်ယူပို့ဆောင်ခငွေ ကျပ် ၅ သိန်းဖြင့် သယ်ယူလာခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးသယ်ဆောင်လာသူကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများတားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း လွယ်ဂျယ်နယ်မြေရဲစခန်းထံမှ သိရသည်။ ■ R-14

# NEWS IN BRIEF

## ချောက်တွင် နွေကျောင်းပိတ်ရက် ဘောလုံးသင်တန်းပေး

မကွေးတိုင်း ချောက်မြို့တွင် နွေကျောင်းပိတ်ရက် ဘောလုံးဝါသနာရှင်ကျောင်းသားလူငယ်ကလေးများကို နှစ်လတာ ဘောလုံးသင်တန်းပေးမည်ဖြစ်ကြောင်း ယင်းသင်တန်းကို စီစဉ်သည့် ဦးမိုးကျော်ထွန်း(မြို့ချစ်သူ)က ပြောကြားသည်။

အသက် ၉ နှစ်မှ ၁၄ နှစ်အထိ ကလေးအသင်းနှင့် အသက် ၁၈ နှစ်အောက်လူငယ်ဟူ၍ နှစ်မျိုးခွဲပြီး သင်တန်းပို့ချမည်ဖြစ်ပြီး သင်တန်းကို မတ်လ ၂၀ ရက်မှ မေလအထိပြုလုပ်ပေးမည်ဖြစ်ကြောင်း သင်တန်းနည်းပြ ဦးကျော်ကျော်က ဆိုသည်။ ■ နေနိုင်(ချောက်)

## ဖြူးတွင် ဆရာမတစ်ဦး ကြိုးဆွဲချသေဆုံး

ပဲခူးတိုင်း ဖြူးမြို့နယ် ဘူတာမြောက်ပိုင်းရပ်ကွက်ရှိ နေအိမ်တစ်အိမ်တွင် မတ်လ ၁၄ ရက်နေ့ညနေပိုင်းက ဖြူး အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်းတွင် အလယ်တန်းပြ ဆရာမတစ်ဦး ကြိုးဆွဲချသေဆုံးခဲ့ကြောင်း ဖြူးမြို့ရဲစခန်းထံမှ သိရသည်။

ဆရာမ ဒေါ်ရီရီငြိမ်း(၃၅ နှစ်)သည် အလုပ်အဆင်မပြေသည့်အတွက် တာဝန်ပေးထားခြင်းမရှိချိန် ကြိုးဆွဲချ သေဆုံးခဲ့ခြင်းဖြစ်ပြီး ဖြူးမြို့မရဲစခန်းက သေမှုသေခင်းအမှတ် ၄/၂၀၁၈ ဖြင့် အမှုဖွင့်လှစ်စစ်ဆေးဆောင်ရွက်နေကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■ R-15

## မုံရွာ ကျွဲရဲမြောက်ရွာတွင် လေပြင်းတိုက်၊ မိုးကြိုးပစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျွဲရဲမြောက်ရွာတွင် မတ်လ ၁၃ ရက်နေ့ ည ၈ နာရီခန့်က လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းခဲ့သည့်အပြင် မိုးကြိုးပစ်မှုဖြစ်ပွားခဲ့ကြောင်း ယင်းကျေးရွာဒေသခံများထံမှ သိရသည်။

"လေမိုးတွေကျတုန်း ရွာမြောက်ပိုင်းယာခင်းထဲက ထန်းပင်ကို မိုးကြိုးခတယ်ပေါ့ဗျာ။ လူတွေ၊ တိရစ္ဆာန်တွေထိခိုက်မှုမရှိပါဘူး"ဟု အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောလင်းက ပြောဆိုသည်။

အဆိုပါမိုးရွာသွန်းမှုမှာ အချိန်အခါမဟုတ် အဖျက်မိုးရွာသွန်းခြင်းဖြစ်သော်လည်း သီးနှံများကြိုတင်သိမ်းဆည်းကာ အမိုးအကာအောက် ရွှေ့ပြောင်းထားခြင်းကြောင့် ထိခိုက်ပျက်စီးမှုမရှိကြောင်း တောင်သူများထံမှ သိရသည်။ ■ R-08

## ချောက်တွင် CSR လုပ်ငန်းများအတွက် ကျပ်သိန်း ၁၃၀၀ ကျော်ပေးအပ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့တွင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွက် လူထုအထောက်အကူပြုရေးလုပ်ငန်း (CSR) လုပ်ကိုင်နိုင်ရန် ကျန်ရှိသော လုပ်ငန်း ၁၉ မျိုးအတွက် ကျပ်သိန်းပေါင်း ၁၃၀၀ ကျော် ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမတွင် မတ်လ ၁၅ ရက်နေ့ နံနက် ၁၀ နာရီ ခန့်က ကျင်းပခဲ့သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (ချောက် -လမ်းရွာ)မှ ပညာရေးကဏ္ဍလုပ်ငန်း၂ မျိုးအတွက် ကျပ်သိန်းပေါင်း ၁၄၉ သိန်း၊ လူမှုအထောက်အကူပြုကဏ္ဍလုပ်ငန်း ၁၁မျိုးအတွက် ကျပ်သိန်းပေါင်း ၃၇၅ သိန်းနှင့် Gold Petrol ကုမ္ပဏီလုပ်ငန်းမှ CSR လုပ်ငန်း ၆မျိုးအတွက် ကျပ်သိန်းပေါင်း ၇၈၀ သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၁၃၀၀ ကျော်ကို ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာများသို့ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း (ချောက်-လမ်းရွာ ရေနံမြေ) မှ အထွေထွေမန်နေဂျာ ဦးကရင်နော်အောင် ကပြောကြားသည်။ ■နေနိုင်(ချောက်)

သတင်းကိစ္စ ဆက်သွယ်လိုပါက...
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

## မန်ယူ၏အကြီးမားဆုံးပြဿနာမှာ ပေါ့ဂ်ဘာဖြစ်သည်ဟု ရှိုင်ကိန်း မှတ်ချက်ပေး

**မန်ချက်စတာ၊ မတ် ၁၅**

မန်ယူအသင်းခေါင်းဆောင်ဟောင်း ရှိုင်ကိန်းသည် မန်ယူအတွက် အကြီးမားဆုံးသော ပြဿနာဟုဆိုရမည်မှာ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာပင်ဖြစ်သည်ဟု မှတ်ချက်ပေးသွားခဲ့ပြီး ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၈၉ သန်း အကုန်အကျခံခေါ်ယူထားသည့် ပေါ့ဂ်ဘာ၏ခြေစွမ်းမှာ သာမန်အကယ်ဒမီသင်တန်းသားကစားသမားအဆင့်သာရှိသည်ဟု ရှိုင်ကိန်းက ပြောကြားသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

နည်းပြ မော်ရင်ညိုသည် ဆီဗီလာက မန်ယူကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ပေါ့ဂ်ဘာကို အသင်းပွဲထွက်လူစာရင်းမထည့်သွင်းဘဲ အရန်အဖြစ်သာ နေရာပေးသွားခဲ့ပြီး ပေါ့ဂ်ဘာ၏အားအနည်းဆုံးအချက်မှာ ပွဲကို အလှည့်အပြောင်း ဖန်တီးပေးနိုင်စွမ်းမရှိခြင်းပင်ဖြစ်သည်ဟု ရှိုင်ကိန်းက အသိပေးထားသည်။

မန်ယူတိုက်စစ်မှူး လုကာကုသည်လည်း ယင်းပွဲစဉ်အပြီးတွင် အသင်းရှိအချို့သောကစားသမားများမှာ ပေးဆပ်လိုစိတ် ပြင်းပြစွာဖြင့် ကစားပေးကြခြင်းမရှိဟု အပြစ်တင်စကားဆိုသွားခဲ့ပြီး ပေါ့ဂ်ဘာမှာ အသင်းနှင့်ချိတ်ဆက်ကစားခြင်းမရှိဘဲ တစ်ကိုယ်တော် အစွမ်းပြရန်သာ အားထုတ်နေခြင်းကြောင့် မန်ယူမှာ ဒုက္ခဖြစ်နေရခြင်းဖြစ်ကြောင်း ရှိုင်ကိန်းက မှတ်ချက်ပေးသွားခဲ့သည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ရှိုင်ကိန်းက "မန်ယူအတွက် ကျွန်တော်ကစားပေးခဲ့စဉ်ကာလတုန်းက ကစားသမားအားလုံးဟာ ဒီအသင်းရဲ့ ဂျာစီအင်္ကျီကို ဝတ်ဆင်ခွင့်ရတာက ကြီးကြယ်မှုတစ်ရပ်အဖြစ် ရှုမြင်ခဲ့ကြပါတယ်။ ဒီကနေ့ကစားသမားတွေဆီမှာ အဲ့ဒီလိုစိတ်ခံစားချက်မျိုး မရှိကြတော့ပါဘူး။ အရမ်းပဲ စိတ်ပျက်ဝမ်းနည်းစရာ ကောင်းပါတယ်။ လက်ရှိအသင်းမှာ အဓိကပြဿနာဖြစ်နေသူက ပေါ့ဂ်ဘာပါ။ သူဟာ ထိပ်တန်းအဆင့်စွမ်းဆောင်ရည်တွေကို ပိုင်ဆိုင်ထားသူဖြစ်ကြောင်း အခုချိန်ထိ သက်သေမပြနိုင်သေးပါဘူး။ ထိပ်တန်းအဆင့် ကစားသမားတစ်ယောက်မှန်ရင် ပွဲအလှည့်အပြောင်းကို ဖန်တီးပေးနိုင်စွမ်းရှိရပါတယ်။ ပေါ့ဂ်ဘာဆီက အဲ့ဒီလိုစွမ်းဆောင်ပေးမှုကို မန်ယူက လုံးဝ မရရှိသေးပါဘူး။ သူပါဝင်ကစားနေတာကိုက အသင်းအတွက် အန္တရာယ်ကြီးတဲ့အခြေအနေကို တစ်ခါတစ်ရံမှာ ဖြစ်စေတတ်လေ့ရှိပါတယ်"ဟု ပြောကြားသွားသည်။■E-11



## စိုးလင်းဦးနှင့် ထိုင်းဖိုက်ချန်ပီယံ ဝီဂျစ် စိန်ခေါ်ပွဲထိုးသတ်မည်

**ရန်ကုန်၊ မတ် ၁၅**

ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဧပြီလ ၈ ရက်နေ့တွင်ကျင်းပမည့် မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် စိုးလင်းဦးနှင့် ထိုင်းဖိုက်ချန်ပီယံ ဝီဂျစ်တို့ ထိုးသတ်မည်ဖြစ်ကြောင်း ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်က ပြောကြားသည်။

အဆိုပါလက်ဝှေ့စိန်ခေါ်ပွဲကို တွဲဆိုင်းခုနစ်ဆိုင်းဖြင့် ကျင်းပမည်ဖြစ်သော်လည်း လက်မှတ်စျေးနှုန်း ညှိနှိုင်းနေဆဲဟု ၎င်းက ပြောဆိုသည်။

စိုးလင်းဦးနှင့်ထိုးသတ်မည့် ဝီဂျစ်သည် ထိုင်းဖိုက်ချန်ပီယံတစ်ဦးဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ပွဲများစွာ လာရောက်ထိုးသတ်ခဲ့ဖူးသည့် ကစားသမားတစ်ဦးဖြစ်သည်။

အခြားတွဲဆိုင်းများအဖြစ် နှစ်ထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ရဲသွေးနီနှင့် ထိုင်းနိုင်ငံမှ ရွှေခါးပတ်ချန်ပီယံ ဝမ်ဖစ်၊ ကရင်လေးနှင့် ထိုင်းလက်ဝှေ့ သမား ဘန်ဒါဆက်တို့ ငါးချီစိန်ခေါ်ပွဲအဖြစ် ထိုးသတ်ကြမည်ဖြစ်ကာ ဒေါင်းဖြူလေး (အတ်ဗန်းချား) နှင့် ကျော်နိုင် (တိုက်ဂါး)၊ ကျော်လင်းထွေး (ရွှေသထုံ) နှင့် ထွန်းတောက်ကြယ် (မုဒုံစတား)၊ သွေးသစ်မောင် (အဖြူရောင်သွေးသစ်) နှင့် ကျော်ဇင်လတ် (ရွှေသထုံ)၊ သိန်းစိုး (အဖြူရောင်သွေးသစ်) နှင့် အောင်နေထူး (ဒို့ရိုးရာ)၊ ဆွေထွန်းအောင် (တိုက်ဂါး) နှင့် ပေတလူး (ဇာတိမာန်)တို့ ထိုးသတ်ကြမည်ဖြစ်သည်။ ■J-04



## လာမည့် နှစ် ၅၀ အတွင်း မက်ဆီကဲ့သို့သော ကစားသမားမျိုး ထပ်မံထွက်ပေါ်လာလိမ့်မည်မဟုတ်ဟု ကွန်တီ ချီးကျူး

**လန်ဒန်၊ မတ် ၁၅**

ချယ်လ်ဆီးနည်းပြ ကွန်တီသည် ဘာစီလိုနာက ချယ်လ်ဆီးကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သော ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်အပြီးတွင် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ၏စွမ်းဆောင်ရည်ကို ချီးကျူးစကားများပြောကြားသွားခဲ့ပြီး လာမည့် ဆယ်စုနှစ် ငါးခုအတွင်း မက်ဆီကဲ့သို့သော ကစားသမားမျိုး အခြားတစ်ဦးထွက်ပေါ်လာရန်မှာ ဖြစ်နိုင်တော့မည်မဟုတ်ဟု ကွန်တီက မှတ်ချက်ပေးသွားခဲ့ကြောင်း The Mirror က ဖော်ပြထားသည်။

မက်ဆီသည် ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယင်းချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး ရယူပေးနိုင်ခဲ့ရုံမျှမကဘဲ ဒမ်ဘီလီသွင်းယူခဲ့သောဂိုးကိုလည်း ပံ့ပိုးဖန်တီးပေးခဲ့ကာ မက်ဆီ၏ကစားသမားဘဝဖြတ်သန်းချိန်နှင့် ကြုံကြိုက်ခွင့်ရသူများအားလုံးမှာ ကံကောင်းသူများဖြစ်ကြောင်းလည်း ကွန်တီက မှတ်ချက်ပေးသွားခဲ့သည်။

ဘာစီလိုနာက အက်သလက်တီကိုကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော လာလီဂါပွဲစဉ်တွင်လည်း အက်သလက်တီကိုနည်းပြ ဆီမြွန်နီက အသင်းနှစ်သင်းအကြားတွင် တစ်ခုတည်းသော ကွာဟချက်မှာ ဘာစီလိုနာထံတွင် မက်ဆီရှိနေခြင်းနှင့် ၎င်းတို့ထံတွင် မက်ဆီရှိမနေခြင်းဖြစ်သည်ဟု အသိပေးခဲ့ဖူးပြီး မက်ဆီမှာ ပွဲရလဒ်ကို တမုဟုချင်း ပြောင်းလဲကာ အဆုံးအဖြတ်ပေးနိုင်စွမ်းရှိသောခြေစွမ်းကို ပိုင်ဆိုင်ထားသူဖြစ်ကြောင်းလည်း ဆီမြွန်နီက ချီးကျူးစကားဆိုခဲ့ဖူးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ကွန်တီက "မက်ဆီကို ဘယ်လိုစကားလုံးတွေနဲ့ ချီးကျူးစကားဆိုသင့်တယ်ဆိုတာ ကျွန်တော် မပြောတတ်တော့ပါဘူး။ ကမ္ဘာ့အကောင်းဆုံးကစားသမား၊ စွမ်းဆောင်ရည်အမြင့်မားဆုံးကစားသမား၊ ဘယ်လိုအသင်းကို ကိုယ်စားပြုပြီးတော့ပဲ ကစားကစား အကောင်းဆုံးခြေစွမ်းကို ထုတ်ဖော်ပြသနေမယ့်ကစားသမား စသဖြင့် ကြိုက်တာကို အသုံးပြုလို့ရပါတယ်။ မက်ဆီဟာ အကြွင်းမဲ့ပါ။ နောက်လာမယ့် နှစ်ပေါင်း ၅၀ အတွင်း သူ့လိုကစားသမားမျိုးကို ကျွန်တော်တို့ ထပ်တွေ့ရဖို့မလွယ်ပါဘူး"ဟု ပြောကြားသွားခဲ့သည်။ ■E-11

## မာ့ခ်ဟုချ်ကို အသင်းနည်းပြသစ်အဖြစ် ဆောက်သမ်တန် ခန့်အပ်

**လန်ဒန်၊ မတ် ၁၅**

ဆောက်သမ်တန်အသင်းတာဝန်ရှိသူများသည် စတုတ်စီးတီးနည်းပြဟောင်း မာ့ခ်ဟုချ်ကို အသင်းနည်းပြသစ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ကာ အသင်းနှင့် မာ့ခ်ဟုချ်အကြားတွင် ဘောလုံးရာသီပြီးဆုံးချိန်တိုင်သည်အထိ သက်တမ်းရှိစေမည့်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဆောက်သမ်တန်က သတင်းထုတ်ပြန်ထားသည်ဟု Daily Mail က ဖော်ပြထားသည်။




ဆောက်သမ်တန်သည် ပရီးမီးယားလိဂ်တွင် တန်းတင်ကျန်ရစ်ခွင့်ရရှိမည်ဆိုပါက မာ့ခ်ဟုချ်ကို ကာလရှည်စာချုပ်သစ်တစ်ရပ် ဆက်လက်ချုပ်ဆိုလိမ့်မည်ဖြစ်ပြီး ဆောက်သမ်တန်ကို တန်းမဆင်းရစေရန် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု အခိုင်အမာယုံကြည်သည့်အတွက် ယခုအလုပ်ကို လက်ခံလိုက်ခြင်းဖြစ်ကြောင်း မာ့ခ်ဟုချ်က ပြောကြားသွားခဲ့သည်။

ဆောက်သမ်တန်သည် အစောပိုင်း၌ ဆဲလ်တစ်နည်းပြ ဘရင်ဒန်ရော့ဒ်ဂျားစ်နှင့် ဝက်ဖို့ဒ်နည်းပြ မာကိုဆေးလ်ဗားတို့ကို ဦးစားပေးပစ်မှတ်များအဖြစ် ထားရှိဆက်သွယ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးက ကမ်းလှမ်းမှုများကို ငြင်းဆန်ပယ်ချခဲ့သည့်အတွက် အဆုံးသတ်တွင် မာ့ခ်ဟုချ်ကို ခန့်အပ်ရန် ဆောက်သမ်တန်အသင်းတာဝန်ရှိသူများက ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်သည်။

ဆောက်သမ်တန်သည် တန်းဆင်းရမည့်အန္တရာယ်ကို ရှောင်လွှဲနိုင်ခဲ့မည်ဆိုပါက မာ့ခ်ဟုချ်ကို အပိုဆုကြေးအကျိုးခံစားခွင့်အဖြစ် ပေါင်နှစ်သန်းပေးသွားဦးမည်ဖြစ်ပြီး ဆောက်သမ်တန်၏ကစားသမားအစုအဖွဲ့မှာ လက်ရှိရင်ဆိုင်နေရသော အခြေအနေများကို ပြောင်းပြန်လှန်နိုင်စွမ်းရှိသည်ဟုလည်း မာ့ခ်ဟုချ်က မျှော်လင့်ထားသည်။

ဆောက်သမ်တန်သည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် ၁၇ ပွဲတွင် နိုင်ပွဲတစ်ပွဲတည်းသာ ရှာဖွေရရှိထားပြီး ရာထူးထုတ်ပယ်ခံခဲ့ရသော နည်းပြပယ်လီဂရီနိုကလည်း ဆောက်သမ်တန်ကို ယခုကဲ့သို့သော အခြေအနေဆိုးများဖြင့် ရင်ဆိုင်ကြုံဆုံစေခဲ့သည့်အတွက် ၎င်းအနေနှင့် လွန်စွာစိတ်မကောင်းဖြစ်ရကြောင်း ဖွင့်ဟပြောကြားထားသည်။■E-11



# ဖိအားများနှင့်ကစားရသည်ကို သဘောကျပြီး အင်္ဂလန်တွင် နည်းပြအဖြစ် အလုပ်လုပ်ခွင့်ရရန်အထိ စိတ်ကူးထားကြောင်း ဆန်းချက်ဇ် ပြောကြား

**မန်ချက်စတာ၊ မတ် ၁၅**

မန်ယူတိုက်စစ်မှူး ဆန်းချက်ဇ်သည် ၎င်းအနေနှင့် ဖိအားများနှင့် ကစားရသည့် အခြေအနေကို လွန်စွာသဘောကျကြောင်း ဖွင့်ဟပြောကြားလိုက်ပြီး ဖိအားဟူသည်မှာ ၎င်းအတွက် ရန်သူမဟုတ်ဘဲ မိတ်ဆွေသာဖြစ်ကြောင်း ဆန်းချက်ဇ်က အသိပေးသွားခဲ့သည်ဟု Daily Star က ဖော်ပြထားသည်။

ဆန်းချက်ဇ်သည် လက်ရှိတွင် မန်ယူထံ၌ တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့်အဖြစ် ပေါင်ခြောက်သိန်းရရှိနေပြီး ယင်းလုပ်ခလစာက ၎င်းကို လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲ၏လုပ်ခလစာအများဆုံးရ ကစားသမားအဖြစ် ရပ်တည်နိုင်စေခဲ့ပြီလည်း ဖြစ်သည်။

ဆန်းချက်ဇ်သည် ယခုအချိန်တိုင်သည်အထိ အသင်းသစ်မန်ယူနှင့် အံဝင်စွာ ကစားနိုင်ခြင်း မရှိသေးသည့်အတွက် ဝေဖန်ပြစ်တင်မှုများကို ရင်ဆိုင်နေရပြီး မန်ယူနောက်ခံကစားသမားဟောင်း ဖာဒီနန်က ဆန်းချက်ဇ်မှာ နာမည်သာ ကျန်တော့ပြီး စွမ်းဆောင်ရည်ကမူ ထိပ်တန်းအဆင့်တွင် မရှိတော့ကြောင်း ထောက်ပြလျက်ရှိသည်။

ဆန်းချက်ဇ်သည် ကစားသမားဘဝက အနားယူပြီးချိန်တွင် နည်းပြဘဝသို့ ကူးပြောင်းဝင်ရောက်ရန် ကြံရွယ်လျက်ရှိပြီး နည်းပြဘဝကိုလည်း အင်္ဂလန်နိုင်ငံ၌ပင်ဖြတ်သန်းသွားလိုကြောင်း ဆန်းချက်ဇ်က ပြောကြားထားသည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ဆန်းချက်ဇ်က "လက်ရှိလုပ်ခလစာဟာ ကျွန်တော့်အတွက် ဖိအားတွေ ဖြစ်ပေါ်နေစေတယ်လို့ မှတ်ချက်ပေးသံတွေကို ကြားနေရတယ်။ မစိုးရိမ်ပါနဲ့။ ဖိအားတွေကို ကျွန်တော် သဘောကျပါတယ်။ ဖိအားဆိုတာက ကျွန်တော့်အတွက် စိန်ခေါ်မှုပါ။ အဲ့ဒီဖိအားဆိုတဲ့အရာကပဲ ကျွန်တော့်ကို အခုလိုမျိုး ကစားသမားတစ်ယောက် ဖြစ်လာစေခဲ့တာဖြစ်ပါတယ်။ အခုရင်ဆိုင်နေရတဲ့ ဖိအားတွေဟာ ကျွန်တော့်ကို နောက်တစ်ဆင့်ဆီ ဆက်လက်တက်လှမ်းနိုင်အောင် ပံ့ပိုးကူညီကြလိမ့်မယ်လို့ လုံးဝယုံကြည်ထားပါတယ်"ဟု အသိပေးသွားခဲ့သည်။ ■ E-11

# အင်္ဂလန်လက်ရွေးစင်အသင်း၏ခြေစမ်းပွဲ နှစ်ပွဲကို လယ်လာနာ လွဲချော်မည်

**လီဗာပူး၊ မတ် ၁၅**

လီဗာပူးကွင်းလယ်ကစားသမား လယ်လာနာသည် ပေါင်ဒဏ်ရာရရှိထားခြင်းကြောင့် သီတင်းပတ် နှစ်ပတ်ကျော်ကြာ နားရတော့မည်ဖြစ်၍ အင်္ဂလန်လက်ရွေးစင်အသင်း၏ကမ္ဘာ့ဖလားပြိုင်ပွဲအကြိုပြင်ဆင်မှု ခြေစမ်းပွဲနှစ်ပွဲကို လွဲချော်ရတော့မည်ဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

လယ်လာနာသည် လက်ရှိဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများဖြင့် အဆက်မပြတ် ရင်ဆိုင်နေရပြီး လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်ကမူ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ် ယှဉ်ပြိုင်ကစားရမည့်အချိန်အမီ လယ်လာနာ ကြံ့ခိုင်မှုပြည့်ဝလာနိုင်ရန် ရည်မှန်းထားလျက်ရှိသည်။

အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ဆောက်ဂိတ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားမည့် အသင်းလူစာရင်းတွင် လယ်လာနာကို ထည့်သွင်းရွေးချယ်ရန် ရည်မှန်းထားဆဲဖြစ်ပြီး ဒဏ်ရာပြဿနာများကြောင့် ကြံ့ခိုင်မှုလျော့ကျနေသည့် အချက်ကမူ လယ်လာနာ၏ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့်ရနိုင်ရေးကို ထိုးနှက်မှုများ ရှိနေဆဲဖြစ်သည်။




အင်္ဂလန်သည် လက်ရှိမတ်လအတွင်း၌ နယ်သာလန်၊ အီတလီတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်မည့် အသင်းလူစာရင်းတွင် အာဆင်နယ်ကွင်းလယ်လူ ဝီလ်ရှိုင်းယားကို ထည့်သွင်းရွေးချယ်ရန်လည်း ဆောက်ဂိတ်က စီစဉ်ထားလျက်ရှိသည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် ဆောက်ဂိတ်က "လယ်လာနာ ဒဏ်ရာပြဿနာဖြစ်ပေါ်လာတာကြောင့် စိတ်မကောင်း ဖြစ်ရပါတယ်။ ဒါပေမဲ့ သူ့အတွက် ကျွန်တော့်ဘက်က တံခါးဖွင့်ထားမြဲပါပဲ။ ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ကြံ့ခိုင်မှုပြည့်ဝလာခဲ့မယ်ဆိုရင် သူ့အတွက် အခွင့်အရေးရှိပါတယ်။ ဝီလ်ရှိုင်းယားကို အင်္ဂလန်လက်ရွေးစင်ဖြစ်ခွင့် ပေးဖို့အတွက်လည်း ကျွန်တော့်မှာ စိတ်ကူးရှိနေပါပြီ။ နယ်သာလန်၊ အီတလီတို့နဲ့ ယှဉ်ပြိုင်ရမယ့် ပွဲစဉ်တွေက ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်မှုတွေ ဖြစ်လာမှာပါ။ အဲ့ဒီပွဲစဉ်နှစ်ပွဲလုံးကို အနိုင်ရအောင် ကစားသွားဖို့လည်း ကျွန်တော် ရည်ရွယ်ထားပါတယ်"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# စင်ကာပူအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာကစားသမား ငါးဦးယှဉ်ပြိုင်မည်

**ရန်ကုန်၊ မတ် ၁၅**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် ၂၀၁၈ ခုနှစ် စင်ကာပူအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲကို မြန်မာကစားသမား ငါးဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဧပြီလ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ကစားသမား ငါးဦးကိုလည်းအပြီးသတ် ရွေးချယ်ထားပြီးဖြစ်သည်ဟု မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြသန်းထိုက်က ပြောကြားသည်။

"ကျွန်တော်တို့ စင်ကာပူအိုးပင်းပွဲ သွားပြိုင်ဖို့ စီစဉ်ထားသလို ကစား ႏ သမားတွေကိုလည်း ရွေးထားပါတယ်။ ဒီပြိုင်ပွဲကို နှစ်စဉ်ဝင်ပြိုင်ပါတယ်။ အာရှက ကစားသမားတွေလည်း လာပြိုင်ကြမှာဆိုတော့ ကစားသမားတွေလည်း အတွေ့အကြုံတွေရပါမယ်"ဟု ၎င်းကပြောဆိုသည်။

မြန်မာနိုင်ငံအနေနှင့် တာဝေးအမျိုးအစားပြိုင်ပွဲကို အဓိကထား ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦး၊ အုပ်ချုပ်သူတစ်ဦး သွားရောက်မည်ဟု ယင်းအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

အမျိုးသား မီတာ ၅၀၀၀ နှင့် မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ဆန်းနိုင်၊ အမျိုးသား ၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲတွင် ပြည့်ဖြိုးထွန်း၊ အမျိုးသမီး ၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲတွင် သီသီအောင်၊ အမျိုးသမီးမီတာ ၅၀၀၀၊ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ယဉ်မင်းအေး၊ အမျိုးသမီး မီတာ ၈၀၀ နှင့် ၁၅၀၀ အပြေးပြိုင်ပွဲတွင် အေးအေးအောင်တို့ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့အနေနှင့် မေလအတွင်း ကျင်းပမည့် ထိုင်းအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲကိုလည်း ယှဉ်ပြိုင်ရန် ရှိနေသေးသည်။ ■ J-04

# စပွန်ဆာကြေး ပေါင် ၄၅ သန်းရရှိမည့်စာချုပ်ကို ပူးမားနှင့်ချုပ်ဆိုရန် မန်စီးတီး စီစဉ်




**မန်ချက်စတာ၊ မတ် ၁၅**

မန်စီးတီးအသင်းသည် ပူးမားအားကစား အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေးလုပ်ငန်းစုနှင့် ဝတ်စုံစပွန်ဆာစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ စတင်နေပြီဖြစ်ပြီး ယင်းစာချုပ် အထမြောက် အကောင်အထည်ပေါ်လာခဲ့မည်ဆိုပါက မန်စီးတီးမှာ တစ်နှစ်စပွန်ဆာကြေး ပမာဏ ပေါင် ၄၅ သန်း ရရှိဖွယ်ရှိကြောင်း Daily Star က ဖော်ပြထားသည်။

မန်စီးတီးနှင့် နိုက်ကီအားကစားအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေးလုပ်ငန်းစုအကြားတွင် ချုပ်ဆိုထားသော လက်ရှိစပွန်ဆာစာချုပ်သည် များမကြာမီကာလတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ကာ ယခုစာချုပ်အရ မန်စီးတီးမှာ တစ်နှစ်စပွန်ဆာကြေးအဖြစ် ပေါင် ၁၈ သန်းသာ အကျိုးခံစားခွင့်ရလျက်ရှိသည်။

ပူးမားသည် လက်ရှိအချိန်တွင် အာဆင်နယ်အသင်းနှင့် ဝတ်စုံစပွန်ဆာစာချုပ်ချုပ်ဆိုထားပြီး ယင်းစာချုပ်ကို လက်လွှတ်ရရန် နီးစပ်လာသည့်အတွက် ပူးမားက မန်စီးတီး၏ဝတ်စုံစပွန်ဆာအဖြစ် ရပ်တည်ရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

ပူးမားနှင့်အပြိုင် Under Armour အားကစားအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေးလုပ်ငန်းစုသည်လည်း မန်စီးတီးနှင့် ဝတ်စုံစပွန်ဆာစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းလျက်ရှိပြီး နည်းပြဂွါဒီယိုလာ၏လက်အောက်တွင် အသင်းတိုးတက်အောင်မြင်လာခြင်းများက မန်စီးတီးကို ယခုကဲ့သို့ ထိပ်တန်းအဆင့် စပွန်ဆာကြေးများ ရရှိစေရန် လမ်းပွင့်လာခဲ့ပြီဖြစ်သည်။

ပူးမားသည် မန်စီးတီးအသင်းမှာ အနာဂတ်အတွက် အလားအလာကောင်းများကို ပိုင်ဆိုင်ထားသည့်အတွက် ယခုကဲ့သို့ တန်ကြေးမြင့် စပွန်ဆာစာချုပ်တစ်ရပ် ကြံရွယ်လိုက်ခြင်းဖြစ်သည်ဟု ရှင်းပြထားပြီး လက်ရှိတွေ့ဆုံဆွေးနွေးမှုအဆင့်များတွင်လည်း အပြုသဘောဆောင်သော တိုးတက်မှုများကို ရထားကြောင်း နှစ်ဦးနှစ်ဖက်လုံးက သတင်းထုတ်ပြန်ထားသည်။ ■ E-11

# ရီးရဲလ်မက်ဒရစ် ကွင်းလယ်လူဟောင်း အလွန်ဆို ထောင်ဒဏ် ရှစ်နှစ် ကျခံရဖွယ်ရှိ

**မက်ဒရစ်၊ မတ် ၁၅**

လီဗာပူး၊ ရီးရဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့ကို ကိုယ်စားပြု၍ ကစားသမားဘဝဖြတ်သန်းခဲ့သော အလွန်ဆိုသည် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း အခွန်တိမ်းရှောင်ခဲ့ကြောင်း ပြစ်မှုထင်ရှားခဲ့ပါက ထောင်ဒဏ်ရှစ်နှစ်ခန့် ကျခံရဖွယ်အခြေအနေ ရှိနေပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

အလွန်ဆိုသည် ၂၀၁၅ ခုနှစ်ဝန်းကျင်က ပုံရိပ်မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ရရှိသော ဝင်ငွေများအားလုံးအတွက် အခွန်ဆောင်ရန်ပျက်ကွက်ခဲ့သည်ဟု စွပ်စွဲခံထားရပြီး အလွန်ဆိုမှာ ပေါ်တူဂီနိုင်ငံ မာဒိုင်ရာကျွန်းတွင် အခြေစိုက်သော ကုမ္ပဏီတစ်ခုထံသို့ ၎င်းရရှိသည့်ငွေများကို လွှဲပြောင်း၍ အခွန်တိမ်းရှောင်ခဲ့ခြင်းဖြစ်သည်ဟု စပိန်အစိုးရရှေ့နေများက စွပ်စွဲထားသည်။

အလွန်ဆိုသည် ယခုကဲ့သို့သော စွပ်စွဲချက်ကို လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်ကလည်း ရင်ဆိုင်ခဲ့ရဖူးပြီး ယင်းအချိန်က သက်သေအထောက်အထား ခိုင်လုံခြင်းမရှိသည့်အတွက် အဆုံးသတ်တွင် အစိုးရရှေ့နေများဘက်က အမှုကို ပြန်လည်ပိတ်သိမ်းပေးသွားခဲ့ရသည်။

စပိန်အစိုးရရှေ့နေများသည် လွန်ခဲ့သည့်ဇန်နဝါရီလ၌ သက်သေအထောက်အထားအသစ်များ ပြန်လည်ရှာဖွေရရှိခဲ့သည့်အတွက် အလွန်ဆိုကို ပြန်လည်အမှုဖွင့်လိုက်ခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်သည်ဟု သတ်မှတ်ခံရပါက အလွန်ဆိုမှာ ထောင်ဒဏ်အပြင် ဒဏ်ကြေးငွေပမာဏ ပေါင်ရှစ်သန်းပါ ပေးဆောင်ရနိုင်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ■ E-11



AP

# အဖြစ်အပျက်များအားလုံးအတွက် ဖြေရှင်းချက်ပေးရန် ဘာစီလိုနာကို ချယ်လ်ဆီး တောင်းဆိုမည်

**လန်ဒန်၊ မတ် ၁၅**

ချယ်လ် ဆီးအသင်းတာဝန်ရှိသူများသည် ဘာစီလိုနာနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းကိစ္စများအားလုံးကို ကျေနပ်လောက်ဖွယ် ဖြေရှင်းချက်ပေးရန် ဘာစီလိုနာထံသို့ အကြောင်းကြားစာပေးပို့ တောင်းဆိုသွားမည်ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

ဘာစီလိုနာက ချယ်လ်ဆီးကို သုံးဂိုးဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သော ယင်းချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ပွဲမစတင်မီ၌ ဘာစီလိုနာအသင်းပိုင် နျူးကမ့်ဘောလုံးကွင်းအပြင်ဘက်တွင် တာဝန်ကျ လုံခြုံရေး ရဲဝန်ထမ်းများနှင့် ချယ်လ်ဆီးပရိသတ်များအကြားတွင် အချေအတင်ဖြစ်ခဲ့ပြီး ယင်းဖြစ်စဉ်တွင် ရဲဝန်ထမ်းများက ချယ်လ်ဆီးပရိသတ်များကို နံပါတ်တုတ်များဖြင့် ရိုက်နှက်ကာ အတင်းအကြမ်း လူစုခွဲခဲ့သည့် လုပ်ရပ်ကို ချယ်လ်ဆီးအသင်းတာဝန်ရှိသူများက ဒေါသပေါက်ကွဲနေကြသည်။

ရဲဝန်ထမ်းများက ချယ်လ်ဆီးပရိသတ်များကို နံပါတ်တုတ်များဖြင့် ရိုက်နှက်ခဲ့သည့်ဖြစ်စဉ်ကို မှတ်တမ်းတင်ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်များသည် အင်တာနက်စာမျက်နှာများတွင် ပျံ့နှံ့နေပြီဖြစ်ပြီး ယင်းဖြစ်စဉ်၌ ရဲဝန်ထမ်းများက ငရုတ်ကောင်းဆေးရည်များဖြင့် မျက်နှာများကို ပက်ဖျန်း၍ လူစုခွဲသည်များလည်း ရှိခဲ့သည်ဟု ချယ်လ်ဆီးပရိသတ်တစ်ဦးက ပြောကြားထားသည်။

ဘာစီလိုနာရဲဝန်ထမ်းများသည် ပွဲအပြီးတွင် ချယ်လ်ဆီးပရိသတ်များကို လုံခြုံရေးအကြောင်းပြချက်ဖြင့် ဟောင်းနွမ်းအိုမင်းသော ကုန်းကျော်တံတားပျက်တစ်ခုရှိရာနေရာမှနေ၍ ပြန်စေခဲ့ပြီး ပေ ၂၀ ခန့်မြင့်သော ယင်းကုန်းကျော်တံတားမှာ ပြန်လည်ပြုပြင်ဆဲဖြစ်သဖြင့် စိတ်ချရသည့်အခြေအနေမျိုး မဟုတ်ခဲ့ကြောင်း၊ လူအများဖြတ်သန်းနေစဉ်တွင် တံတားမှာ ယိမ်းယိုင်နေခဲ့ကြောင်း ချယ်လ်ဆီးပရိသတ်တစ်ဦးက အသိပေးသွားခဲ့သည်။ ■ E-11



Daily Star

# မော်ရင်ညိုမှာ ၎င်းတို့မျှော်မှန်းထားသည့် စံနှုန်းများနှင့် လုံးဝလွဲချော်နေကြောင်း မန်ယူအကြီးတန်းအရာရှိများ အသိပေး

**မန်ချက်စတာ၊ မတ် ၁၅**

မန်ယူအကြီးတန်းအရာရှိများသည် နည်းပြမော်ရင်ညိုမှာ ၎င်းတို့မျှော်မှန်းထားသည့်စံနှုန်းများနှင့် လုံးဝလွဲချော်နေကြောင်း ဖွင့်ဟပြောကြားလိုက်ပြီဖြစ်ပြီး ယင်းအတွက် မန်ယူနည်းပြအဖြစ် မော်ရင်ညို ကာလရှည်ကြာ ရှိနိုင်၊ မရှိနိုင်ဟူသည်မှာ သံသယဖြစ်ဖွယ် အခြေအနေတစ်ရပ်ဖြစ်လာခဲ့ပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

မန်ယူအသင်း အမှုဆောင်အရာရှိချုပ် အက်ဒ်ဝုဒ်ဝါးဒ်သည် မော်ရင်ညိုကို ယခုအချိန်တိုင်သည်အထိ ထောက်ခံထားဆဲဖြစ်သော်လည်း ဒါရိုက်တာဘုတ်အဖွဲ့အတွင်းတွင်မူ အမြင်ကွဲလွဲမှုများ ရှိနေပြီဖြစ်ကာ မော်ရင်ညို၏လက်ထက်တွင် မန်ယူ၏ကောင်းမွေများအားလုံး ပျောက်ဆုံးသွားခဲ့ရပြီဟု ဒါရိုက်တာဘုတ်အဖွဲ့ဝင်အချို့က ပြစ်တင်ဝေဖန်မှုများ ရှိနေပြီလည်းဖြစ်သည်။

မန်ယူအသင်းတာဝန်ရှိသူများသည် မော်ရင်ညိုကို အသင်းပုံဖော်ရန်အတွက် အပြောင်းအရွှေ့အသုံးစရိတ် ပေါင် ၃၀၀ ကျော် ထုတ်ပေးခဲ့ပြီးဖြစ်ကာ အသင်းအားပေးသူပရိသတ်များက အသင်းကစားဟန်ကို စိတ်ပျက်လာသည့်အချက်မှာ လွန်စွာ စိုးရိမ်ဖွယ်ကောင်းကြောင်း မန်ယူအသင်းဒါရိုက်တာများက ဖွင့်ဟဝန်ခံထားပြီဖြစ်သည်။

မန်ယူဒါရိုက်တာဘုတ်အဖွဲ့သည် နည်းပြဖာဂူဆန်လက်ထက်တွင် အသင်းပိုင်ဆိုင်ခဲ့သော အစဉ်အလာကောင်းများကို နည်းပြမော်ရင်ညိုက ပြန်လည်ရှာဖွေရယူပေးနိုင်လိမ့်မည် ဟူသောမျှော်လင့်ချက်ဖြင့် ၎င်းကို ခေါ်ယူခဲ့ခြင်းဖြစ်ကာ ဆီဗီလာက မန်ယူကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သော ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ပွဲစဉ်အပြီးတွင် မန်ယူပရိသတ်များက မော်ရင်ညိုကို ရာထူးထုတ်ပယ်လိုက်ရန် ဝိုင်းဝန်းတောင်းဆိုနေကြပြီဖြစ်သည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် အမည်မဖော်လိုသော မန်ယူအကြီးတန်းအရာရှိတစ်ဦးက "နည်းပြမော်ရင်ညိုကို မျှော်လင့်ချက်ကြီးကြီး ထားပြီး ကျွန်တော်တို့ အလုပ်ခန့်ခဲ့တာပါ။ ဒါပေမဲ့ အခုအချိန်မှာ အသင်းက တိုးတက်မှုထက် ဆုတ်ယုတ်မှုတွေ ပိုများလာတယ်လို့ ယူဆချင်စရာ အကြောင်းတရားတွေ ရှိနေပါပြီ။ အသင်းအားပေးသူပရိသတ်တွေက အသင်းကစားဟန်ကို မုန်းတီးရွံရှာနေပါပြီ။ ဒါဟာ ကောင်းမွန်တဲ့လက္ခဏာတစ်ရပ် မဟုတ်ပါဘူး"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# အသင်းပိုင်ရှင်က ဘောလုံးကွင်းအတွင်းသို့ သေနတ်ကိုင်ကာ ဝင်ရောက်ခြင်းကြောင့် ပီအေအိုကေအသင်း တန်းဆင်းရနိုင်

**အေသင်၊ မတ် ၁၅**

ဂရိကလပ် ပီအေအိုကေအသင်းသည် ၎င်းတို့အသင်းပိုင်ရှင် အိုင်ဗန်ဆပ်ဗ်ဗီဒစ်က ဘောလုံးကွင်းအတွင်းသို့ သေနတ်ကိုင်ကာ ဝင်ရောက်သောင်းကျန်းခဲ့ခြင်းကြောင့် တန်းဆင်းသည့်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေပြီဖြစ်ကြောင်း The Morror က ဖော်ပြထားသည်။



Getty Images

ဆပ်ဗ်ဗီဒစ်သည် ပီအေအိုကေနှင့် အေအီးကေအေသင်တို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေကျခဲ့သည့် ဂရိအဆင့်မြင့်တန်း အမှတ်ပေးပွဲစဉ်တွင် ဒိုင်လူကြီးဖြစ်သူ၏ဆုံးဖြတ်ချက်ကို မကျေနပ်သည့်အတွက် ဘောလုံးကွင်းအတွင်းသို့ သေနတ်ကိုင်ဆောင်ကာ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဂရိဘောလုံးအဖွဲ့ချုပ်က ဆပ်ဗ်ဗီဒစ်နှင့် ပီအေအိုကေအသင်းတို့ကို ပုဒ်မ ၁၉ ဖြင့် စစ်ဆေးမှုများ ဆောင်ရွက်နေပြီဖြစ်သည်။

ဂရိဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ပြဋ္ဌာန်းထားသော ပုဒ်မ ၁၉ တွင် အသင်းတစ်သင်းနှင့်သက်ဆိုင်သူ တစ်စုံတစ်ဦးက ပွဲကြီးကြပ်သူ ဒိုင်လူကြီးများကို ခြိမ်းခြောက် စော်ကားခဲ့မည်ဆိုပါက ယင်းအသင်းကို တန်းဆင်းပြစ်ဒဏ်ချမှတ်သည်အထိ အရေးယူနိုင်ကြောင်း အတိအလင်း ဖော်ပြထားပြီး ဆပ်ဗ်ဗီဒစ်ကမူ ၎င်းကျူးလွန်ခဲ့သောပြစ်မှုကြောင့် ဘောလုံးလောကနှင့်ပတ်သက်ခွင့် သုံးနှစ်မှ ငါးနှစ်အကြား ပိတ်ပင်ခံရနိုင်ကြောင်း ဆက်စပ်သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ဆပ်ဗ်ဗီဒစ်သည် ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ပီအေအိုကေကစားသမား ဗာလီရာ သွင်းယူသည့်ဂိုးကို ဒိုင်လူကြီးက လူကျွံဘောသတ်မှတ်၍ ပယ်ဖျက်ပစ်လိုက်သည်ကို ဒေါသပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဒိုင်လူကြီး၏ဆုံးဖြတ်ချက်အမှားကြောင့် ၎င်းတို့အနေနှင့် လွန်စွာနစ်နာခဲ့ရသည်ဟုလည်း ပွဲအပြီးတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာ၌ ဆပ်ဗ်ဗီဒစ်က ပြောကြားသွားခဲ့သည်။

ဆပ်ဗ်ဗီဒစ်သည် ဘောလုံးကွင်းအတွင်းသို့ နှစ်ကြိမ်တိုင်ဝင်ရောက်၍ ကွင်းလယ်ဒိုင်လူကြီး ကိုမီနစ်ကို အန္တရာယ်ပြုရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး ဂရိသတင်းမီဒီယာများကမူ ဆပ်ဗ်ဗီဒစ်မှာ ပြိုင်ဘက်ကလပ် အေအီးကေအေသင်အသင်းပိုင်ရှင် ဒီမီထရိုင်အာဒစ်ကိုလည်း ကိုယ်ထိလက်ရောက် ရန်ပြုမှုများရှိခဲ့သည်ဟု စွပ်စွဲထားကြသည်။

ဆပ်ဗ်ဗီဒစ်သည် လက်ရှိတွင် ရုရှားနိုင်ငံ၏အချမ်းသာဆုံးသောပုဂ္ဂိုလ်အဖြစ် ရပ်တည်နေသူဖြစ်ပြီး ၎င်းနှင့် သမ္မတပူတင်အကြားတွင် လွန်စွာရင်းနှီးသော ဆက်ဆံရေးတစ်ရပ်ရှိထားခြင်းကြောင့် ဆက်ဗ်ဗီဒစ်က ဘောလုံးကွင်းအတွင်းသို့ဝင်ရောက်၍ ယခုကဲ့သို့ ရဲတင်းစွာပြုမူရခြင်းဖြစ်လိမ့်မည်ဟု သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။ ■ E-11

FOREIGN AFFAIRS

# စတီဖင်ဟော့ကင်း၏ ပြီးစီးအောင်မြင်မှုများကို ကမ္ဘာတစ်လွှားမှသိပ္ပံပညာရှင်များ ချီးကျူး

**လန်ဒန်၊ မတ် ၁၅**

ဗြိတိသျှသိပ္ပံပညာရှင် စတီဖင်ဟော့ကင်း ကွယ်လွန်မှုကြောင့် ကမ္ဘာတစ်လွှားမှ သိပ္ပံပညာရှင်များ ဝမ်းနည်းကြေကွဲလျက်ရှိကြပြီး ပြင်းထန်သော ရောဂါဝေဒနာကို ခံစားခဲ့ရသည့်တိုင်အောင် စကြဝဠာ၏ လျှို့ဝှက်ချက်အချို့ကို ဖော်ထုတ်နိုင်ခဲ့သူ ဟော့ကင်းကို ဝိုင်းဝန်းချီးကျူးခဲ့ကြသည်ဟု Xinhua သတင်းတွင် ဖော်ပြထားသည်။

အမေရိကန် အာကာသအေဂျင်စီ NASAကလည်း ဟော့ကင်းသည် ထင်ရှားသော ရူပဗေဒပညာရှင်နှင့် သိပ္ပံပညာ၏ သံတမန်ဖြစ်ပြီး ၎င်း၏သီအိုရီများက အားလုံးလေ့လာနေသော စကြဝဠာ၏ ဖြစ်နိုင်ခြေများကို ဖွင့်ဟပြခဲ့သည်ဟု ချီးကျူးလိုက်သည်။

ဥရောပအာကာသအေဂျင်စီကလည်း စတီဖင်ဟော့ကင်းသည် ကျွန်ုပ်တို့၏ အိပ်မက်များ အကန့်အသတ်မရှိကြောင်းကို ပြသခဲ့သည်ဟု ချီးမွမ်းပြောကြားသည်။

လန်ဒန်ကင်းကောလိပ်မှ အာရုံကြောဗေဒ သိပ္ပံပညာရှင် ခရစ်စတိုဖာရှောက ဟော့ကင်းသည် သိပ္ပံပညာတွင် ထူးကဲစွာ လုပ်ဆောင်မှုနှင့် ရောဂါဝေဒနာ ခံစားနေရသည့်ကြားမှ ရှင်သန်နေထိုင်မှု နှစ်မျိုးစလုံးမှ ဝေးရာသို့ ထွက်ခွာသွားပြီဟု ပြောကြားသွားသည်။








ဗြိတိန်တော်ဝင် အသိုင်းအဝိုင်းနာယက ဗင်ကီရာမာခရစ်ရှုနန်က "စတီဖင်ဟော့ကင်းဟာ ဒီနေ့ခေတ်ရဲ့ ဩဇာအကြီးဆုံး သိပ္ပံပညာရှင် ဖြစ်လာတဲ့အထိ စိန်ခေါ်မှုတွေကို ကျော်လွှားခဲ့ပါတယ်။ သူ့ဘဝက လူသားတွေရဲ့ စိတ်ကူးမှုနဲ့ ဖန်တီးမှု အင်အားအတွက် နမူနာတစ်ခုပါပဲ" ဟု ပြောကြားသည်။

ကင်းဘရစ်တက္ကသိုလ်မှ နက္ခတ္တဗေဒပညာရှင် မာတင်ရီးစ်က "စတီဖင်ဟော့ကင်းဟာ အကြီးစား ကော့စမိုနဲ့ အသေးစား ကွမ်တန် သီအိုရီအကြား ဆက်နွယ်မှုအသစ်တွေကို ရှာဖွေတွေ့ရှိခဲ့ပြီး စကြဝဠာရဲ့ တကယ့်အစကို နက်နက်ရှိုင်းရှိုင်း ရှာတွေ့ခဲ့သူဖြစ်ပါတယ်" ဟု ပြောကြားသည်။

စကြဝဠာအတွင်းရှိ တွင်းနက်ကြီးများသည် လုံးဝမည်းမှောင်နေခြင်းမဟုတ်ဘဲ ရောင်ခြည်ဖြာထုတ်မှုရှိပြီး ရေဖန်ခွက်ထဲသို့ ထည့်လိုက်သည့် အက်စပရင်ဆေးပြားကဲ့သို့ ဖြည်းညင်းစွာ ပျော်ဝင်လွင့်ပြယ်သွားကြသည်ဟု ဟော့ကင်းက ဖော်ထုတ်တင်ပြခဲ့သည်။

ထိုအကြောင်းအရာကို ဟော့ကင်းတွေ့ရှိပြီးနောက် နှစ်ပေါင်းလေးဆယ်ကြာသည်အထိ စိတ်ဝင်တစား ငြင်းခုံဆွေးနွေးနေကြဆဲဖြစ်သည်ဟု ဩစတြေးလျ နက္ခတ္တဗေဒပညာရှင် လီဆာဟာဗေးစမစ်က ပြောကြားသည်။

အမေရိကန် ရူပဗေဒပညာရှင် မီချီယိုကာကူးက စတီဖင်ဟော့ကင်းသည် သိပ္ပံပညာ၏ ငွေကြယ်ပွင့် ရှေ့ခံစတားဖြစ်သည်ဟု ခေါ်ဝေါ်လိုက်သည်။

Microsoft စီအီးအို ဆက်ယာနာဒယ်လာက "အခက်အခဲတွေ ရင်ဆိုင်နေရတဲ့ကြားက စကြဝဠာကို နားလည်နိုင်ဖို့ ထူးထူးကဲကဲ ဖော်ထုတ်တွေ့ရှိခဲ့သူ မဟာလူသားတစ်ဦးကို ဒီနေ့ ဆုံးရှုံးလိုက်ရပြီ" ဟု ပြောကြားသည်။ ■ **F-04**

## ALSO IN NEWS



### လူမျက်နှာနဲ့တူတဲ့ခွေးကြောင့် အုတ်အော်သောင်းတင်းဖြစ်

ခွေးလေးတစ်ကောင်ရဲ့ မျက်နှာဟာ လူမျက်နှာနဲ့ တော်တော်လေးဆင်တူနေတာကြောင့် အင်တာနက်မှာ လူကြည့်များနေကြပါတယ်။ ယိုဂီလို့နာမည်ပေးထားတဲ့ ခွေးလေးရဲ့မျက်လုံးနဲ့ မေးရိုးပုံစံက လူနဲ့အတော်တူနေပါတယ်။

"ဘာဖြစ်လို့ ခွေးက လူနဲ့တူနေရတာလဲ၊ ကြည့်ရင်းနဲ့တောင် ကြောက်လာတယ်" လို့ လူမှုကွန်ရက်မီဒီယာ အသုံးပြုသူတစ်ဦးက မှတ်ချက်ပေးထားပါတယ်။ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြတဲ့ ဂျိတ်ဂီလန်ဟား၊ တိုဘီမက်ဂွိုင်းယား စသူတို့ရဲ့မျက်နှာတို့နဲ့ နှိုင်းယှဉ်ပြထားတဲ့ ပုံတွေလည်း ထွက်ပေါ်လာပါတယ်။ ကစားမက်ပြီးတော့ တစ်ခါတစ်ခါ မျက်တောင်လည်း ခတ်သလို လုပ်တယ်လို့ ခွေးကလေးရဲ့ပိုင်ရှင်က ပြောပါတယ်။

"အတော်အဆော့မက်တဲ့ ခွေးကလေးပါ။ အမြဲတမ်း ဘောလုံးကိုတောင်းပြီး ဗိုက်ကိုလည်း မကြာခဏ လာပွတ်ခိုင်းတတ်ပါတယ်" လို့ ပိုင်ရှင်ဖြစ်သူက ဆိုပါတယ်။ ■ **F-02**



### ပင်လယ်နီထဲမှာရေကူးရင်း ကလေးမွေးသွားတဲ့ အမျိုးသမီး

အီဂျစ်နိုင်ငံ ဒါဟက်အပန်းဖြေမြို့က ပင်လယ်ကမ်းခြေစခန်း ပင်လယ်နီထဲမှာ အမျိုးသမီးတစ်ဦးဟာ ရေကူးရင်း ကလေးမီးဖွားခဲ့ပါတယ်။ ပင်လယ်ထဲကနေ ကလေးကိုယူလာတဲ့ဓာတ်ပုံတွေ ရခဲ့ပါတယ်။ ဓာတ်ပုံဆရာ မိုဟာမက်အယ်ဆိတ်ဟာ သူ့ဟိုတယ်ရဲ့ ဝရန်တာကနေ ထိုဓာတ်ပုံတွေကို ရိုက်ခဲ့တာဖြစ်ပါတယ်။ ရုရှားခရီးသွားဧည့်သည်အမျိုးသမီးဟာ ပင်လယ်နီထဲမှာ ကလေးမွေးချင်လို့ကို တမင်ရေလာကူးတာလို့ Daily Mail သတင်းက ရေးသားထားပါတယ်။ ကလေးကို သယ်လာသူတွေထဲက အမျိုးသားတစ်ဦးဟာ ဆရာဝန်ဖြစ်ပြီးတော့ ရေထဲမှာ ကလေးမွေးပေးတာကို ကျွမ်းကျင်သူဖြစ်တယ်လို့ ဆိုပါတယ်။ ကလေးမမွေးခင်မှာ အမျိုးသမီးက ရေကူးနေပြီး ဆရာဝန်နဲ့ သူမရဲ့ အမျိုးသားကလည်း ဘေးမှာရှိတာကြောင့် တမင်စီစဉ်တယ်လို့ ဓာတ်ပုံဆရာကလည်း ယူဆပါတယ်။ ■ **F-02**